www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၂၁၆၀၃၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၄၂၀၀၅၀၇ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၇–ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/ |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ |
| | | ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးမြတ်နိုး (မြဲ – ၀၈၁၁၉) |
| | | မြင့်မြတ်သူအော့ဖ်ဆက် |
| | | အမှတ် (၁/၇)၊ ၅ ရပ်ကွက် |
| | | ပုဇွန်တောင်မြို့နယ်။ |




သူမတို့ နှစ်ယောက်ဟာ...

တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတယ်တဲ့...

သူမက (တာရို) တဲ့ဗေဒင်ပညာကို တစ်စိုက်မတ်မတ် လိုက်စားပြီး ယုံကြည်သလို သူမ သူငယ်ချင်းကလည်း သူမ ဟောချက်တွေကို ယုံကြည်ခဲ့တာပါပဲ။

ဒါပေမယ့် လူတစ်ယောက်နဲ့ ပတ်သက်တဲ့အခါမှာတော့ သူမဟာ သူမ သူငယ်ချင်း ဆွဲထုတ်လိုက်တဲ့ ကတ်ပြား တစ်ချပ်ပေါ်က...

သကော်တ ဖြစ်နေခဲ့တယ်...

အဲဒီသကော်တက...

**"ဗွေးမယ်ရော်"**



www.burmeseclassic.com

www.burmeseclassic.com



## "The Fool" (အရူး)

### အခန်း (၁)

သူမ နာမည်က ဒွေးမယ်နော်...။

ဒွေးမယ်နော် ဆိုတဲ့ နာမည်လေးကို သက်ငြိမ် အစ,က မသိခဲ့။ အတန်းထဲတွင် အမြဲတစေ သူမ နားမှာ ကျောင်းသူတွေ တစ်စုစုနဲ့ ဖြစ်နေတတ်တာကိုတော့ သတိထားမိခဲ့ပါသည်။ သူမက အခမဲ့ ဗေဒင်ဆရာမဟု ပြောသံတော့ ကြားရသည်။ သက်ငြိမ် သတိထားမိတာ သူမ ပုံစံနှင့် သူမ အလုပ်က တခြားစီ ဖြစ်နေတာကိုပါ။

သူမ၏ဆံပင်များသည် ခပ်ဖြောင့်ဖြောင့်ကလေးတွေ ဖြစ်ကာ ခါးထိရှည်သည်။ နဖူးပေါ်ရှိ အတိ ညှပ်ထားသော ဆံပင်များပေါ်တွင် ဘီးကုပ်ရောင်စုံကလေးများကို တစ်နေ့





တစ်မျိုး တွေ့ရသည်။ ဆံပင်များက ဖြောင့်ထားတာမဟုတ်ဘဲ ခပ်ဖွဖွကလေး ဖြစ်နေကာ အပေါ်ယံ ဆံပင်သား လေးငါး ကြောင်းလောက်ကို အရောင်ချတ်ထားသလား၊ တင်ထားလား မသိသော ပြောင်းဖူးမွေးရောင်များ ရှိသည်။ အသားက ဖါဝင်းပြီး စိုသည်။ မျက်နှာက အခြယ်အသ သိပ်မရှိချေ။

သို့ရာတွင် သူမကို လာရစ်သည့် လူကတော့ များသည်။ တစ်နေ့ ကားတစ်စီး ပြောင်းစီးနိုင်သော သူမသည် အလွန်ချမ်းသာမှန်း ဝတ်ထားသော အပြင်အဆင်ကို ကြည့်၍ သိနိုင်ပါသည်။

သို့သော် သူမမျက်နှာက မာနကြီးတာ မဟုတ်ဘဲ ခပ်တည်တည် မျက်နှာထားမျိုး ဖြစ်နေတတ်သည်။ သူမနားတွင် ကပ်အုံနေသူများကို တဲရော့ဒ်ဗေဒင် ဟောပေးခြင်းဖြင့် သူမ သည် သက်ငြိမ်တို့ကျောင်း၏ ထင်ရှားသူများ စာရင်းတွင် တစ်ယောက် အပါအဝင် ဖြစ်လာသည်။

"ဒွေးမယ်နော်က ဘယ်လိုလေးမှန်း မသိပါဘူးကွာ၊ ဒါ မနေ့က သူ့ဆီကို ပိုက်ဆံကောက်ဖို့ ဖုန်းဆက်တာ ငါ့ကို ထူးထူးဆန်းဆန်းတွေ ပြောတယ်"

EC က သက်ငြိမ် သူငယ်ချင်း အရင်းခေါက်ခေါက်ဖြစ်သူ ထူးချွန်။ နာမည်ကသာ ထူးချွန်တာမဟုတ်။ လူကလည်း ထူးချွန်သည်။ စာမှာတော့မဟုတ်။ ဘောလုံးပွဲ ကြည့်ရာမှာ ဖြစ်သည်။ ရှိရှိသမျှ Cup ပွဲအားလုံး သူသိသည်။ သက်ငြိမ်က

www.burmeseclassic.com



အဲဒီလောက်ထိတော့ အသည်းအသန်မလုပ်။ အိမ်က စတိုးဆိုင်ကူရောင်းရသေးသည်။ ထို့ကြောင့် ထူးချွန်လို အချိန်ပြည့်မအား။ အားသောထူးချွန်က အတန်းကိစ္စတွေ တာဝန်ယူရင်း EC (အတန်းခေါင်းဆောင်) ဖြစ်သွားသည်။

"ဘယ်သူ...ဒွေးမယ်နော်"

"အေးလေကွာ... ဟို တဲရော့ဒ် တစ်ထုပ်ကြီးကိုင်ပြီး ကျောင်းလာတဲ့ ကောင်မလေးလေ၊ ကားက တစ်နေ့တစ်မျိုးစီးတယ်ကွာ၊ ဆံပင်က ခပ်ဆန်းဆန်း ပုံစံလေ၊ မျက်နှာက သူငယ်တန်း ကျောင်းသူရုပ်နဲ့"

"ဪ... အဲဒါ ဒွေးမယ်နော်လား"

"ဟုတ်တယ်"

"ချစ်စရာလေးပဲ"

"ဒါပေမယ့် နည်းနည်းဂေါက်နေသလားလို့"

"ဘာဖြစ်လို့လဲ"

"ငါ့ကို အသံနားထောင်ပြီး ခဏနော်တဲ့၊ ခဏကြာတော့ ရှင် အခု ကိစ္စတစ်ခုကို ဦးစီးဦးဆောင်လုပ်နေတယ်၊ ပျော်ပွဲရွှင်ပွဲအတွက် ခရီးသွားဖို့ ကြံစည်နေတာ၊ ဒါပေမယ့် ရှင့်အကြံအစည်ပျက်မယ်၊ လူကြားထဲမှာ သိက္ခာကျမယ်၊ မိန်းမတစ်ယောက် ရှင့်ကို ဒုက္ခပေးမယ်၊ ရှင့်အိတ်ထဲက ငွေတွေအကြောင်းမဲ့ ကုန်သွားမယ်၊ ပြီးတော့ ရှင့်သွား တစ်ချောင်းကျိုးမယ်တဲ့"





သက်ငြိမ်မှာ ထူးချွန်ပြောတာ နားထောင်၍ ရယ်မိလေသည်။

"မင်းကို အခမဲ့ ဟောပေးလိုက်တာပေါ့"

"အေး... သူဟောတာတွေက တစ်ခုမှ မကောင်းပါဘူးကွာ၊ ပြီးတော့ အက်ဆီးဒင့်တစ်ခုကြုံမယ်၊ ကိုယ်အင်္ဂါတစ်ခုခုချွတ်ယွင်းသွားလိမ့်မယ်လို့ ပြောတယ်၊ ပြီးတော့မှ ရှင့်နာမည်ဘယ်သူလဲတဲ့၊ ငါက ထူးချွန်ပါဆိုတော့ ဘာကိစ္စလဲ၊ ဘာညာပေါ့ကွာ၊ ပိုက်ဆံထည့်ဖို့တော့မငြင်းပါဘူး၊ ဆရာကန်တော့ပွဲအတွက် တစ်သောင်းထည့်မယ် ပြောတာပဲ"

"အေးလေ... ပြီးတာပဲ"

"မပြီးဘူးကွ... ဒီနေ့မနက် ငါ့ကား ဝပ်ရှော့ရုံပို့ထားလို့ ငါ ဘတ်စ်နဲ့လာတာ လမ်းမှာ ပြဿနာဖြစ်တာပဲ"

"ဘာဖြစ်တာလဲ... အက်ဆီးဒင့်လား"

"မင်းနှယ်ကွာ... ပါးစပ်ပုပ်နဲ့၊ ဒီလိုကွ... ငါကကားမောင်းရင်သာ မဝိုက်တာ၊ ကားစီးရင် သိပ်ဝိုက်တာမင်း သိတယ်မို့လား"

"အေးလေ"

"မနက်က ငါ ကားစီးရင်း ဝိုက်လာတာ ငါ့ဘေးနားကကောင်မလေးတစ်ယောက် ပခုံးကို မှီပြီးမှ ဝိုက်လာတာကွ၊ကျောင်းနားရောက်ကာနီး တစ်မှတ်တိုင်မှာ သူဆင်းသွားတော့မှ ငါလည်း လန့်နိုးတော့တယ်၊ အဲဒါနဲ့ ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကာနီး ငါ့ပိုက်ဆံအိတ် သမ,သွားတာ ငါ မသိဘူး။ မုန့်ဟင်းခါးဆိုင်ထဲရောက်မှ စားပြီးမှ ပိုက်ဆံအိတ် ပျောက်မှန်းသိတာ၊ ဒွေးမယ်နော် ပြောတာ မှန်တယ်ကွ၊ ငါ့ကို မိန်းမတစ်ယောက် ဒုက္ခပေးမယ် ဆိုတာလေ၊ ငါ့ပိုက်ဆံအိတ်ကို အဲဒီကောင်မလေး သမသွားတာပဲဖြစ်ရမယ်၊ ပြီးတော့ မနက်က မုန့်ဟင်းခါးဆိုင်မှာ ငါစားထားတာ ငါးရာကျော် ကျတယ်၊ ငါ့မှာ ရှင်းဖို့ငွေမရှိတော့ သိက္ခာအကျခံပြီး မနည်း တောင်းပန်ရတယ်၊ ဒါတောင် နာရီ ခဏအပေါင်ထားခဲ့ရတယ်၊ ဒါ့ကြောင့် ဒွေးမယ်နော်က တဲရှောဒ်ဟောတာ မှန်တယ်လို့ နာမည်ကြီးတာ နေမှာ"

"တိုက်ဆိုင်တာပါကွာ... မင်းကလည်း အယူသီးပြန်ပြီ ဒီကောင်မလေးက လျှောက်ပြောနေတာ မင်းဘာသာမင်း ငိုက်လို့ ခံရတာ ခံပေါ့"

"မဟုတ်ဘူး။ ငါ့စိတ်ထဲမှာ ဒွေးမယ်နော်ကို ယုံနေတယ်၊ ငါစိုးရိမ်တာ ငါ့ကို အက်ဆီးဒင့်တစ်ခုဖြစ်မယ်လို့ သူဟောတာကိုပဲ၊ အဲဒါကြီးကို စိတ်စွဲနေတယ်ကွာ၊ ငါ့ကားကလည်း ဝပ်ရှော့ရိုပို့ထားတော့ ငါ့မှာ ကားလမ်းကူးတာတောင် သံဗုဒ္ဓေဆိုပြီး ကူးရတယ်၊ သံဗုဒ္ဓေကလည်း တစ်ဝက်ပဲရတယ်"

"မင်း အယူသီးမနေနဲ့ ထူးချွန်၊ အယူသီးနေရင် မင်းစိတ်ကစ ဖြစ်နိုင်းတဲ့အတိုင်း မဟုတ်တာရုတ်တွေ ဖြစ်လာလိမ့်မယ်၊ ကိုယ့်စိတ်ကို Relax လုပ်စမ်းပါ၊ ဗေဒင်ဆိုတာ တိုက်ဆိုင်မှု





တစ်ခုပါကွာ၊ လူတစ်ယောက် ဘယ်နေ့ ဘာဖြစ်မယ်ဆိုတာ ဘယ်သူက ကြိုသိနိုင်မှာလဲ၊ လူတွေမှာ ဘယ်နေ့သေရမယ်ဆိုတာ ကြိုသိရရင် ခုလို ပေါ့ပေါ့ပါးပါး နေနိုင်ပါဦးမလား၊ မသိလို့သာ ပျော်နေကြတာ၊ ပြီးတော့ ဒွေးမယ်နော်က ထွက်ရပ်ပေါက်နေတာလည်း မဟုတ်ဘူး၊ မင်းဘာသာ မင်းစိတ်စွဲနေတာ၊ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ပါသွားလဲ"

"တစ်သောင်း"

"တော်သေးတယ်၊ ဆရာကန်တော့ပွဲအတွက် ငွေတွေရော"

"အဲဒါက အိမ်မှာထားခဲ့တယ်"

"ပြီးတာပဲ"

"ဒွေးမယ်နော်က အသံကလည်း ချစ်စရာလေးကွ"

"လာပြန်ပြီ"

"ဟုတ်တယ်၊ သူ့ပုံစံက တည်နေတာ၊ သူကြည့်ရတာ တကယ် နားလည်တဲ့ပုံ ပေါက်နေတာ"

"ဘာကိုလဲ"

"တဲရှောဒ်ကိုလေ၊ အဲဒါ မယုံလို့မရဘူးကွ၊ သေးထွက်အောင် မှန်တဲ့အခါဆို မင်း ဦးတောင် ထိုင်ချဦးမယ် သက်ငြိမ်း"

"မင်းက ဒွေးမယ်နော်ကို ညွှန်းတာလား၊ တဲရှောဒ်ကို ညွှန်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒွေးမယ်နော်ကို စိတ်ဝင်စားတယ်"

"အဆန်းပါလား"

တကယ်ဆန်းပါသည်။ ထူးချွန်သည် ဘယ်တုန်းကမှ မိန်းမကို စိတ်မဝင်စားခဲ့။ ဘောလုံးပွဲနှင့်သာ အချိန်ကုန်နေတတ်သည်။ တကယ်တော့ ထူးချွန် စိတ်ဝင်စားမယ်ဆိုလည်း ဒွေးမယ်နော်က စိတ်ဝင်စားစရာ ကောင်းပါသည်။

ဝတ်ပုံ စားပုံကလေးကအစ ချစ်စရာကလေး။

"ဒွေးမယ်နော်က သိပ်ချမ်းသာတယ်၊ သူ့အဖေက အိမ်တွေ ပတ်ကားလိုက်ပြင်ပြီး နိုင်ငံခြားသားတွေကိုရောင်းတာ၊ ရန်ကုန်မြို့မှာ ဒွေးမယ်နော်အဖေ ပိုင်တဲ့အိမ်ချည်း ဆယ့်ငါးလုံးလောက်ရှိတယ်၊ ပြီးတော့ ဒွေးမယ်နော်က တစ်ဦးတည်းသောသမီး"

"ဒါကြောင့် ထူးနေတာ နေမှာပေါ့"

"ဘာဆိုင်လို့လဲ"

"အဲသလို သူ့မိဘတွေက တစ်ယောက်တည်း မွေးထားတော့ သူက အရမ်းပျင်းပြီး အထီးကျန်တာနဲ့ ဒီလို ဂမ္ဘီရ ဆန်ဆန်တွေ စိတ်ဝင်စားတာ နေမှာ"

"သက်ငြိမ်"

"ဟေ..."

"ငါ့ကိုယ်ခန္ဓာမှာ တစ်ခုခု ချွတ်ယွင်းသွားမယ် ဆိုတာကြီးက သေချာစဉ်းစားကြည့်ရင် သတိပေးတာနဲ့ တူတယ်ကွ"



"ဘာကို သတိပေးတာလဲ"

"မင်း စဉ်းစားကြည့်ကွာ၊ ငါတို့လူတွေဟာ ကိုယ်ခန္ဓာမှာ ဘယ်ကိုယ်အင်္ဂါ အစိတ်အပိုင်းက အရေးကြီးဆုံးလဲဆိုတာ တစ်ခါမှ မတွေးကြဘူး။ ဘာလို့လဲဆိုတော့ ကိုယ်အင်္ဂါ အစိတ်အပိုင်း အကုန်လုံးက လူတစ်ယောက်အတွက် အရေးကြီးနေလို့ပဲ၊ ဒါပေမယ့် ကိုယ်ခန္ဓာက တစ်ခုခုကို စွန့်ပစ်ရမှ ဖြစ်မယ်ဆိုရင် ဘယ်ဟာကို မင်း စွန့်လွှတ်နိုင်မလဲ"

ထူးချွန်၏ မေးခွန်းက အတော် ကြက်သီးထစရာ ကောင်းပါသည်။

သက်ငြိမ် စဉ်းစားသည်။ မျက်နှာမှာဆို မျက်လုံးနှစ်လုံးက ဘယ်ဟာမှ မရှိ၍မကောင်း။ နှာခေါင်း ပိုတောင် ဆိုးသေးသည်။ နှုတ်ခမ်းကလည်း မရှိလျှင် ဘာနဲ့ ထမင်းသွားစားမည်လဲ၊ လည်ပင်းမရှိလျှင် လူသည် လူနှင့်မတူသောသတ္တဝါ ဖြစ်သွားလိမ့်မည်။ ဥပမာ အဆီတက်နေပြီး ကုပ်ပိုး မောက်နေသူများကို ကြည့်လျှင် သိနိုင်သည်။

လက်နှစ်ချောင်း၊ ခြေနှစ်ချောင်း တစ်ခုခုမရှိလျှင်တော့ ထိုလူသည် Handicapped ဟု အလွယ် သတ်မှတ်နိုင်သော သူ ဖြစ်ပြီ။

"ငါ့တစ်ကိုယ်လုံးမှာ စွန့်ပစ်နိုင်တာ ဆံပင်ပဲ"

"ငါပြောတာ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုကို ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... အဲဒီဟာကြီးကတော့ ဘယ်ဟာမှ အဆင်မပြေဘူး ထူးချွန်၊ နားရွက်ကို ငါယယ်တုန်းက သိပ်အမြင်ကပ်ခဲ့တာကွ၊ ဒါပေမယ့် နားရွက် မရှိရင် လူ့ဦးခေါင်းက တော်တော်လုံးနေမှာ၊ အုန်းသီးကြီးလိုပေါ့"

ထူးချွန်က သက်ငြိမ် ပြောတာကို နားထောင်ပြီး ရယ်သည်။

"ငါလည်း ဘယ်ဟာကိုမှ မစွန့်လွှတ်နိုင်ပါဘူး။ လူဆိုတာ တစ်ကိုယ်စာတော့ ဘယ်သူမဆို စုံချင်တာပဲ၊ မုံပြီဆိုရင် မပဲ့ချင်ကြပါဘူးကွာ"

"မင်း ဒွေးမယ်နော် ပြောတာတွေကို မေ့လိုက်ပါကွာ"

❧ ❤ ❧





ဒုတိယမြောက် အဖြစ်အပျက်ကတော့ ထူးချွန် ဦးဆောင်ပြီးလုပ်မည့် သူငယ်ချင်းများ တစ်စုတစ်စည်းတည်း ပျော်ပွဲစားထွက်မည့် အကြံအစည်ကို ကန့်ကွက်မှုပေါင်း များစွာကြောင့် ဖျက်လိုက်ရခြင်း ဖြစ်သည်။

"ငါပြောသားပဲ... ဒွေးမယ်နော် မှန်ပါတယ်လို့"

ထူးချွန်ကို ကြည့်ရတာ နည်းနည်းသွေးပျက်လာသလို ရှိသည်။

"မင်းပဲ ဒွေးမယ်နော်ကို စိတ်ဝင်စားတယ်ဆို၊ ကိုယ်စိတ်ဝင်စားတော့ အမှတ်တွေ စွတ်တင်နေတာပါကွာ၊ စိတ်ထဲမှာ စွဲထားတာလည်း ပါတယ်"

"မဟုတ်ဘူး သက်ငြိမ်၊ ငါစိတ်ဝင်စားတာ မှန်ပါတယ်၊ ဒါပေမယ့် သူ ငါ့ကို ပြောထားတာတွေက တစ်ခုပြီးတစ်ခု မှန်နေတယ်"

ထူးချွန်က ပြောပြီး သူ့သွားများကို စေ့လိုက် ဖတ်လိုက် လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ငြိမ်ကတော့ ယုံကြည် စွဲလမ်းသူ မဟုတ်သဖြင့် ထူးချွန်ဖြစ်နေပုံကို ရယ်ချင်၍သာနေသည်။

ယောက်ျားလေး တစ်ယောက်ကို စိတ် တုန်လှုပ်ချောက်ချားအောင် လုပ်နိုင်သော ဒွေးမယ်နော်ကိုလည်း သက်ငြိမ် သိပ်ကြည့်မရ။

အလကားနေ အလကား ဒီကတ်တွေလှန်ပြီး တွက်နေတာ နည်းနည်းတော့ ထူးဆန်းနေသည်။ ပြီးတော့ မကောင်းတာ ဖြစ်မယ်ဆို လျှော့ပေါ့ ပြောသင့်တယ်ဟု ထင်သည်။

"ငါတို့ ဒီနေ့ ဘိလိယက်ထိုးဖို့ ပြောထားတာ မှတ်မိသေးလား ထူးချွန်"

"မှတ်မိပါတယ်... ငါ မလိုက်တော့ဘူးကွာ၊ မင်းပဲ သွားတော့"

"ငါတစ်ယောက်တည်း..."

"အေးလေ..."

"ဒါဆို ငါလည်း မသွားတော့ဘူး၊ မင်း ငါ့ကို ငါ့လမ်းထိပ်မှာ ချပေးပြီး မင်းအိမ်ပဲ ပြန်အိပ်တော့"

သက်ငြိမ်မှာ ကားမရှိပါ။ သက်ငြိမ်တို့ မိသားစုတစ်စုလုံးမှာ အကြမ်းသုံး ပါဗလစ်ကာ တစ်စီးသာရှိပြီး ထိုကားကို သက်ငြိမ်အဖေက အထက်အညာနှင့် အောက်ပြည် ကုန်ဝယ်ရာတွင် သုံးသည်။ ထို့ကြောင့် သူများတွေကဲ့သို့ ကားမောင်းပြီး





ကျောင်းမလာနိုင်။ ကျောင်းအသွားမှာ ဖယ်ရီစီးပြီး အပြန်ကို ထူးချွန်ကားဖြင့် လိုက်ပြန်သည်။

သက်ငြိမ်ကို လမ်းထိပ်မှာ ချပေးပြီး ထူးချွန် ကားမောင်းထွက်သွားရာကို ကြည့်ကာ သက်ငြိမ်စိတ်သည် အတန်ငယ်လေးလာသည်။

အိမ်ရောက်ပြီး တစ်နာရီခန့်အကြာတွင် ဖုန်းလာသည်။ ထူးချွန် အရိုက်ခံရလို့တဲ့။ ဆေးရုံ ရောက်သွားပြီဟု ထူးချွန်အိမ်က ဆက်သည်။

ဆေးရုံကို သက်ငြိမ် ရောက်သွားချိန်မှာ ထူးချွန်မျက်နှာက ကြောက်လန့် အေးစက်နေသည်။

"မင်း ဘယ်လိုဖြစ်တာလဲ ထူးချွန်"

"ငါ မင်းကိုပို့ပေးပြီးအပြန် လမ်းမှာ ကောင်လေးတွေ ရန်ဖြစ်တာ တွေ့တယ်ကွ၊ ငါ ကားဟွန်းတီးပြီး ဖယ်ခိုင်းတော့ ငါ့ကိုပါ ကားတံခါး ဖွင့်ခိုင်းကြတယ်၊ အဲဒါနဲ့ ငါ တံခါးလည်း ဖွင့်ရော ကားပေါ်ကဆွဲချပြီး ကျွဲတော့တာပဲ၊ သွားတစ်ချောင်းတော့ ဘဝဆုံးရှာပြီ"

သက်ငြိမ် သိသော ထူးချွန်သည် ပျော်ရွှင် သွက်လက်သော ကောင်လေးဖြစ်သည်။

အခုတော့ ဒွေးမယ်နော် ပြောလိုက်သော တိုက်ဆိုင်မှုများကြောင့် သွေးပျက်နေချေပြီ။

"မင်း မြင်တယ်မို့လား သက်ငြိမ်၊ သူ ငါ့ကိုပြောတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ... မင်းကလည်း သူပြောသမျှ မှန်ရအောင် သူက တကယ့်အတတ်ပညာရှင်လား၊ အဲဒီလောက် မှန်နေရင် ဘာလို့ တက္ကသိုလ်မှာ ကျောင်းလာတက်နေသေးလဲ၊ အပြင်မှာ ဟောခန်း ဖွင့်စားပေါ့၊ မင်းကိုက မဟုတ်တာ၊ မင်းစိတ်ကကို အစွဲအလမ်းကြီးတာ၊ ဒါကြောင့် မဖြစ်ပါဘူး ဆိုတဲ့စိတ်ကို မင်း ထားလို့မရဘူး။ မင်းစိတ်ကြောင့် မင်းထိနေတာ"

"စိတ်မဆိုးပါနဲ့ကွာ"

"ငါက မင်းကို ဘာလို့ စိတ်ဆိုးရမှာလဲ"

ကျွန်တော် တကယ်စိတ်ဆိုးနေသည်က ဒွေးမယ်နော်ကို ဖြစ်သည်။

ထူးချွန်ဆီက ပြန်လာပြီး ညမှာ ဒွေးမယ်နော်၏ ဖုန်းနံပါတ်ကို ကျွန်တော်တို့ အတန်း၏ ဖုန်းစာအုပ်တွင် ရှာသည်။

ထိုနံပါတ်ရှိရာသို့ ကျွန်တော် လှမ်းဆက်သည်။

"အမိန့်ရှိပါရှင်... ဒွေးမယ်နော် ပြောနေပါတယ်"

"အေး... ငါပဲ"

"ရှင်..."

"သက်ငြိမ်"

"ဘယ်သူလဲဟင်"

"ထူးချွန်သူငယ်ချင်း"



"ဟုတ်ကဲ့"

"မင်း တော်တော်အားနေသလား ဒွေးမယ်နော်"

"ရှင်..."

"လူတစ်ယောက်ရဲ့ ကံကြမ္မာကို မင်းရဲ့ တဲရော့ဒ်ကတ်တွေက ဘယ်လောက်ထိ လွှမ်းမိုးနိုင်မှာလဲ"

"ဘာကို ပြောချင်တာလဲဟင်"

"မင်း ထူးချွန်ကို တဲရော့ဒ်နဲ့ ဟောပေးလိုက်တယ်မို့လား"

"ဟုတ်ပါတယ်"

"မင်းကြောင့် ငါ့သူငယ်ချင်း စိတ်ဒုက္ခ ရောက်ရပြီ"

"ထူးချွန် ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ...'စိတ်အစွဲအလမ်းကြီးတော့ အခု ဒုက္ခတွေပဲ ဆက်တိုက်ရောက်နေတယ်၊ ဘာမဆိုင် ညာမဆိုင် သွားတစ်ချောင်း ကျိုးသွားသေးတယ်"

"ဩော်..."

"မဩော်နဲ့... မင်း သူ့ကိုပြောတာတွေ မဟုတ်ဘူးလို့ ပြန်ပြောပေးပါ"

"ဘာဆိုင်လို့လဲ"

"ဒီမယ် ဒွေးမယ်နော်... မင်းဘာသာမင်း စိတ်ဝင်စားတဲ့ ပညာရပ်က သူတစ်ပါးကို စိတ်ဒုက္ခ မပေးသင့်ဘူး။ လူတစ်ယောက်ရဲ့ ကံကြမ္မာကို အဲဒီလူကိုယ်တိုင်ပဲ ဖတ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ငါကတော့ အဲသလိုပဲထင်တယ်၊ ဘယ်သူမှ အစား ဝင်ဖတ်ပေးစရာ မလိုဘူး၊ 'ဘာလို့လဲဆိုတော့ ကံဆိုးတာ ကံကောင်းတာ အားလုံး ကာယကံရှင်ကပဲ ခံရမှာ၊ ဘေးလူ ဝင်ခံလို့မရဘူး"

"အဲဒါကို 'နော်' သိပါတယ်၊ နော်ကလည်း တွေ့တဲ့ လူတိုင်း မပြောပါဘူး၊ နော့်စိတ်ထဲမှာ ပြောချင်တဲ့စိတ် ပေါ်လာမှသာ ကတ်ချိုးပြီး ပြောတာ၊ တွေ့တဲ့အတိုင်း ပြောတာကို မဟုတ်ဘူးလို့ နော် မညာနိုင်ဘူး၊ နော် ပြော လိုက်တာ သူ ကြိုတင် ရှောင်နိုင်အောင်လို့"

"တော်တော်ရယ်စရာကောင်းတာပဲ"

"ဘာ..."

"ဟုတ်တယ်လေ... ကံကြမ္မာကို ကြိုသိ ကြိုရှောင်နိုင်မှ လူတွေမှာ သေနေ့ဆိုတာ ဘယ်တော့မှ ရှိမှာမဟုတ်ဘူး၊ AIDS လို ကုမရတဲ့ ရောဂါတွေလည်း နာမည်ကြီးနေမှာ မဟုတ်ဘူး၊ ကြိုရှောင်နိုင်မယ်ဆို ငါကတော့ ထူးချွန်ကိုပဲ ရှောင်နိုင်းတော့မယ် ဒါပဲ"





"မင်း အဲသလို မပြောသင့်ဘူးကွာ၊ သူ့ကို စော်ကား သလို ဖြစ်နေတယ် သက်ငြိမ်၊ သူလည်း ငါ ဒီလိုဖြစ်တာကို စိတ်မကောင်းဘူးလို့ ခုလေးတင် လာပြောသွားတာ၊ မင်းနဲ့ အဝင် အထွက်ပဲ"

"သူ ဆေးရုံကို လာသွားတယ်လား"

"ဟုတ်တယ်"

"မင်းကလည်း အဲဒါနဲ့ ကျေနပ်နေတာ"

"ထားပါတော့ကွာ... ဒီမှာလေ သူပေးတဲ့မုန့်တွေ၊ နီးတစ်စည်းတောင် ပါသေးတယ်"

ထူးချွန်က အနားရှိ စင်ပေါ်မှ မုန့်များကို မေးငေါ့ပြ သည်။ ပန်းက အဖြူမှာ အစိမ်းယှက်သော လေးညွှန့်ကြာနီ နီးမျိုး။ သက်ငြိမ်တို့အိမ်မှာ မကြာခဏဝယ်၍ ဘုရားပန်း သင်သည်။

www.burmeseclassic.com



"ဒွေးမယ်နော်က သဘော ကောင်းတယ်၊ သိလား... သက်ငြိမ်၊ အနီးကပ်ကြည့်မှ မျက်နှာကလေးက ဖူးထွတ်နေတာ၊ စကားပြောတာလည်း သိမ်မွေ့တယ်"

"သူတစ်ယောက်တည်း လာတာလား"

ထိုမေးခွန်းကို အမှတ်မထင် သက်ငြိမ် မေးမိခြင်း သက်သက် ဖြစ်သည်။

"မဟုတ်ဘူး။ ကောင်မလေးတစ်ယောက် ပါသေးတယ်၊ ရွှေလပြည့်တဲ့၊ ဒွေးမယ်နော်ရဲ့ အချစ်ဆုံး သူငယ်ချင်းလို့ ပြောတာပဲ၊ မင်းနဲ့တွေ့ရင် သိပ်ကောင်းမှာ"

"ဘာဖြစ်လို့လဲ"

"ရွှေလပြည့်က အရမ်းသွက်တယ်၊ ခင်စရာလေး"

"တော်ပါတော့ကွာ... ဒွေးမယ်နော်က တဲရော့ဒ်၊ ရွှေလပြည့်က သိုက်က ဖြစ်နေဦးမယ်"

"ရွှေလပြည့်က ဒွေးမယ်နော် ဟောတာတွေ ကွက်တိမှန်တယ်လို့တောင် ပြောသွားသေးတယ်၊ သူက ဒီမှာမဟုတ်ဘူး၊ မန္တလေးက ခဏလာတာ"

"ငါပြောသားပဲ... ဒွေးမယ်နော် သူငယ်ချင်းပါဆိုမှ တစ်ဂိုဏ်းတည်းပေါ့"

❧ ❤ ❧



"နော်... ငါ နင့်ကျောင်းကို မနက်လာခဲ့မယ်နော်"

"ရပါတယ်... ကားထဲမှာပဲစောင့်လေ၊ ပရက်တီကယ်လ် ပြီးတာနဲ့ နော် ထွက်ခဲ့မှာပဲ"

"ငါ့ကို သက်ငြိမ် ဆိုတဲ့ကောင် ပြစမ်းပါ၊ မိန်းမတစ်ယောက်ကို နှုတ်သီးကောင်း လျှာပါး ရန်တွေ့တဲ့လူက ဘယ်လိုပုံစံလဲ ဆိုတာ ကြည့်ချင်လို့"

"ရန်သွားဖြစ်မလို့လား"

"မဖြစ်ပါဘူး။ နင့်လောက်အေးတာ နင်ပဲရှိတာတောင် နင့်ကို လာရန်တွေ့ရဲတဲ့ သတ္တိနဲ့ဆိုတော့ မခေဘူးထင်တယ်"

"နော်တို့လိုပဲ... သူနဲ့ ထူးချွန်က သိပ်ခင်ကြတာ၊ အတန်းငယ်ငယ်ကတည်းက ကျောင်းကတူတော့ တော်တော်ခင်ကြတယ်"

"အေးဟ... ငါနဲ့ နင်ကတော့ ဆယ်တန်းပြီးတာနဲ့ ခွဲရတယ်၊ ငါက ရန်ကုန်မှာပဲ နေချင်တာ၊ အဘွားကြောင့်ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနဲ့ မာမီကို စိတ်မပြေသေးဘူးဆိုပြီး ငါ့ကို ပြန်မလွှတ်တာ"

ရွှေလပြည့်သည် တစ်ဦးတည်းသော သမီးဖြစ်သူ နော်ကို အလွန်အားကျပါသည်။ ရွှေလပြည့်မှာက ညီမလေး သုံးယောက်ရှိသည်။ ထိုညီမလေးများကို ဒယ်ဒီတို့က ချစ်အလို လိုက်သလောက် ရွှေလပြည့်မှာတော့ မျက်နှာမရချေ။

ထို့ကြောင့် အဘွား၏ အသည်းကျော် ရွှေလပြည့်ကို ဘွားအေက မန္တလေးသို့ ခေါ်ထားခြင်းဖြစ်သည်။ မြေးဦးမို့ အချစ်ပိုခံရသော ရွှေလပြည့်ကလည်း ဖူးဖူးမှုတ်ခံရမယ်ဆို နေပျော်သောအစား ဖြစ်လေသည်။ အဘွားက သူ့မြေးကို ရိုက်သောကြောင့် ဒယ်ဒီတို့ကို မခေါ်ချေ။

ထို့ကြောင့် ရွှေလပြည့်နှင့် ဒွေးမယ်နော်မှာ ဖုန်းချင်းသာ အဆက်အသွယ် ရှိကြတော့သည်။ တစ်ခါတစ်ရံ လာလည်သည်။

"ဒီတစ်ခါ အဘွားကို ဘယ်လိုဖြီးခဲ့လဲ ရွှေ"

"နင့်ဆီ လာမယ်လို့ပြောရင် လွှတ်ပါတယ်၊ ဘွားက ဟဲ...ဟဲ... ဒယ်ဒီတို့ဆီတော့ မဝင်ခဲ့နဲ့တဲ့၊ သူ့မြေးကို ရက်ရက်စက်စက်ရိုက်တဲ့ လူတွေဆီ လုံးဝ မဝင်ရဘူးတဲ့"

"တော်ပါရွှေရယ်... ရိုက်တာက ခဲတံလေးနဲ့ လက် ရိုက်တဲ့ဟာကို ဘွားက နင့်ဆို သည်းကိုသည်းတယ်"

"ငါက မြေးဦးကိုဟ၊ မြေးဦးကို အချစ်ပိုတာ ထုံးစံပဲ"

"နိုင်ကော ချွဲတာပါ"





"မချွဲလို့ရမလား... အဘွားသေရင် စိန်တွေ ကျန်ခဲ့မှာ မနည်းဘူး၊ ငါ့ကိုပဲ ပေးခဲ့တော့ ကောင်းတာပေါ့"

"အမွေဆိုတာ ထိုက်မှစားရတာပါ ရွှေရယ်၊ နင့်မှာ ဘာလိုလို့လဲ၊ အလကား လောဘကြီးနေတယ်"

"လောဘကြီးတာ မဟုတ်ဘူး၊ အဘွားရဲ့ဆန္ဒကို ငါ ဖြည့်ပေးရဦးမှာ"

"ဘာဆန္ဒလဲ"

"ဘွဲ့ရပြီးတာနဲ့ ဘွား သဘောတူတဲ့သူကို ငါ သွားတွေ့ ရမယ်"

"ပြီးတော့ရော..."

"နင့်ဟာနင် ဆက်တွေးတော့ပေါ့"

"နင့်ဟာက မယူမဖြစ်ကြီးလား၊ နော် ဆိုရင်တော့ လုံးဝပဲ"

ရွှေလပြည့်က ဆိုဖာခုံပေါ် ထိုင်နေရာမှနေ၍ လဲလျောင်းကာ သက်ပြင်းတစ်ချက် ချသည်။

"ရွှေလည်း စဉ်းစားခဲ့ဖူးပါတယ်၊ သိလား... နော်၊ တစ်ခါတလေကျရင် ငါလေ လူတစ်ယောက်ကို ရူးရူးမူးမူး နင့်နင့်သီးသီး ချစ်မိချင်တယ်"

"ချစ်မိချင်တယ်"

ဒွေးမယ်နော်က သံယောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... နော်၊ အခု ငါတို့ ကြည့်နေရတဲ့ ရုပ်ရှင်ထဲကလိုပဲပေါ့၊ သူ မရှိရင် ငါဆိုတာ ဘာမှ အဓိပ္ပာယ် မရှိလောက်တော့တဲ့အထိ ငါချစ်နိုင်တဲ့ လူတစ်ယောက်ကို လက်မထပ်ခင် တွေ့ချင်သေးတယ်"

"ဟင်... ရွှေဟာကလည်း လက်မထပ်ခင် တွေ့ချင်တယ် ဆိုတော့ သူနဲ့လက်ထပ်ရမှာ မဟုတ်ဘူးပေါ့၊ ဒါဆို ဘယ်ကောင်းမလဲ"

"နော်... ငါ့အတွက် ချစ်သူ ရ,မရ တဲရော့ဒ် ချိုးပေးပါလား"

"မချိုးပေးနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"တဲရော့ဒ်ဆိုတာ လေးနက်တယ်၊ ဂမ္ဘီရဆန်တယ်၊ လျှို့ဝှက်တယ်၊ သိပ်အရေးကြီးတဲ့ ကိစ္စတွေပဲ မေးသင့်တယ်၊ အပြောင်အပျက်လုပ်ဖို့ မသင့်ဘူး"

"သိပ်အရေးကြီးတဲ့ ကိစ္စဆိုတာ ဘယ်လိုကိစ္စမျိုးလဲ၊ ရည်းစား ရ,မရ ဆိုတာထက် အရေးကြီးတာတွေ အများကြီး ရှိမှန်း ငါသိတာပေါ့ နော်၊ ဒါပေမယ့် စိတ်ဆင်းရဲစရာ ကိစ္စတွေဆို ငါ ဘယ်တော့မှ တဲရော့ဒ် မချိုးဘူး၊ ဘာဖြစ်လို့လဲ ဆိုတာ နင် သိပါတယ်၊ တဲရော့ဒ်ရဲ့ အမှန်တရားက သိပ်ရက်စက်တာ နင်သိပါတယ် နော်၊ ငါ့ ဘယ်ဘက်လက်သန်း မရှိတော့တာ သက်သေပဲလေ"





ရွှေအသံသည် စောစောကလို ပျော့ပျောင်းမနေတော့ဘဲ တဖြည်းဖြည်း တင်းမာအေးစက်၍ လာသည်။ ရွှေ ဘယ်ဘက် လက်သန်းတစ်ချောင်းသည် ကားတံခါးနှင့်ညပ်မိ၍ ပြတ်ထွက် သွားခြင်း ဖြစ်သည်။ အသေပိတ်ထားမိလျက်သား ဖြစ်နေ သောကြောင့် မမျှော်လင့်ဘဲ လက်ချောင်းက ပြတ်သွားရခြင်း ဖြစ်သည်။

နော်နဲ့ ရွှေသည် ကားတစ်စီးထဲမှာ အတူတူ ရှိမနေခဲ့ဘူး ဆိုလျှင် ရွှေအဖြစ်ကို နော် ယုံချင်မှ ယုံလိမ့်မည်။

ကိုးတန်း ကျောင်း ပိတ်တုန်း ပုဂံကို ဘုရားဖူး ထွက် သော ခရီးမှာ ရွှေ လက်သန်းကလေး ပြတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

"အဲဒီတုန်းက နော်လည်း တဲရော့ဒ်က ပြတာပဲ ပြော ခဲ့တာပါ"

"ဟုတ်ပါတယ်... တဲရော့ဒ်ရဲ့ အမှန်တရားက ရက်စက် တယ်လို့ နင့်ကို ဒါကြောင့်ပြောတာပေါ့၊ ခရီးတစ်ခု ပျော်ပျော် ရွှင်ရွှင် အဆုံးသတ်ရမှာ မမျှော်လင့်ဘဲ သွေးထွက် သံယိုမှု တစ်ခု ဖြစ်မယ်လို့ နင် တဲရော့ဒ်ချိုးပြီး ပြောတော့ ငါ ဟားခဲ့ သေးတယ်၊ ဒါကြောင့် အဲဒီနောက်ပိုင်း ငါ ဘယ်တော့မှ အသက်နဲ့တမျှ အရေးကြီးတဲ့ကိစ္စတွေမှာ တဲရော့ဒ် မချိုးဘူး၊ ပြီးဆိုးတာက နင်ပြောတဲ့ တဲရော့ဒ်ဟောချက်တွေက သိပ် မှန်လွန်းတော့ သိပ်ကြောက်စရာ ကောင်းတယ်၊ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



ကျရင် တွေးမိတယ်၊ သိလား... နင်ကိုယ်တိုင်ရော တဲရော့ဒ် တစ်ချပ် ဖြစ်နေသလားလို့လေ"

ရွှေလပြည့်၏ စကားများက မဝေမဝါးစွာ ရှိလှသည်။

"တဲရော့ဒ် တစ်ချပ်ချင်းစီမှာ သင်္ကေတတွေ အများကြီးပါတယ်၊ သင်္ကေတတစ်ခုစီက အဓိပ္ပာယ်တစ်ခုစီ ရှိတယ်၊ လူရဲ့ကံကြမ္မာနဲ့ အဲဒီသင်္ကေတကို ဆက်စပ်ပြီး ပြောနိုင်တာ တစ်ခုခုကြောင့်လို့ ငါထင်တယ်နော်"

"နင် ဘာတွေပြောနေတာလဲ ရွှေ"

"ဖြစ်နိုင်တာတွေလေ... လူတစ်ယောက်ရဲ့ အသက်ရှင်ခြင်း ဆိုတာ ဆုလာဘ်တစ်မျိုးပါ နော်၊ ဒါကြောင့် အသက်နဲ့ ပတ်သက်တာတွေကို နင် မြင်နေတဲ့တိုင်အောင် မပြောသင့်ဘူး၊ အထူးသဖြင့် ငါတို့လို ငယ်ရွယ်ပြီး နုနယ်တဲ့ ကောင်လေး တစ်ယောက်ကို အက်ဆီးဒင့်နဲ့ ကြုံရမယ်လို့ မပြောသင့်ဘူး၊ ဘာပဲဖြစ်ဖြစ် နင်ပြောလိုက်တဲ့ အဲဒီလူမှာ စိတ်စနိုးစနောင့်တော့ ဖြစ်မှာပဲ၊ အဲဒီလို စိတ်မသန့်ရင် မကောင်းတာတွေ ဆက်တိုက်ဖြစ်လာရော..."

"နင်ပြောလို့ ငါပြောလိုက်ဦးမယ် ရွှေ အနာဂတ်ဆိုတာ ကြိုမြင်လို့မရဘူး၊ တဲရော့ဒ်ချိုးပြီး ဟောတယ်ဆိုတာ ဖြစ်အံ့ဆဲဆဲ၊ ဖြစ်ပြီးတာတွေနဲ့ လတ်တလော ကိစ္စတွေကို ပိုပြီး မှန်တတ်တယ်၊ ဖြစ်မယ်လို့ ကျိန်းသေပြောတာ မဟုတ်ဘူး"





"ဒါပေမယ့် ဖြစ်လာတာပဲလေ၊ အခု ထူးချွန် နေရင်းထိုင်ရင်း အရိုက်ခံရတဲ့ကိစ္စ၊ နောက်ထပ် အများကြီး ရှိသေးတယ် နော်၊ နင်လုပ်တာတွေက တဖြည်းဖြည်း Magic ဆန်လာတယ်"

"ငါ ရပ်လို့မရတော့ဘူး"

"ဘာပြောတယ်"

"ငါ ဒီလို ဂမ္ဘီရဆန်တာတွေ ဘယ်လောက်စိတ်ဝင်စားခဲ့တယ်ဆိုတာ နင် အသိဆုံးပါ ရွှေ၊ ငါ အခု လမ်းတစ်ဝက်ရောက်နေပြီ၊ ငါ လှည့်ပြန်ချင်ရင်တောင် ငါ့မှာ အဲဒီအခွင့်အရေး မရှိတော့ဘူး"

"နင့်ရဲ့ သာမန် အခွင့်အရေးတွေအားလုံး နင်ချစ်တဲ့ တဲရော့ဒ်ကြောင့်ပဲ ပျက်စီးရလိမ့်မယ်"

"ဘာဆိုင်လို့လဲ"

"အဲဒါ ငါ့စိတ်ထဲက ထင်နေတာပါ၊ တကယ်လို့ နင့်ဘဝမှာ လူတစ်ယောက်နဲ့ ဒီတဲရော့ဒ်ကတ်တွေ တစ်ခုခု ရွေးချယ်ခွင့် ကြုံလာရင်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒွေးမယ်နော်နှင့်အတူ ကျောင်းကို လိုက်မသွားဖြစ်ဘဲ ရွှေလပြည့်သည် ဘာရယ်မဟုတ်၊ ထူးချွန်ဆိုသော ကောင်လေး၏ မျက်နှာကို စိတ်ထဲ ဖျပ်ခနဲ မြင်မိသည့် ခဏဝယ် ဆေးရုံသို့ သွားချင်စိတ် ပေါ်လာသည်။

ခင်မင် နှစ်လိုဖွယ်ကောင်းသော ထူးချွန်သည် ဒွေးမယ်နော်ကို စိတ်ဝင်စားသည့် မျက်လုံးများနှင့် မကြာခဏ ခိုးကြည့်တတ်တာကို ရွှေလပြည့်က နာရီဝက်သာသာ အချိန်ကလေး အတွင်းတွင် မျက်စိလျင်စွာဖြင့် တွေ့ခဲ့သည်။

"ဩ ဘာသွားလုပ်မှာလဲ၊ ငါနဲ့လည်း တစ်ခါပဲ တွေ့ဖူးတာ၊ ကြော်... သွားချင်နေတာကို သွားတွေ့လိုက်တာပဲ ကောင်းပါတယ်"

ဟု စဉ်းစားကာ ဆေးရုံသို့ ဘတ်စ်ကားဖြင့် လာသည်။

ဘတ်စ်ကားပေါ် တက်ကာစက ချောင်သည်။ ထိုင်စရာနေရာမရသော်လည်း မကျပ်။ သို့သော် နှစ်မှတ်တိုင်ကျော်



ပြီးသည်နှင့် လူများ စုပြုံတိုးလာသဖြင့် ရုတ်တရက် ခြေထောက်နှစ်ချောင်းစာပင် ချဖို့ ခက်ခဲသွားရသည်။

ထိုစဉ် မိမိ၏ခါးကို လက်ညှိုးနှင့် ဘယ်သူ တို့မှန်း မသိဘဲ တစ်ခါတို့တာ ခံလိုက်ရသည်။ ဒေါသ ထောင်းခနဲ ထွက်သွားသော်လည်း သည်းခံလိုက်သည်။

ထို့နောက် ငါးစက္ကန့်ခန့်ပင် ကြာမည်။ နောက်တစ်ခါ ထပ်တို့သည်။

နောက်ကတို့တာ ဖြစ်ပေမယ့် ကားကျပ်လွန်း၍ နောက်သို့ လှည့်လို့မရ။ သုံးခါမြောက် တို့သည့် အခါမှာတော့ ရွှေလပြည့် ဒေါသ ထွက်လာပြီ။

"ဒီမှာ..."

တစ်ကားလုံး ခဏငြိမ်ကျသွားသည်။

ထိုစဉ် ရွှေလပြည့်၏နှုတ်ခမ်းကို နောက်ကနေ လက်ဝါးဖြင့် လှမ်းပိတ်လိုက်သောကြောင့် ဘာမှဆက်ပြော၍ မရတော့။

"ဘာဖြစ်လို့ အရှက်မရှိ အော်နေတာလဲ၊ မင်းအင်္ကျီနောက်ကြယ်သီးတစ်လုံး ပြုတ်နေလို့ လက်နဲ့တို့တာ"

ယောကျ်ားလေး တစ်ယောက်က ရွှေလပြည့် ပါးစပ်ကို ပိတ်ထားပြီး နားအနားသို့ တိုးတိုးကပ်ပြောသည်။

သို့သော် တစ်ကားလုံးတိတ်နေရာ ထိုအသံက အကျယ်ကြီးဖြစ်နေပြီး အားလုံး ဝိုင်းရယ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေလပြည့်မှာ ရုက်လွန်း၍ ထွေပူပြီး နောက်တစ်မှတ်တိုင် ရောက်သောအခါ မရမက တိုးဆင်းလေသည်။ မှတ်တိုင်က လူရှင်းသမှ တစ်ယောက်မှမရှိ။ နောက်ကနေ တစ်ယောက်ပါ ပါလာသဖြင့် လှမ်းကြည့်လိုက်ရာ ကောင်လေးတစ်ယောက်. . .။

"ဘာကိစ္စ လှည့်ကြည့်တာလဲ၊ ဟိုဘက်လှည့်နေ"

"ဘာလုပ်ဖို့လဲ"

"ကြယ်သီးတစ်လုံး ပြုတ်ထွက်နေပါတယ် ဆိုမှ"

"အို. . . အဲဒါ နင့်အလုပ်လား"

"ဒါဆို မင်း ဒီအတိုင်းသွားမှာလား"

"ဘာ. . ."

"အေးလေ. . . မင်းတောင်သွားရဲရင် ငါက မကြည့်ရဲစရာ ဘာရှိလဲ"

"ဘာပြောတယ်"

"ဒီမှာ နမသားချင်း စာနာလို့ ငါက ကူညီတာ"

သူ့မျက်နှာက နောက်ပြောင်သည့်ပုံ မရပါ။ ထို့ပြင် နောက်ကျောက ကြယ်သီးဖြစ်နေ၍ ဘယ်လိုမှ ကိုယ့်ဟာကိုယ် မတပ်နိုင်။

"ကဲ. . . တပ်ပေး၊ ဒါပေမယ့် မျက်စိမှိတ်ထား"

"ဒီမှာ ကားတွေထပ်ရပ်မှာ၊ ကြော်ငြာဘုတ်နောက်ကို ဝင်လေ"

"ဟာ. . ."





"ငါ နောက်က ကွယ်ပေးပါ့မယ်"

ရွှေလပြည့်မှာ တစ်သက်နဲ့တစ်ကိုယ် ဒီလောက် အရှက်ကွဲတာ မရှိတော့။ ကြယ်သီးက ကွင်းထိုးကြယ်သီးမို့ လူတိုးရင်း ပြုတ်ထွက်သွားတာ ဖြစ်လိမ့်မည်။

"နောက်ကို ကားတိုးစီးရင် ဒီလိုအင်္ကျီတွေ မဝတ်နဲ့ ကြားလား"

"နင်နဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ပါဘူး. . . လက်သရမ်းတဲ့ကောင်ဆို မင်းတို့လို မိန်းကလေးတွေ မလွယ်ဘူးမှတ်၊ ကားက ဒီလောက်ကျပ်တာ မသိဘူးလား"

"မသိဘူး"

"ရန်ကုန်မှာ နေပြီးတော့ဗျာ"

"ဘယ်သူ့ကို ပြောတာလဲ"

"မင်းကိုလေ"

"ငါ ရန်ကုန်မှာ မနေတာကြာလှပြီ သုံးနှစ်လောက်ရှိပြီ"

"ဟုတ်လား. . . မင်းက တောသူလား"

ဆက်ပြောလျှင် အဲဒီကောင်လေး စကားပြောပုံနှင့် ဘယ်လိုမှ အဆင်မပြေနိုင်။ သို့ရာတွင် ဒီမှတ်တိုင်ကို ဘာမှတ်တိုင်မှန်း သူမ မသိ။

"ဒါ ဘာမှတ်တိုင်လဲ"

"ဒါ ဟယ်လ်ပင်မှတ်တိုင်"



www.burmeseclassic.com

"ဒါဆို ဆေးရုံက ရှေ့နားမှာပေါ့"

"ဆေးရုံသွားမှာလား"

"ဟုတ်တယ်"

"ထင်တော့ ထင်သားပဲ"

"နင် ဘာပြောတာလဲ"

"ဆေးရုံဆို တောက အရူလည်လည်နဲ့ တက်လာတာ ဆေးရုံတောင် မသွားတတ်ဘူးဆိုတော့ သေချာပါပြီ၊ ကဲ... ဘယ်ဆေးရုံလဲ၊ ပြော... လိုက်ပို့ပေးမယ်"

"ဂျပန်ဆေးရုံ"

"ဘာသွားလုပ်မှာလဲ"

"နယ်ကဘကြီး ဆေးရုံတင်ထားလို့"

"သြော်... ဟုတ်လား"

"ဟုတ်တယ်"

"ဘာရောဂါနဲ့လဲ"

"ဒီဇယ်သောက်တာ"

"အန်... ဘာသောက်တာ"

"ဟို... ဒီဇယ်လေ၊ မှားသောက်မိတာ၊ ပုလင်းချင်းက တူနေလို့ ရေထည့်တဲ့ပုလင်းနဲ့ ဒီဇယ်ပုလင်း တူနေလို့"

"သြော်... သြော်... အခု သက်သာသွားပြီလား"

"မသေသေးဘူး ထင်တာပဲ"

"မင်းဘကြီးဆိုတော့ ကျန်တဲ့အမျိုးတွေ ပါမလာဘူးလား"



"ပါလာတယ်... အဲ့... မပါဘူး"

ရွှေလပြည့်မှာ နဂိုက ပေါက်တတ်ကရ လွှဲပြောသော အကျင့်ရှိရာ ပါးစပ်ထဲ တွေ့ကရာ လျှောက်ပြောမိသည်။ ပြောလို့လည်းမဖြစ်။ ဘာကားကို ဆေးရုံရောက်ရန် ဆက်စီးရမလဲဟု မသိ။ ဒီကောင်လေးကြည့်ရတာ ရိုးသားပုံလည်း ရသည်။ ခင့်မင်လွယ်၍ ကူညီတတ်ပုံလည်း ရသည်။

"ဒီလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်တည်း လမ်းမသိဘဲ လျှောက်သွားသေးတယ်၊ အံ့ရော... အံ့ရော..."

"ဘာအံ့တာလဲ၊ ငါက မန္တလေးတစ်မြို့လုံးဆို အကုန်သိတယ်၊ ရန်ကုန်က မလာတာကြာလို့"

"မန္တလေးမှာ နေတာလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ အသားဖြူတာလဲ"

"ဘာဆိုင်လို့လဲ"

"မန္တလေးသူဆိုတာ အသားညိုတယ်လေ"

"ဖြူတာတွေ ရှိပါလွန်းလို့ စက်ဘီးလေးတွေနဲ့ ကောင်မလေးတွေ ဖြူဖြူကလေးတွေချည်းပဲ"

"ထားပါတော့... ထားပါတော့၊ ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဘာလုပ်ဖို့တုန်း"

"မပြောချင်ဘူးလား... ဒါဆိုလည်း ကိစ္စမရှိပါဘူး"

www.burmeseclassic.com



"နှင့်နှာမည်ကရော..."

"သက်ငြိမ်..."

ရွှေလပြည့်နဲ့ သူသည် နောက်ထပ် ကားတစ်စီးကို စောင့်ရင်း ထိုင်ခုံများမှာ တစ်ခုံခြား၍ ထိုင်လိုက်ကြသည်။

"ရင်းနှီးသလိုပဲ"

"ငါ့နာမည်ကိုလား..."

"ဟုတ်တယ်"

"သက်ငြိမ် ဆိုတာ သီချင်းခေါင်းစဉ်ကိုယူပြီး မှည့်ထား တာ"

"သိပြီ... သိပြီ၊ ထူးအိမ်သင်ရဲ့ သက်ငြိမ်"

"ဟုတ်တယ်၊ ဟော... ကားလာပြီ၊ မင်း အဲဒီကားကို စီးသွား၊ ............ မှတ်တိုင်မှာ ဆင်းရင် မင်းသွားမယ့် ဆေးရုံ ရောက်ပြီ"

"လိုက်ပို့ပေးမယ်ဆို"

"ငါ့အိမ်က ခိုင်းထားတဲ့ ကိစ္စရှိတာ ခုမှ သတိရလို့ စီးမှာသာ စီးသွား၊ မသိရင် စပယ်ယာကို မေး၊ ကဲ... တက် တက်"

ရွှေလပြည့်မှာ ဘတ်စ်ကားပေါ်ကနေ တစ်ဖက်ကားလမ်းသို့ ကူးသွားသော သက်ငြိမ်ကို သေချာ လှမ်းကြည့်နေစဉ် ဘတ်စ်ကားက ထွက်သွားသည်။

❦ ❤ ❦





ဆေးရုံ ခုတင်ပေါ်မှာတော့ ထူးချွန်မရှိဘဲ ဘယ်က ရောက်နေမှန်း မသိသော အမွေးစုတ်ဖွားဖွား ခွေးလေး တစ်ကောင်က ငုတ်တုတ်ထိုင်နေသည်။ ခွေးက သေးသေး ကလေး၊ အရောင်က မီးခိုးရောင်၊ နားရွက်က ရှည်လွန်းပြီး ကိုယ်ခန္ဓာကိုတောင် အုပ်နေသည်။

ရွှေလပြည့်ကို တွေ့သောအခါ တစ်ချက်ဟောင်သည်။ ပြီးတော့ သူ့ခြေထောက် သူ လျှာဖြင့်လျက်ကာ နေသည်။

"ဟယ်... ခွေးလေးက ချစ်စရာလေး"

ရွှေလပြည့်မှာ ခွေးကို ကောက်ချီချင်စိတ်အား ဘယ်လိုမှ ထိန်းမရဘဲ ကောက်ချီလိုက်လေသည်။ ခွေးလေးကလည်း ရွှေလပြည့် ကောက်ချီလိုက်သောအခါ လက်ကို လျှာဖြင့် လျက်နေသည်။

"လက်စသတ်တော့ ငါ့ခွေး ပျောက်နေတာ နင်တို့လူ ခိုးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



အသံစွာကျယ်ကျယ်နှင့် နောက်က မိန်းမတစ်ယောက် မြန်းခနဲ ရောက်လာပြီး ရွှေလပြည့် လက်ထဲက ခွေးကို ဆွဲယူကာ ရွှေလပြည့်ကို အထက်အောက် အစုန်အဆန် ကြည့်သည်။

"လူပုံကတော့ မထင်ရဘူး၊ အင်းပေ့ါလေ၊ ဒီခေတ်မှာ ရုပ်ကလေး ဖန်းပြုပြီး အချောင်ရရင် ရသလို လုပ်စားနေတာ ချည်းပဲ"

"ဒီမှာအစ်မ... စကားပြောတာ ကြည့်ပြောပါ၊ ကျွန်မ ခွေးသူခိုး မဟုတ်ဘူးရှင့်၊ ခွေးခိုးပြီး ဘာလုပ်ရမှာလဲ"

"နင့်လက်ထဲမှာ တွေ့တာလေ၊ လက်ပူးလက်ကြပ် မိတာတောင် ငြင်းချင်သေးတယ်"

ရွှေလပြည့် ခေါင်းကိုသာ တွင်တွင်ကုတ်မိတော့သည်။ ထိုစဉ် ထူးချွန်က ဘယ်ကနေ ပေါ်လာမှန်းမသိဘဲ အခန်းဝ,မှာ ရောက်လာသည်။

ခွေးပိုင်ရှင် မိန်းမက စိတ်အနည်းငယ် မကောင်းသော တစ်ဖက်ခန်းမှ လူနာဖြစ်သည်။

ထူးချွန်က...

"တောင်းပန်ပါတယ် အစ်မရယ်၊ ကျွန်တော့်သူငယ်ချင်း က စိတ်သိပ်မကောင်းလို့ပါ၊ အစ်မခွေးလေးကလည်း ချစ်စရာ လေးကိုး၊ ဒါကြောင့် ယူချီမိတာပါ"

"ခွေးကလှတာပေ့ါ၊ သခင်က လှတာကိုး"



"ဟုတ်ကဲ့...ဟုတ်ကဲ့"

"ကြိုက်တတ်ရင် ကိုယ့်ဘာသာ မွေးပါလား"

ပြောပြီး ထူးချွန် အခန်းထဲက ထွက်သွားတော့မှ ရွှေလပြည့်မှာ သက်ပြင်း ချနိုင်တော့သည်။ ထူးချွန်က...

"စိတ်မကောင်းပါဘူးဗျာ... အဲဒီအမျိုးသမီးက စိတ် သိပ်မကောင်းဘူး၊ ဒီဆေးရုံက ဆရာဝန်တစ်ယောက်ကို သူ့ငယ်ရည်းစားပါ ဆိုပြီး လျှောက်ပြောနေလို့ မနေ့ကတင် ဆေးရုံမှာ ဟားနေရသေးတာ၊ ဒါနဲ့ ရွှေလပြည့် ဘာကိစ္စ ရှိလို့လဲ"

"လမ်းကြုံလို့ ဝင်ကြည့်တာပါ"

"ဒါဆို ခဏလောက် နေပါဦးလား"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်သူငယ်ချင်းတစ်ယောက် လာမှာ၊ အပြန် သူနဲ့ လိုက်ပြန်လေ"

"ရပါတယ်... ကျွန်မလည်း ရန်ကုန် မရောက်တာ ကြာတော့ ဟိုဟိုဒီဒီ သွားချင်သေးတယ်၊ ဒါနဲ့ ရှင် နေကောင်း ပါတယ်နော်"

"ဟုတ်ကဲ့"

"ကျွန်မ အဲဒါကို လာကြည့်တာပါ၊ ရှင့်ကိုယ်မှာ တစ်ခုခု ချွတ်ယွင်းသွားပြီလားလို့ ခွေးမယ်နော်က ပြောဖူးတယ် မို့လား၊ ကိုယ်လက်အင်္ဂါ တစ်ခုခု ချွတ်ယွင်း ဆိုးရွားမယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ထူးချွန် မျက်နှာက သိသာစွာပျက်သည်။ ရွှေလပြည့်က သူမ ဘယ်လက်ကို ထောင်ပြလိုက်ပြီး...

"ဒီမှာ လက်သန်းကလေး ပြတ်နေတာ တွေ့လား ထူးချွန်"

"ဟုတ်ကဲ့"

"အဲဒီလက်သန်းကလေး ပြတ်သွားမယ့် မနက်ကတင် ကျွန်မကို နော်က တဲရောဒ်ချိုးပေးခဲ့တာ၊ သွေးထွက်သံယို ဖြစ်မယ်၊ ထိခိုက်မှု ဖြစ်မယ်တဲ့၊ နေ့လယ်ကျတော့ တကယ် ဖြစ်တော့တာပဲ"

ထူးချွန် မျက်နှာက ပျက်ရာမှ သွေးဆုတ်လာသည်။

"ရှင် အရမ်းကြောက်နေသလိုပဲ၊ မကြောက်ပါနဲ့၊ နော် ပြောတာတွေ မှန်တယ် မှားတယ်ဆိုတာထက် ထိခိုက်ဒဏ်ရာ ရမှုမျိုးဆိုတာ ကိုယ့်ဟာကိုယ် သတိထားပြီး ကာကွယ်လို့ ရတယ်၊ အဲဒါကို ရှင်ယုံလား"

"ဟုတ်ကဲ့"

"ဒါကြောင့် ကျွန်မ လာခဲ့တာပဲ၊ ရှင့်ခန္ဓာကိုယ်ကို ဒီတစ်လ အတောအတွင်းမှာ ဘာနဲ့မှ မထိခိုက်အောင် ရှင် ထိန်းသိမ်းရမယ်၊ တစ်လအတွင်း ရှင်နေနိုင်ရင် နော် ပြောတာတွေကို ဂရုစိုက်စရာ မလိုတော့ဘူး၊ အဲဒါ ယကြွာပဲ ထူးချွန်၊ ရှင် သွေးပျက်တာတွေ ရပ်လိုက်ပြီး ကိုယ့်ကိုယ်ကို





ဘယ်လို အကောင်းဆုံး စိတ်ချမ်းသာအောင် နေမယ်ဆိုတာပဲ စဉ်းစားသင့်တယ် ထူးချွန်"

"ခင်ဗျား ဘာကြောင့် ဒီစကားတွေ လာပြောနေတာလဲ ရွှေလပြည့်"

"ဘာဖြစ်လို့လဲဆိုတော့... အင်း... ကျွန်မ နော်ရဲ့ တဲရောဒ် မှန်တယ်ဆိုတာကို တစ်ခါလောက်ဖြစ်ဖြစ် မှားဖူးစေ ချင်တယ်၊ ဘာဖြစ်လို့ အဲဒီခံစားချက် ဖြစ်လာလဲဆိုတာတော့ လွယ်လွယ်လေးပဲ၊ ကျွန်မလက်သန်းကလေး ပြတ်သွားတော့ သူ ကျွန်မကို ဝမ်းသာအားရနဲ့ ငါပြောတာ မှန်ပြီလို့ ပြောခဲ့ ဖူးတယ် ထူးချွန်၊ ဒီလောက်ဆို ရှင် သဘောပေါက်သင့်ပြီ"

"ခင်ဗျားက သူ့သူငယ်ချင်းပါနော်"

"ဟုတ်တယ်... ဒါပေမယ့် သူတစ်ပါး ထိခိုက်နစ်နာတဲ့ အခါမျိုးနဲ့ ဘာမှမဆုံးရှုံးတဲ့ အခါမျိုးကို ဘယ်သူမဆို ဘာကို ရွေးသင့်လဲ ဆိုတာလောက်တောင် မသိတော့အောင် မှိုင်းမိ နေတဲ့ ကျွန်မသူငယ်ချင်းကို သူ့ဟောကိန်းတွေ လွဲတတ်တယ် ဆိုတာ ကျွန်မ သက်သေပြချင်တယ်၊ သူ ဝမ်းသာအားရ ဖြစ်တာကို အဲဒီလိုပုံစံမျိုးနဲ့ ကျွန်မ ဆက်မမြင်ချင်ဘူး၊ ဒါပါပဲ"

ထူးချွန်သည် ရွှေကို အံ့အားသင့်သော မျက်လုံးများဖြင့် ငေးကြည့်ကာ စိတ်ထဲကနေ သက်ငြိမ်နဲ့ သိပ်တူတာပဲ၊ သက်ငြိမ်လိုပဲဟု ပြောလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထူးဆန်းနေတာတော့ အမှန်ပဲ ဖြစ်သည်။ ဒွေးမယ်နော်၏ သူငယ်ချင်းတစ်ယောက်အနေဖြင့် ဂုဏ်ယူမယ်ဆို ဂုဏ်ယူရမှာကို ရွှေလပြည့်က မထင်မှတ်သော ရှုထောင့်မှနေ၍ ညွှန်ပြခဲ့ပြီ။

ဒွေးမယ်နော်သည် ဟောချက် သေွးထွက်အောင် မှန်တယ် ဆိုသည့်အပေါ် တစ်ဖက်စွန်း ရောက်အောင် မှိုင်းဝင်နေသည်လား။



"နော်ကို ရွှေ တစ်ခုပြောမလို့"

"ပြောလေ.... ရွှေ"

"ရွှေ့အတွက် မကြာခင်မှာ ချစ်သူရှိမလားလို့ တွက်ပေးပါလား"

"မတွက်ပေးပါဘူး"

"ဘာဖြစ်လဲ... အပျော်ပေါ့၊ သူငယ်ချင်း အချင်းချင်း ဒီလောက်တော့ အားမကိုးရဘူးလား"

"ကောင်းပြီလေ... တစ်ခုခု မဟုတ်တာ ထွက်လာရင် နော့်ကို အပြစ်မပြောရဘူး"

ရွှေက ရွှေ့အတွက်ဟု မရည်စူးဘဲနှင့် နော့်အတွက် ရည်စူးကာ တဲရော့ဒ်များကို ဖဲချိုးသလို ချိုးလိုက်သည်။ ထို့နောက် ဘယ်လက်ဖြင့် တဲရော့ဒ်တစ်ချက်ကို ထုတ်ယူလိုက်ပြီး နော့်ရှေ့တွင် ချလိုက်သည်။

The Fool (သူရူး)

www.burmeseclassic.com

www.burmeseclassic.com



နော်မျက်နှာက သိသာစွာပင် ပျက်သွားခဲ့သည်။ ရွှေကတော့ ခပ်ပြုံးပြုံးပင်။ ကိုယ့်အတွက် မေးတာမှ မဟုတ်တာ။ ထို့ကြောင့် ထွက်လာမည့် အဖြေကို ကိုယ်နှင့် မဆိုင်ဟုသာ သဘောထားလေသည်။

"ကဲ... ပြောတော့လေ နော်..."

"မကောင်းဘူး... နည်းနည်းမှ မကောင်းဘူး"

နော်သည် ဤသို့သာ ပြောနိုင်သည်။ The Fool ကတ်ကို ဆွဲမိသည့် အခါတိုင်းတွင် ကံတရားသည် အစုလိုက်အပြုံလိုက် ရက်စက်တတ်တာကို နော် မကြာခဏ ကြုံခဲ့ဖူးလေပြီ။ နှစ်ဦးသား ငြိမ်သက်သွားခိုက် နော့်ဆီကို ဖုန်းဝင်လာလေသည်။ နော် ဖုန်းထ,ပြောချိန်မှာ ရွှေကတော့ The fool ကတ်ကို ကြည့်ကာ နှုတ်ခမ်းကို တွန့်ရုံ ပြုံးလိုက်သည်။ ဒါဟာ နော့်ရဲ့ ကံကြမ္မာပဲ။ ကံကြမ္မာကို ကြိုသိမြင်နိုင်သူဟာ သူသိတဲ့ သူ့ကိုယ်တိုင် ဖြစ်မနေဘူးလို့ ဘယ်သူက ပြောနိုင်မှာတဲ့လဲ။

"ရှင်... ဟုတ်ကဲ့... ဟုတ်ကဲ့... နော်တို့ အခုပဲ လာခဲ့ပါမယ်"

"ဘာဖြစ်လို့လဲ နော်"

"ရွှေ... ငါဟောတာ မှန်သွားပြန်ပြီ၊ သိလား"

နော့်မျက်နှာက ဝမ်းသာမှုကြောင့် ဝင်းပ ကြည်လင်နေတာကို ရွှေ မြင်ရသည်နှင့် ရင်တထိတ်ထိတ် ခုန်လာသည်။





တစ်ယောက်ယောက်တော့ ဒုက္ခရောက်ပြီ။

"ဘယ်သူ ဘာဖြစ်လို့လဲ"

"ထူးချွန်လေ"

"ထူးချွန်"

ထိုင်ရာမှ ယောင်၍ ရွှေ မတ်တတ်ရပ်လိုက်သည်။

"ထူးချွန် ဒီနေ့နံနက် သုံးနာရီက အူအတက်ပေါက်လို့ ချက်ချင်း ခွဲခန်းသွင်းလိုက်ရတယ်တဲ့၊ သူ့ခန္ဓာကိုယ်က တစ်ခုခု သုံးရှုံးမယ်ဆိုတာ အခု မှန်သွားပြီ"

အူအတက်ဆိုတာ မလိုတဲ့ပစ္စည်းပဲဟု နားလည်ထား၍ ရွှေ အခုမှ ရင်အေးသွားသည်။

"တကယ်လို့ အူအတက် ဖြတ်လိုက်ရတာမဟုတ်ဘဲနဲ့ ခြေထောက်တို့၊ လက်တို့ဆိုရင် နော် အခုလိုပဲ ပျော်မှာလား"

"ဟင်..."

"ဟုတ်တယ်လေ... ဘာပဲဖြစ်ဖြစ် မခွဲမစိတ်ရတာ မကောင်းဘူးလား၊ ဘာမှမဖြစ်တာ မကောင်းဘူးလား"

"ရွှေ ပြောပုံကလည်း နော်ကပဲ အရမ်းဖြစ်စေချင်နေသလိုမျိုးကြီး"

"ဒါပေမယ့် ရလာတဲ့အဖြေကို ကြည့်ပြီး နော် ပျော်တာတော့ ဝန်ခံစမ်းပါ"

"ရွှေ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး... ထူးချွန်ဆီ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလား"

"ဟုတ်တယ်"

ရွှေလပြည့်တို့နှစ်ယောက် ရောက်သွားချိန်မှာ ထူးချွန်က သူ့အခန်းသို့ ပြန်ရောက်နေပြီ။ ထူးချွန်အနီးမှာ သက်ငြိမ်ကို တွေ့လိုက်ရ၍ ရွှေလပြည့်မှာ အနည်းငယ် အံ့ဩသွားရသည်။

သက်ငြိမ်ကတော့ ဒွေးမယ်နော်ကို မြင်ကတည်းက ဒွေးမယ်နော် သူငယ်ချင်းဆိုတာ ရွှေလပြည့်ပဲဟု နားလည်လိုက်ရပြီ။

ပြီးနောက် ဒွေးမယ်နော်ကို အလိုလို ကြည့်မရ ဖြစ်နေသောကြောင့် နှုတ်မဆက်ချေ။

"ထူးချွန် အခု နေကောင်းတယ်မို့လား သက်ငြိမ်"

"ခင်ဗျားက သူ့ကို သေစေချင်တာလား"

သက်ငြိမ်၏ စကားသံသည် ရန်လိုနေ၏။ ဒွေးမယ်နော်မှာ ဤသို့ အထင်လွဲနေသည့်အတွက် စိတ်မကောင်းပါချေ။

"နော့်မှာ အဲသလိုစိတ် မရှိပါဘူး သက်ငြိမ်"

"ကျွန်တော် မြင်ရတာမှ မဟုတ်တာဘဲ ဒွေးမယ်နော်"

စကားများက မြားတစ်စင်းများနှယ်။ သက်ငြိမ်ကို ရွှေလပြည့် ခိုးကြည့်လိုက်သေးသည်။ သက်ငြိမ်က ပြန်အကြည့်နှင့်မို့ ကမန်းကတန်း မျက်နှာလွှဲလိုက်ရသည်။ ထိုစဉ်မှာပင် ထူးချွန် အိပ်နေရာက နိုးလာသည်။

"ဒွေးမယ်နော်တို့ ရောက်နေတယ်"





ဟု ခပ်တိုးတိုး ဆိုသည်။ ဒွေးမယ်နော်နှင့် ထူးချွန်ကို ထားခဲ့ပြီး သက်ငြိမ်နှင့် ရွှေလပြည့်က တစ်ဖက် ဝရန်တာသို့ ထွက်လာခဲ့ကြသည်။

သူတို့နှစ်ယောက် ပြောချင်တာတွေ ရှိမှာဟု အလိုလို တွေးမိသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးချွန်နဲ့ ဘယ်လို သိတာလဲ"

"အင်း... ဒီလိုပဲ..."

"မနေ့က ဆေးရုံသွားပြီး လူနာကြည့်တယ် ဆိုတာ ထူးချွန်ဆီ လာတာပေါ့၊ ဟုတ်လား..."

"အင်း..."

"ဘာဖြစ်လို့ တောကအမျိုးလို့ လျှောက်ပြောတာလဲ"

"လူတိုင်းကို အမှန်ပြောလို့ မဖြစ်ဘူးလေ"

သက်ငြိမ်က ထိုစကားကို သဘောကျသွားပြီး ရွှေ့ကို တစ်ချက် နှိုးကြည့်လိုက်သည်။

မိတ်ကပ်မလိမ်းသော ပါးပြင်သည် ချွေးစို့လျက်ရှိသည်။

"ဒွေးမယ်နော်နဲ့ ခင်တာရော ကြာပြီလား"

"အင်း..."

"ငါ မင်းကို တစ်ခုမေးလို့ ရမလား"

"မေးလေ"





"မင်းရော ဒွေးမယ်နော်လိုပဲလား"

ရွှေလပြည့်မှာ သက်ငြိမ် မျက်နှာကို နားမလည်သလို ကြည့်ကာ...

"ဘာကိုမေးတာလဲ"

"ဒွေးမယ်နော်လိုပဲ... လူတစ်ယောက်ရဲ့ အနာဂတ်ကို ပိုင်စိုးချင်တာလားလို့ မေးတာပါ၊ လူတစ်ယောက်ဟာ ဘယ် အချိန်မှာ ဘာဖြစ်မယ်၊ ဘာကိုဖြစ်ရမယ်၊ ဒီလိုမျိုး မျက်စိမှိတ် ယုံတတ်သလားလို့ မေးတာ"

"မယုံချင်ဘူးမယ့် မှန်တဲ့အခါ ဘယ်လို လုပ်မလဲ သက်ငြိ"

"ဒါတွေအားလုံး တိုက်ဆိုင်တာပါလို့ သက်သေပြလို့ မရဘူးလား ရွှေလပြည့်၊ ဒါတွေအားလုံး အယူသီးတာ တွေပါလို့ကော ပြောလို့မရဘူးလား"

ရွှေလပြည့်သည် ကိုယ့် လက်သန်းပြတ်ကလေးကို ငုံးစိုက်ကြည့်ရင်း စိတ်ပိုနဲ့လာသည်။

"ယုံကြည်မှု ဒီပ်ပြင်းထန်ရင် ဖြစ်တတ်တယ် ဆိုတဲ့ သဘောကို ဘုရား ဟောခဲ့တာပဲ ရွှေလပြည့်ရဲ့၊ ဒီတော့ လူတစ်ယောက်ဟာ ငါ ဒါဖြစ်မယ်... ဒါဖြစ်မယ်ဆိုပြီး စိတ်စွဲ ထွဲနေရင် ဖြစ်ပြီပေါ့၊ အခု ထူးချွန်ဖြစ်တာ စိတ်စွဲလို့ပဲ၊ အဲသလို စိတ်စွဲအောင် ဒွေးမယ်နော်က လုပ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ့ လက်သန်းကလေး တုန်းကလည်း ရွှေလည်း အဲသလိုပဲ ခံစားရတာပဲ သက်ငြိမ်"

"ဒွေးမယ်နော်က အဲဒီအချိန်မှာရော ပျော်နေခဲ့တာပဲ လား"

ရွှေလပြည့် ပြန်မဖြေတော့ ...။

သက်ငြိမ်ကမူ ရွှေလပြည့်၏ လက်သန်းထိပ်ပြတ်ကို ကြည့်ပြီး ကံကြမ္မာဆိုတာ ဘာကြောင့် ဇောက်ကိန်းများနှင့် တည့်တည့်တိုးတတ်ပါသလဲဟု တွေးမိသည်။

လွှဲချော်တာရော မရှိနိုင်ဘူးလား။





နောက်နှစ်ရက် အကြာတွင် ရွှေလပြည့် မန္တလေးသို့ ပြန်သည်။ နော်ကတော့ ကျောင်းတက်မြဲတည်း။ သို့သော် ကျောင်းတွင် ဆုံရသော သက်ငြိမ်၏ မျက်လုံးများကိုတော့ နော် ရင်မဆိုင်ရဲချေ။

နော့်ကို ရန်လိုနေပုံ ရသော ထိုမျက်ဝန်းများသည် ကြင်နာမှုအငွေ့အသက် တစ်စက်တလေမှ ရှိမနေခဲ့သည့် အပြင် ခက်ထန်မှုများပါ တွေ့ရလေ့ရှိသည်။

နော်လည်း ဘယ်သူ့ကိုမှ တဲရော့ဒ် ဟောပေးမနေ တော့ပါချေ။

ထူးချွန် ဆေးရုံက ပြန်ဆင်းလာသည့်ညက နော့်ဆီကို ဆက်သည်။

"တော်ပါသေးတယ်ဗျာ... ကျွန်တော့် ခန္ဓာကိုယ်က အတက်ထွက်သွားတာ... ဘာပဲဖြစ်ဖြစ် ဆိုးရွားရကျိုး ပါတယ်၊ တခြားတစ်ခုမဟုတ်တာ... တော်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



နော်က ဘာမှပြန်မပြောဘဲ ငြိမ်၍သာ နားထောင်နေသည်။ ပြောချင်စိတ်လည်းမရှိ။ နော် စကားပြောတာ ဆင်ခြင်ရမည်ဟု အလိုလို ဆင်ခြင်မိလျက် ရှိသည်။

"နော် အခု ဘာလုပ်နေလဲ"

"နော် စာဖတ်နေတာ"

"ကျွန်တော်နဲ့ စကားပြောရတာ အနှောင့်အယှက် မဖြစ်ဘူးမို့လား"

"ရပါတယ်"

"နော် တဲရှော့ဒ်ကို ကိုယ့်အတွက်ရော ကိုယ့်ဘာသာ ချိုးဖူးသလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ နော်"

"နော့်ဘဝမှာ စိတ်ညစ်စရာ ဆိုတာ ရှိမှ မရှိခဲ့ဘဲ ပြီးတော့ သူများကို ဘာဖြစ်မယ် ပြောရတာက ကိုယ် ဘာဖြစ်မယ် ဆိုတာထက် စိတ်ဝင်စားစရာ ကောင်းတယ်"

"ဒါဆို နော်က မတရားဘူး"

"ဟုတ်ချင် ဟုတ်မှာပေါ့"

"ကျွန်တော့်ကို သက်ငြိမ် ပြောဖူးတယ်"

"သက်ငြိမ်က ဘာပြောဖူးလို့လဲ"

"နော်က တစ်ဦးတည်းသော သမီးမို့လား"





"ဟုတ်တယ်"

"တစ်ယောက်တည်း မွေးထားတော့ အရမ်းပျင်းပြီး အထီးကျန်တာနဲ့ ဂမ္ဘီရဆန်ဆန်တွေ စိတ်ဝင်စားတာ နေမှာပေါ့တဲ့"

"သြော်..."

"ပြီးတော့ ကျွန်တော်က ကိုယ်စိတ်ဝင်စားလို့ အမှတ်တွေ စွတ်တင်နေတာတဲ့"

ဇာတ်လမ်းကတော့စပြီ။ နော့်ကို ဒီလိုမျိုးပဲ စခဲ့ဖူးပေါင်းများစွာ ခံရတာမို့ နော်သည် ထူးချွန်စကားကို မတုန်မလှုပ်ဘဲ ရှိနေသည်။

နော် စိတ်ဝင်စားတာက သက်ငြိမ်ရဲ့ ခက်ထန်သော မျက်လုံးများသာ ဖြစ်သည်။ နော့်ကို အဲဒီမျက်လုံးတွေက တစ်ဆင့် သက်ငြိမ်က စိန်ခေါ်နေသလို ခံစားရသည်။

"သက်ငြိမ်မှာ ရည်းစားရှိလား ထူးချွန်"

ရုတ်တရက် မေးလိုက်သော မေးခွန်းကြောင့် ထူးချွန် စိတ်ထဲမှာ အောင့်သက်သက် ဖြစ်သွားသည်။

ကိုယ်က စွတ်တင်နေချိန်မှာ သူက ကိုယ်ပြောတာကို ကြားတဲ့ပုံစံတောင် မပြဘဲ သူ သိချင်တာသာ မေးသည်။

"အများကြီးပဲဗျ"

"ဘယ်လိုများတာလဲ"

"ဒီကောင်က အင်တာနက်မှာ Chatting ဝင်တယ်၊ သူ့ရည်းစားတွေက နိုင်ငံမျိုးစုံမှာ ရှိတယ်၊ လူတော့ မြင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာပေါ့ဗျာ၊ ဒါပေမယ့် အသံတော့ ကြားရတာပေ
ဂျီတော့ကနေ ပြောတာ"

"သူက အဲဒါတွေ ဝါသနာပါတယ်လား"

"ဟုတ်တယ်၊ သူက ကွန်ပျူတာရှေ့မှာ ထိုင်နေရရင်ကို
စိတ်ချမ်းသာနေတဲ့ကောင်၊ ကျွန်တော်သာ သူ့နေရာမှာဆို
ပျင်းပြီး သေလိမ့်မယ်၊ သူကတော့ ပျော်နေတာပဲ"

"အဲဒါ ကလေးကလား အလုပ်တွေ မဟုတ်ဘူးလား"

"ဗျာ..."

"စကားများတယ်ဆိုတာ စိတ်ဝင်စားစရာကောင်းတဲ့
အလုပ်မှ မဟုတ်တာ"

"ဒါဆို ဗေဒင်ဟောတဲ့ အလုပ်ကမှ စိတ်ဝင်စားစရာ
ကောင်းတယ်... ဒီလိုလား"

"အင်းပေါ့... လူတစ်ယောက်ရဲ့ အနာဂတ်ကို ကြိုတင်
မှန်းဆရတဲ့အလုပ်က ခက်လည်းခက်တယ်၊ စိတ်ဝင်စားစရာ
လည်း ကောင်းတယ်"

"ဒါဆို ကျွန်တော် မေးမယ်နော်"

"အင်း..."

"နော် စောစောက ပြောခဲ့တယ်၊ နော့်မှာ စိတ်ညစ်စရာ
မရှိဘဲ ဆိုတာလေ၊ ဒါဆို စိတ်ညစ်စရာရှိမှ နော်က တဲရှော
ချိုးပေးတာပေါ့၊ ဟုတ်လား"

"ဘယ်လိုပြောရမလဲ"

"မပြောတတ်ရင် မပြောပါနဲ့"





"သူများတွေက မေးတဲ့အခါ ဖြေတာမျိုးရယ်၊ တစ်ခုခု
နှိမိတ်ထင်လို့ ဖြေတာမျိုးရယ်၊ နှစ်ခုလုံးက နော့်မှာ အပြစ်
မရှိဘူးလို့ ထင်တယ်"

"နော့်ကို အပြစ်တင်နေတာမှ မဟုတ်ဘဲ"

"ဒါပေမယ့် နော့်ကို အမြင်စောင်းနေကြသလားလို့ပါ"

"ဘယ်သူတွေကလဲ"

"ဥပမာ... သက်ငြိမ်ပေါ့"

"သက်ငြိမ်... သက်ငြိမ်က နော့်ကို အမြင်စောင်း
နေတယ်လို့ ဘာကြောင့် ပြောနိုင်တာလဲ နော်၊ ကျွန်တော့်
သူငယ်ချင်းက အပြောနည်းနည်း ဆိုးတာကလွဲပြီး သဘော
ကောင်းပါတယ်၊ အပြောဆိုးတာကလည်း သူက ကျွန်တော့်ကို
အရမ်းခင်လို့ပါ၊ ကျွန်တော်တို့က နော်နဲ့ မြွေလပြည့်လိုပဲ
ခင်ဗျ၊ ဟဲ...ဟဲ..."

"မြွေ တောင် ပြန်သွားတာ နှစ်မှတ်ရှိပြီ"

"ဟုတ်လား... အဲဒါဆို နော် ပျင်းနေမှာပေါ့၊ ဒါနဲ့
မြွေလပြည့် လိပ်စာလေး ကျွန်တော့်ကို ပေးလို့ရမလား နော်"

"ရပါတယ်... ဘာလုပ်ဖို့လဲ မသိဘူး"

"ဟို... မိတ်ဖြစ် ဆွေဖြစ်ပေါ့ဗျာ"

နော်သည် ထူးချွန်စကားကို ရိုးသားစွာပဲ ယုံကြည်
လျက် မြွေရဲ့လိပ်စာအပြည့်အစုံကို စိတ်လိုလက်ရ ရွတ်ပြလိုက်
သည်။

❧ ❤ ❧



www.burmeseclassic.com

www.burmeseclassic.com



"သက်ငြိမ်... မင်း ညနေကျရင် လက်ဖက်ရည်ဆိုင် သွားဦးမှာလား"

"အဖေ... ဘာခိုင်းစရာရှိလို့လဲ၊ ရှိရင် သား မသွား တော့ဘူး"

"သားနဲ့ စကားနည်းနည်း ပြောချင်လို့"

သက်ငြိမ် စိတ်ထဲ ထင့်သွားသည်။ ထူးထူးဆန်းဆန်း စကားနည်းနည်း ပြောချင်တာများ အခုကတည်းက ပြောလိုက်ရင် ပြီးတာပဲဥစ္စာ။ သို့သော် အဖေသည် အစ,ကတည်းက စကားများများ မပြောတတ်သော အကျင့်ရှိသည်။ အမေနှင့် မတူ။

အစ်မတစ်ယောက်နှင့် ညီတစ်ယောက် ရှိသော်လည်း အဖေသည် သက်ငြိမ်ကိုသာ အချစ်ဆုံးဖြစ်သည်။ ထို့ကြောင့် သူကြိုက်သော ဘူးအိမ်သင်၏ သီချင်းနာမည်ကို သက်ငြိမ်အား ပေးထားခြင်း ဖြစ်သည်။





"ဒါဆို သား မသွားတော့ဘူး အဖေ"

"အေး... အေး... မင်း ထမင်းအရင် စားလိုက်ဦး"

ထမင်းစားပွဲမှာ အစ်မဖြစ်သူက ခပ်တိုးတိုး သတင်း ပေးသည်။

ထိုသတင်းကြောင့် စားလက်စ ထမင်းလုတ် လည်ချောင်းမှာတင် နင်သွားသည်။

"နင့်ကို မိန်းမပေးစားမလို့"

"မဟုတ်က ဟုတ်ကတွေဟာ... ငါ့အသက် အခုမှ ဆယ့်ရှစ်နှစ် ရှိသေးတာ၊ အဖေက ဒီလောက် ရက်စက်ပါ့ သလား"

ဆယ်တန်းရောက်နေသူ ညီကလည်း ထောက်ခံရှာသည်။

"ဟုတ်တယ် ကိုငြိမ်၊ သား အဖေ့အခန်းထဲမှာ ဓာတ်ပုံ တွေ့ခဲ့တယ်၊ ကောင်မလေးက ကိုငြိမ်နဲ့ အရွယ်တူလောက်ပဲ၊ ရှိတယ်"

"သားအဖေနဲ့သိတဲ့ မန္တလေးက ပွဲရုံပိုင်ရှင် အဘွားကြီးရဲ့ မြေးလို့ ပြောတာပဲ၊ အမေတော့ ဒီပေးစားတာ သဘောတူ တာတွေ စိတ်မဝင်စားဘူး၊ မင်းအဖေက မဟုတ်က ဟုတ်က မိန်းကလေးတွေနဲ့ တွေ့သွားမှာစိုးလို့တဲ့၊ ပြောတာပဲ"

"အမေက နည်းနည်းပါးပါး မပြောဘူးလား"

"မင်းအဖေအကြောင်း မင်း သိတယ်မို့လား၊ သူလုပ်ချင် ရင် ဘာမှတားလို့ရတာ မဟုတ်ဘူး၊ လူတိုင်း မ[illegible]မောတဲ့



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားရေးမှူး ရာထူးကထွက်ပြီး ကုန်သည်လုပ်စားနေတာ သာ ကြည့်တော့”

“မသိဘူးဗျာ... သားတော့ မကြိုက်ဘူး။ သားကြိုက်တာ သား ရှာယူမှာပဲ”

“မင်းအဖေ ပြောကြည့်ပေါ့”

ထမင်း လေးငါးလုတ်သာ စားဝင်ပြီး လက်ဆေးကာ လက်သုတ်သည်။

ဧည့်ခန်းထဲမှာ အဖေက သတင်းစာဖတ်ရင်း သက်ပြင်းကို စောင့်နေသည်။

“လာ... ထိုင်... သက်ပြင်း”

ခဏထိုင်နိုင်းထားပြီးမှ ချောင်းဟန့်လိုက်သည်။

“အဖေ့ အသိတစ်ယောက်ရဲ့သား ပြီးခဲ့တဲ့လက မိန်းမ ခိုးပြေးလို့ကွာ”

“ဟုတ်ကဲ့”

ပါးစပ်ကသာ ဟုတ်ကဲ့။ စိတ်ထဲက သူ့ဟာသူ ခိုးပြေးတာ သားနဲ့ ဘာဆိုင်လို့လဲဗျ ဟု ပြန်မေးမိသည်။ အပြင်မှာ တော့ မမေးရဲ။

“ကောင်မလေးက သားတို့ထက် တစ်နှစ်ပဲငယ်မယ်။ အခုမှ ဆယ်တန်းဖြေထားပြီး၏၊ အောင်စာရင်းတောင် မထွက် သေးဘူး”

“ဟုတ်ကဲ့”





“ကောင်မလေးကတော့ အပျိုပါပဲ”

“ဟုတ်ကဲ့”

“ဒါပေမယ့် မျိုးရိုးမကောင်းဘူးကွ”

“ဗျာ...”

“ကောင်မလေးတွေက ဆင်းရဲတယ်၊ ဆင်းရဲတာ ဘာပြောစရာရှိလဲကွာ၊ ပိုက်ဆံရှာရင် ချမ်းသာမှာပဲ၊ အခုက ဆင်းရဲတာ အကြောင်းပြုပြီး ကောင်မလေးအစ်မ လုပ်တဲ့ အလုပ်က တော်တော်ဆိုးတယ်၊ မိဘတွေကလည်း ထိုင်စား ရက်တယ်၊ အဲဒီလိုမိသားစုမျိုးက မွေးလာတဲ့ မိန်းကလေးမျိုးနဲ့ သားကို တွေ့မှာ အဖေ အကြောက်ဆုံးပဲ”

“ဟုတ်ကဲ့”

“သား... စကားပုံတစ်ခု ကြားဖူးလား။ စားရမှာလည်း သဲနှင့်ရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနှင့်ဝင်းဝင်း ဆိုတာလေ”

“ဟုတ်ကဲ့”

“လူဆိုတာ ကိုယ်က,ကျူး ကိုယ့်ဒူးတောင် ယုံရတာ မဟုတ်ဘူး”

“ဟုတ်ကဲ့... အဖေ”

“ဒီတော့ မျိုးမသန့်တဲ့ အမျိုးနဲ့ သွားပတ်သက်မိရင် ကိုယ့်ဂုဏ်သိက္ခာ ဘယ်နားသွားထားမလဲ၊ မိန်းမ ဆိုတာ အရှည်သဖြင့် ယုံကြည်ရတာမဟုတ်ဘူး၊ တော်ကြာ အရှုံး အမဲသား ကျွေးမိသလို မစားဘူးတော့ တန်းတန်းစွဲပြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သားကို စိုးတယ်၊ သားတို့အရွယ်က ထိန်းရမယ့် အရွယ်၊ အဖေ စကားသိပ်များများ မပြောတတ်တာ သား သိပါတယ်"

"ဟုတ်ကဲ့"

သက်ငြိမ်သည် အဖေနှင့် ကိုယ့်ကို မမြင်တော့ဘဲ တရားချ ဆရာတော်နှင့် ကပ္ပိယအဖြစ် မြင်နေမိသည်။ တရားချဆရာတော်က ဒီလိုအကြောင်းကြီးရဲ့ ဆိုလျှင် ကပ္ပိယခမျာ တင့်ပါ့ဘုရားချည်း ထူးရသည် မဟုတ်လော၊ အခုလည်း ဟုတ်ကဲ့ အဖေချည်း လိုက်နေရသည်။

"အဲဒါ..."

"သား မိန်းမ မယူချင်သေးဘူး အဖေ"

"ဟေ... မင်းကို ဘယ်သူက ပေးစားမှာမို့လဲ"

"ဟို..."

"အခု မင်းကို ငါ ဆုံးမနေတာ၊ မိန်းမပေးစားဖို့ မဟုတ်ဘူးကွ၊ မင်းကို မဖြစ်သင့်တာ မဖြစ်ရအောင် သူများ ပျက်တာ ကြိုပြီး ပြောပြနေတာ"

"ဟုတ်ကဲ့...ဟုတ်ကဲ့..."

"မင်းအရွယ်က မိန်းမယူရမယ့် အရွယ်လည်း မဟုတ်သေးဘူး၊ ဒီမှာ မင်းကို ငါ့သားမို့ သဘောကျပြီး စပ်ဟပ်တဲ့ လူတောင် ရှိသေးတယ်၊ မင်း ဘွဲ့ရပြီးမှ ပေးတွေ့မယ်လို့ ငါက စိတ်ကူးထားတယ်၊ မကြိုက်လည်း မယူနဲ့ပေါ့၊ ငါက သားသမီးကို ကြိုးနဲ့ချည် မျိုးစပ်တဲ့အဖေမျိုး မဟုတ်ဘူးကွ၊





မင်းကို မဖြစ်သင့်တာ မဖြစ်ရအောင် ပြောပြနေတာ၊ မင်းက နွားရှေ့ ထွန်မကျူးနဲ့..."

"သား မသိလို့ပါ အဖေ... စိတ်မဆိုးပါနဲ့"

"ဆယ့်ရှစ်နှစ်နဲ့ ဘယ်သူက မိန်းမယူချင်မှာလဲ၊ ငါ သိတာပေါ့၊ ငါတောင် ဘွဲ့ရပြီးမှ ယူခဲ့တာ၊ ဒီအလုပ်က လုပ်လေ ကောင်းလေပဲ၊ သားကျွေးမှု မယားကျွေးမှုအပြင် နားငြီးမှုက အဆစ်ပါသေးတယ်"

"ရှင် ဘယ်သူ့ကို ပြောနေတာလဲ ကိုသုတ၊ နားငြီးအောင် ပြောတာ ပြောစရာရှိလို့ ပြောတာပေါ့၊ သက်ငြိမ် သား ဖုန်းလာနေတယ်၊ ထူးချွန်ဆီက... သွားပြောချေ"

အမေ့ကို ကျေးဇူးတင်လိုက်တာ မပြောပါနှင့်တော့။ ဒီအချိန်မှာ ဖုန်းဆက်တဲ့ မယ်မင်းကြီးသား ထူးချွန် ကျန်းမာပါစေ... ချမ်းသာပါစေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို အခုလာခဲ့ သက်ငြိမ်"

"အိမ်မှာ အဖေနဲ့ အမေ ဟိုဒင်း ဖြစ်နေတယ်၊ ငါထွက်လာလို့ မရဘူး"

"သူ့ဟာသူ ဟိုအင်းဖြစ်တာ... အန်...ဘာဖြစ်တာလဲ"

"ရန်ဖြစ်တာ... ရန်ဖြစ်တာ"

"ဘာဖြစ်လဲ... ထားခဲ့ပေါ့ကွ...၊ ငါ ရွှေလပြည့်လိပ်စာ ရလာပြီ"

"မင်း ဘယ်လိုရလာတာလဲ"

"ကောင်မလေး ပြန်သွားတာ နှစ်ပတ်ရှိပြီကွ၊ နော့်ဆီက တောင်းလာတာ၊ မင်း လိုချင်နေတာ ငါ သိတယ်လေ၊ ဟဲ...ဟဲ... ကျေးဇူးတင်ရင် လက်ဖက်ရည် လာတိုက်ချေ"

"ခဏစောင့်ကွာ... ငါ့ အိမ်နောက်ဖေးဘက်က ပတ်ထွက်ခဲ့မယ်"





လက်ဖက်ရည်ဆိုင် ရောက်သောအခါ ထူးချွန်နှင့်အတူ တစ်ရုပ်ကွက်တည်းသားများဖြစ်သော မြတ်ကြီးနှင့် ကျော်ဇော တို့ကိုပါ တွေ့ရသည်။ မြတ်ကြီးက သက်ငြိမ်တို့နှင့် ကျောင်း တော့။ ဂျီတီစီမှ ကျောင်းသား၊ ကျော်ဇောက အဝေးသင်သမား။ သို့သော် ရွေးယောက်သား ညနေတိုင်း လက်ဖက်ရည်ဆိုင် ဆိုင်ဖြစ်သည်။

သက်ငြိမ် ရောက်သွားတော့ မြတ်ကြီးက မဂ္ဂဇင်း တစ်ပုဒ်ပါ ဆောင်းပါး တစ်ပုဒ်အကြောင်း ပြောလက်စ။ သက်ငြိမ်ကို မြင်တော့...

"လာ... ညီလေး၊ မင်းရောက်လာတာနဲ့ အတော်ပဲ၊ မင်းလည်း ဝင်ဆွေးနွေးပါဦး"

"ဘာကို ဆွေးနွေးရမှာလဲ... စိတ်မပါဘူးဗျာ၊ အိမ်မှာ လည်း စကားပုံသင်တန်း တက်ခဲ့ပြီးပြီ၊ နားကို ငြီးနေတာပဲ၊ ကျွန်တော့်အဖေက စကားပုံတွေ တစ်အုပ်လုံး ကျက်ထား သလားတောင် မသိဘူး"

"လူကြီးတွေက အဲသလိုပဲကွ၊ သူတို့မှာ စကားတစ်ခွန်း ကို အကိုးအကားနဲ့ မပြောရရင် စကားလို့ မထင်တော့ဘူး၊ အဲသလိုပြောပြီး ဆုံးမ,ရတာကိုလည်း သိပ်ကြိုက်ကြတယ်"

ကျော်ဇောက သက်ငြိမ် စကားကို ထောက်ခံပုံဖြင့် သင်ပြောပြသည်။

"ဒါနဲ့ ခင်ဗျားတို့ အခုဆွေးနွေးနေတာ ဘာခေါင်းစဉ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇောက...

"တာရီလို့ ခေါ်တဲ့ ကံကြမ္မာဖဲချပ်တွေအကြောင်း"

သက်ငြိမ်က...

"တာရီ... ဟုတ်လား၊ တဲရော့ဒ် လို့ခေါ်တာ မဟုတ်

ဘူးလား"

မြတ်ကြီးက...

"မဟုတ်ဘူးတဲ့ကွ၊ ငါလည်း စာအုပ်ထဲမှာ ဖတ်လိုက်ရ

သိတာ၊ တာရီကမှ အသံထွက် အမှန်တဲ့၊ ပြီးတော့ တာ

တစ်ချပ်ချင်းစီမှာ အဓိပ္ပာယ်တွေ အများကြီးတဲ့"

သက်ငြိမ်က...

"နေပါဦး... ခင်ဗျားတို့ကို အဲဒီအကြောင်းတွေ ဘယ်သူ

စ,ပေးတာလဲ၊ ထူးချွန်မှ ဟုတ်ရဲ့လား"

ထူးချွန်က...

"ဟုတ်တယ်... ငါ စပေးတာ၊ ဒီလောက် စိတ်ဝင်စား

စရာ ကောင်းတဲ့ ကတ်တွေလောက် အံ့သြစရာကောင်းတာ

ရှိဦးမလား"

သက်ငြိမ်က...

"ကိုမြတ်ကြီးက ယုံလို့လား"

ကိုမြတ်ကြီးက...

"ငါ ပေဒင်မှ စိတ်မဝင်စားတာ၊ ဒါပေမယ့် တချို့ကိ

တွေက လက်မခံလို့ မရဘူး၊ လက်ခံပေးရတယ်၊ ဥပမာ





ထူးချွန် ကောင်မလေးရဲ့ တစ်ဖက်သတ် အမြင်မှုးရှုတာမျိုးပေါ့၊ နေရင်းထိုင်ရင်း ထူးချွန် သွားလည်း ဆုံး၊ အူအတက်လည်း ပြွန်းတီးတဲ့ဘဝ ရောက်သွားတာ"

သက်ငြိမ်က...

"ကျွန်တော်ကတော့ တိုက်ဆိုင်တာလို့ပဲ သတ်မှတ်တယ်၊ ဒီတဲရော့ဒ်ကတ်တွေက အမြဲမှန်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပြီးတော့ အနာဂတ်ဆိုတာ လက်ရှိ သူ ဘာလုပ်နေသလဲ ဆိုတာနဲ့ အဓိကထား ပတ်သက်တာပဲဗျ၊ အဓိကကတော့ဗျာ ကိုယ့်စိတ် ကိုယ်လုံခြုံမှု ရှိအောင်လို့ လူတွေက ဆွဲမိဆွဲရာ ဆွဲကြတဲ့ သဘောပါ"

ထူးချွန်မျက်နှာက သိပ်မကြည်လင်ချင်တော့။ 'ငါက ကိုယ်တွေ့ကြုံခဲ့ရတာ' ဟု အသံတိမ်တိမ်ဖြင့် ဆိုသည်။

"အဲဒါတွေကို တိုက်ဆိုင်တာပါလို့ မင်း မယုံသေးဘူးလား"

"မင်း ဆက်ပြောနေရင် ငါ ရွှေလပြည့်လိပ်စာ မပေးတော့ဘူး"

"မပေးလည်း နေပေါ့၊ ငါ တကူးတက လိုက်မတောင်းပါဘူး၊ ငါနဲ့တိုက်ရင် ငါ့ဆီလိုက်လာလိမ့်မယ်၊ မင်းသာ ဒွေးမယ်နော်၊ ကျောင်းပြီးရင် ဟောခန်းဖွင့်ဖို့နေရာ ခုကတည်းက လိုက်ရှာထားချေ၊ ဘုရားတစ်ခုခုမှာမှ မရ,ရင် ငါတို့အိမ်က ဆိုင်ခဲ့ဘားမှာ အခန်းဖွဲ့ပေးမယ်၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန် တကယ်စိတ်ဆိုးပြီး ထွက်သွားတော့မှ ကျော်ဇောနှင့် မြတ်ကြီးက သက်ငြိမ်ကို ဖျောင်းဖျကြသည်။

"ထိပ်တိုက်မတိုးရဘူးကွ သက်ငြိမ်ရ၊ သူက သိပ်ယုံနေတဲ့ အချိန်မှာ မင်းက ဘာမှမဆိုင်သလို နေပေးလိုက်ရင် ပြဿနာမဖြစ်ဘူး၊ သူငယ်ချင်း အချင်းချင်း ဘာမဟုတ်တာနဲ့ အငြိမခံစမ်းပါနဲ့"

"ဒါနဲ့ မင်းကောင်မလေးနာမည်က ရွှေလပြည့်တဲ့လား"

"ကောင်မလေး မဟုတ်ပါဘူးဗျာ... ဒီလိုမှ သိတာ၊ ထူးချွန် ကြိုက်နေတဲ့ ကောင်မလေးနဲ့ သူငယ်ချင်း"

"ဒါဆို တစ်ဂိုဏ်းတည်းပေါ့"

"မတူဘူးဗျ... ရွှေလပြည့်က သာမန်ပဲ၊ သာမန်မိန်းကလေး တစ်ယောက်ပါပဲ၊ ဘာမှမထူးခြားဘူး။ သိပ်လည်း မလှဘူး၊ ဒါပေမယ့် သဘောကျစရာ ကောင်းတယ်၊ အင်းဗျာ ကျွန်တော် ထူးချွန်ကို လိုက်ချော့လိုက်ဦးမယ်၊ ဒီကောင့်စိတ်က မိန်းကလေးလိုပဲ၊ အစွဲအလမ်းလည်း ကြီးတယ်၊ နုတယ်"

ထူးချွန်အိမ်လိုက်သွားတော့ မှောင်စပြုနေပြီ။ ထူးချွန်သည် စာကြည့်စားပွဲမှာ တစ်စုံတစ်ခုကို ရှာဖွေရင်း စာအုပ်တစ်အုပ်ကို သက်ငြိမ်ရှေ့ ချပေးသည်။





"အဲဒါ ဒီရက်ပိုင်းအတွင်း ရနိုင်သမျှ တဲရော့ဒ်နဲ့ ဆော်သက်တဲ့ ဆောင်းပါးတွေ စုချုပ်ထားတဲ့ စာအုပ်"

"ငါက ဘာလုပ်ရမှာလဲ"

"မင်းဖတ်ဖို့"

"မဖတ်ချင်ဘူး"

"မင်းမယုံတာ ငါ အပြစ်မတင်ပါဘူး သက်ငြိမ်၊ မယုံသိုင်း မစော်ကားသင့်ဘူးလို့ ငါ ပြောချင်တာ"

"ငါ အခု ဘယ်သူ့ကိုမှ မစော်ကားရပါဘူး"

"နော့်ကိုလေ... နော့်ကို ဖဲဟာခန်း ဖွင့်စားပါလားလို့ မင်းကိုယ်တိုင် သွားပြောရဲလား၊ ပြော... မပြောရဲဘူးမို့လား၊ ဒါကြောင့် အိတ်ထောင်ထဲက လက်သီးမပြပါနဲ့လို့ ရှေးလူကြီးတွေ မှာခဲ့တာ"

"မင်းဟာမလေး ထိရင် မင်းက ဆတ်ဆတ်ထိမခံဘဲ"

"ဒီမှာ ရွှေလပြည့်လိပ်စာ၊ မင်း ဒါလိုချင်လို့ ငါ့နောက်လိုက်လာတာ မဟုတ်လား"

"မဟုတ်ဘူး၊ မင်း ငါ့ကို နာတင်းသွားတယ် ထင်လို့"

"ဒါဆို ရွှေလပြည့်လိပ်စာ မင်း စိတ်မဝင်စားဘူးပေါ့"

"မင်း ဘာစိတ်ကူးနဲ့ သွားတောင်းတာလဲ"

"မင်း လိုချင်နေမယ် ထင်လို့"

"မလိုပါဘူး... ဒီလိုပဲ မိန်းကလေး တစ်ယောက် ခေါ်တပ်မလိမ်းဘဲ နေတာမျိုးက ခုချိန်မှာ သိပ်မရှိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေလပြည့်က တကယ့် ပြောင်မျက်နှာနဲ့နေတာ ငါ သဘောကျ
တယ်၊ ပြီးတော့ ရွှေလပြည့်ရဲ့ လက်သန်း တစ်ချောင်းက
ထိပ်ပြတ်နေတာ မင်းသိလား"

"ငါသိပြီးပြီ၊ ရွှေလပြည့်ကိုယ်တိုင် ပြောပြတာ၊ အဲဒီမှာ
မင်းနဲ့ ရွှေလပြည့်မှာ တူတာတစ်ချက်ကို အမှတ်မထင် ငါ
သွားတွေ့ခဲ့တာပဲ"

"ဘာတူတာလဲ"

"ရွှေလပြည့်က ဟောကိန်းတွေကို အမြဲမှန်တယ်လို့
မယုံဘူး။ လက်တွေ့နဲ့ယှဉ်ပြီး ဆုံးဖြတ်တတ်တယ်"

"အဲဒါနဲ့ သူ့လိပ်စာ တောင်းလိုက်ရောလား"

"မင်းမှာ ရည်းစားတွေ အများကြီးရှိတာ ငါ သိပါတယ်
သက်ငြိမ်၊ ဒါပေမယ့် အဲဒါ အင်တာနက်က အပျော်တွေ
မင်းနဲ့ Language တူတာ တစ်ယောက်မှမရှိဘူး။ ရွှေလပြည့်က
မင်းနဲ့ Language တူလောက်တယ်"

"အဲဒီတော့..."

"မင်း စိတ်မဝင်စားတာ တကယ်လား"

"မင်းရည်ရွယ်ချက်က ဘာလဲ ထူးချွန်"

"ရှင်းရှင်းလေးပဲ... မင်းတို့နှစ်ယောက်လုံး ကံကြမ္မာ
မယုံဘူးမို့လား။ မင်းတို့လို လူနှစ်ယောက်တွေ့ရင် ဘာဖြစ်လာ
မလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းတယ်"

"မင်းနဲ့ ဒွေးမယ်နော်က ကံကြမ္မာကို ယုံတယ်ပေါ့"





"ငါက ဒွေးမယ်နော်ကို ယုံတာ"

"ပေါ့ပဲ"

ထူးချွန်ဆီက ပြန်လာပြီး အိမ်ရောက်သောအခါ
ရွှေလပြည့် လိပ်စာ ရေးထားသည့် စာရွက်ခေါက်လေးကို
အမှတ်မထင် ပြန်ကြည့်လိုက်သည်။ အီးမေးလ်လိပ်စာပါ
ပါနေသည့်အတွက် စာရေးဖို့တော့ စိတ်ကူးမိသည်။

သို့သော် သက်ငြိမ်မှာ ဘာရေးရမည်ကို စဉ်းစားဆဲ
ရှိသည်။ ခင်မင်ရင်းနှီးစွာဖြင့် ဆိုတာမျိုး သုံးရအောင်
ကြတာ ခဏပဲ ရှိသေးသည်။

ရွှေလပြည့်...

**မန္တလေး ပြန်သွားပြီဆို၊ ငါ့ဆီ စာပြန်ပို့ပါ။**

သက်ငြိမ်

ဟု အစ,ရိုက်၍ ပို့လိုက်ရာ ဆယ်မိနစ်ပင်မကြာ။
စာ ရောက်လာသည်။ ကြည့်ရတာ အခုအချိန် သူလည်း
ကွန်ပျူတာထိုင်နေချိန် ထင်သည်။

"အခုဘာလုပ်နေလဲ၊ ငါ အခု ခေါင်းကိုက်လို့ သီချင်း
နားထောင်နေတာ၊ ပြန်ရောက်တာ နှစ်ပတ်ရှိပြီ၊ အသွားက
ထောင်းပြန်ခေါ်လို့ ပြန်ရတာ၊ ရန်ကုန်မှာပဲ ပျော်တယ်၊
အဖေတွေနဲ့လည်း တူတူနေချင်တယ်၊ ဒီမှာကလည်း အသွား
ဘ ငါ မရှိတော့ ပျင်းလို့တဲ့၊ နင် မန္တလေး ရောက်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဖူးဘူး... လုလား"

"ပူတယ်"

"အဲဒါတော့ သိတာပေါ့ဟ၊ စာထဲမှာလည်း ဖတ်ဖူးတယ်၊ ရုပ်ရှင်ထဲမှာလည်း ပါတယ်၊ မန္တလေးက စက်ဘီးမြို့၊ အခု ဆိုင်ကယ်မြို့လေ..."

"ငါ ဆိုင်ကယ် မစီးတတ်ဘူး"

"တကယ်လား"

"အဘွားက ပေးမစီးလို့"

"အခု ဘာသီချင်း နားထောင်နေတာလဲ"

"အင်း... ထူးအိမ်သင်..."

"ဘာသီချင်းလဲ"

"ကြယ်တွေစုံတဲ့ည"

"စီဒီနဲ့ နားထောင်တာလား"

"စက်ထဲထည့်ထားတာ $MP_3$ လေ"

"ငါ့ဆီမှာ သူ့သီချင်းတွေ အကုန်ရှိတယ်၊ ပို့ပေးရမလား"

"ရတယ်... ငါ့ဆီမှာလည်း ရှိတယ်"

"နောက်ထပ် ဘယ်သူ့သီချင်းတွေ နားထောင်သေးလဲ"

"လေးဖြူ၊ အငဲ၊ ဝိုင်ဝိုင်း၊ မျိုးကြီး၊ Rဇာနည် အစုံပဲ၊ စိုင်းစိုင်းခမ်းလှိုင်လည်း နားထောင်တာပဲ"

"ကြိုက်လား"

"အကြွင်းမရှိကို ကြိုက်တယ်"





"ဘာကိုလဲ"

"တူလို့"

"ဘာနဲ့တူတာလဲ"

"လူ့ဘဝနဲ့..."

သက်ငြိမ် ဖျားသွားသည်။ ဒါကြောင့် ထူးချွန်ကခင်းနဲ့ သူ စကားပြောလို့ရပါတယ် ဟုပြောတာ ဖြစ်လိမ့်မည်။ စကားပြောနေကျမို့ ရွှေလပြည့်သည် စကားပြောဖက်ကောင်း တစ်ယောက် ဖြစ်လာမည်ဟု အလိုလို သိလိုက်သည်။

"သီချင်း နားထောင်ရင် ခေါင်းမကိုက်ဘူးလား"

"ဘယ်ကလာ ခေါင်းကိုက်တာ သက်သာတာ၊ စိတ်ရဲ့ Tension လျော့သွားလို့"

"ဘာလို့ ခေါင်းကိုက်တာလဲ"

"အဘွားလေ... အဘွားပေါ့၊ ယောကျ်ား ပေးစားဖို့ သာပြောနေလို့"

"တိုက်ဆိုင်လိုက်တာ... ငါ့အဖေလည်း ဒီညနေ နိုးမ ပေးစားဖို့ စကားဦး သမ်းနေတယ်"

"ဟုတ်လား... ဘယ်သူနဲ့လဲ"

"ဂျူလီယာစတိုင်းနဲ့"

"ဟက် ဟက်... ရယ်ရတယ်၊ ဟိုကဖြင့် နင့်ကို ဘူးလို့ ထင်မှာ၊ တန်ရာတန်ရာ မှန်းစမ်းပါ"

"နင်ရော အော်လန်ဒိုဘလွမ်းနဲ့ဆို ယူမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မဖြစ်နိုင်တာတွေ စိတ်မကူးဘူး"

"ဘာလို့လဲ"

"မဖြစ်နိုင်တာတွေ စဉ်းစားရင် ခေါင်းချောက်တတ်တယ်၊ လူ့ဘဝက နှစ်ခြောက်ဆယ် သက်တမ်းပဲရှိတာ၊ ခေါင်းချောက်သွားရင် နှမြောစရာကြီး၊ အဲဒီအသက် တိုတိုလေးမှာ ပျော်ပျော် မနေရတော့ဘူးလေ"

"မှန်လိုက်တာ... ဒါနဲ့ နင့်မှာ ရည်းစားရှိလား"

"ရှိတယ်"

သက်ငြိမ်ရင်ထဲ၌ ဘာရယ်မဟုတ် အောင့်သွားသည်။ ဆက်မေးဖို့တောင် အားမရှိတော့။

"နင့်ကို ကျေးဇူးတင်စကားပြောဖို့ မေ့နေလို့ သက်ငြိမ်၊ ဘတ်စ်ကားပေါ်က ကြယ်သီးကိစ္စလေ..."

"အဲဒီအင်္ကျီ အခု ဝတ်တုန်းပဲလား"

"သိမ်းထားလိုက်ပြီ"

"အသွားမတော်တစ်လှမ်း၊ အစားမတော် တစ်လုတ်၊ အဝတ်မတော်တစ်ချက် ဆိုတာလို ဖြစ်နေပြီနော်၊ နင် အဲဒီ အင်္ကျီမျိုး ဝတ်ကို မဝတ်သင့်တာ"

"တော်ပါတော့ဟယ်... ပြောလို့မဆုံးတော့ဘူး၊ ဒါနဲ့ နင် ငါ့လိပ်စာ ဘယ်ကရလဲ၊ နော်ဆီကလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ သွားတောင်းတာလဲ"





"ငါတောင်းတာ မဟုတ်ဘူး"

"ဒါဖြင့် သူပေးတာပေါ့"

"ဟုတ်တယ်"

"သူဘာဖြစ်လို့ ပေးတာလဲမသိဘူး"

"ဒါတော့ နင်ကလည်း ဒီလိပ်စာပေးတာ ရာဇဝတ်မှု မြောက်တဲ့ကိစ္စပဲ၊ ဘာဖြစ်လို့လဲ... ပေးတာ ငါတို့ ညတိုင်း ဒီအချိန် စကားပြောရအောင်"

"ရတယ်လေ... ငါ ခါတိုင်းပြောတဲ့ တစ်ယောက် ရှိတယ်၊ သူ အခု စာမေးပွဲဖြေနေရလို့ အင်္ဂလန်က ကောင်လေး"

"ငါက နင့်ရည်းစား ထင်လို့"

"အေးလေ... သူပေါ့၊ မြန်မာပဲ..."

"သိတာကြာပြီလား"

"တစ်လရှိပြီ"

"နင်ဟာ သူ့ရုပ် ကိုယ်မမြင်၊ ကိုယ့်ရုပ် သူမမြင်နဲ့"

"မြင်ပါတယ်ဟ၊ အသံကြားချင်ရင် သူ ဖုန်းဆက်တယ်"

"အဲဒါ အချစ်စစ်လား"

"လောလောဆယ်တော့ မပြောတတ်ဘူး၊ နင်လည်း အဲဒါမျိုးတွေ ကြုံဖူးမှာပေါ့၊ ကိုယ်ချင်းစာကြည့်လေ"

"တစ်ခါမှတောင် အဲဒီလိုမျိုး မတွေးခဲ့ဖူးဘူး၊ အချစ်လို့ အဲဒါတွေကို ထင်ကို မထင်ခဲ့တာ၊ အချိန်ကျရင် သူတို့နဲ့ အွန်လိုင်းပေါ်မှာ တွေ့ရမှ ကျေနပ်တဲ့စိတ်တော့ ဖြစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



Chatting တွေ လျှောက်ဝင်တာ အဖျင်းပြေတယ်ပေါ့ကွာ၊ တစ်ခါတလေ ကိုယ်က ယောကျ်ားကြီးဖြစ်ပြီး တစ်ဖက်က မိန်းကလေးထင်လို့ ပေါက်တတ်ကရတွေ ပြန်ပြောရတာလည်း ရယ်ရတာပဲ၊ အကောင်းဆုံး အချိန်ဖြုန်းနည်း တစ်ခုလို့ ထင်တယ်၊ ငါ့အိမ်က သိပ်တော့ ကြည့်မရဘူး"

"အဘွားက မသိတာ၊ ဟိုတစ်ယောက်က ဖုန်းဆက်ရင် မိန်းကလေး သူငယ်ချင်းလို့ လိမ့်ရတာပဲ၊ ဒါနဲ့ နှင်းနဲ့ နော်နဲ့ အဆင်ပြေသွားပြီလား"

"ဘာကိုပြောတာလဲ"

"ငါ့လိပ်စာတောင် ပေးတယ်ဆို၊ ရန်ကုန် ချပ်တင်မှာ ငါ ဝင်ထားမှန်း သူပြောပြတဲ့အထိဆိုတော့ နှင်းတို့ တော်တော် အဆင်ပြေလို့သာပေါ့"

သက်ငြိမ် ဘာဆက်ပြောရမှန်းမသိ။ ဒွေးမယ်နော်နဲ့က ဒီကနေ့ထိ စကားကောင်းကောင်းကို မပြောဘူးသေးတာ။ ပြောဖို့လည်းမကြုံ။ ပြောလည်း မပြောချင်။ မိမိကို လိုက်ကြည့်နေတတ်တာတော့ သတိထားမိသည်။ ဒါကလည်း ထူးချွန်ကို ကြည့်တာ ဖြစ်ချင်ဖြစ်မှာ။ ထူးချွန်ကတော့ အသည်းအသန် စကြွေနေပြီတည်း။

"နှင်းနဲ့ ဒွေးမယ်နော် သိပ်ခင်ကြလား"

"ဆိုပါတော့၊ ငယ်ငယ်ကတည်းက အတူသွား အတူလာ အတူကျောင်းတက်ခဲ့ကြတာပဲ"





"ဒါဆို သူ့မှာ ရည်းစားရှိလား"

"နှင်း ကြားစည်မလို့လား"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒါကြောင့်သာ နှင်း ငါ့ဆီ အကြောင်း မရှိ အကြောင်းရှာပြီး ဆက်သွယ်တာပေါ့၊ မရှိဘူး... နော့်မှာ ရည်းစားမရှိဘူး"

"သူ စိတ်ဝင်စားနေတဲ့ သူရော..."

"နှင်းက သေချာချင်နေတာပဲ၊ အဲဒါလည်း မရှိဘူး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဆို"

"ရွှေလပြည့် ဆိုတဲ့ နာမည်ကို ဘာဖြစ်လို့ နှင့်ကို ပေးထားတာလဲ"

"လပြည့်နေ့မှာ မွေးလို့"

"နှင်း ရန်ကုန်ကို ဘယ်တော့ ထပ်လာမလဲ"

"အင်း... မပြောတတ်သေးဘူး၊ ဒါနဲ့ ဒီနေ့ ဒီလောက်ပဲ သက်ငြိမ်၊ ငါ ခဏနေ စာကျက်ရဦးမယ်"

"အိုကေ... အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဖုန်း ဆိုတာနဲ့ ရွှေဆီကမှန်း နော် တန်းသိသည်။ ဘာများအရေးကြီးလို့ ညဆယ်နာရီခွဲမှာ ဆက်သလဲ မသိပါ။

"အေး... ရွှေ... ပြော..."

"နင် စိတ်နိုင်နိုင်ထားနော်"

"ဘာဖြစ်လို့လဲ... နင် ဘာဖြစ်လို့လဲ"

"ငါ ဘာမှမဖြစ်ပါဘူး။ နင် ငါ့လိပ်စာ သက်ငြိမ်ကို ပေးလိုက်တယ်ဆို... နင်တို့ အဆင်ပြေနေကြတယ်ပေါ့"

"ဘယ်လို... သက်ငြိမ်ကို..."

"ဟုတ်တယ်လေ... ငါတို့ ချပ်တင်မှာ တွေ့ကြတယ်၊ နင့် အကြောင်းတွေ မေးနေတယ် သိလား နော်...၊ အဲဒါ ပြောချင်လို့ လှမ်းဆက်တာ..."

"ငါ့အကြောင်း..."

နော်မှာ အနည်းငယ် နားရှုပ်သွားသည်။ နော် သိသလောက် ထူးချွန်ကသာ ရွှေ့လိပ်စာကို တောင်းသွားတာပါ။





သက်ငြိမ်နဲ့က စကားတောင် မပြောဖြစ်သေး။ မျက်နှာချင်း ဆိုင်လိုက်ရင် စူပုပ် ကောက်ချိတ်နေတဲ့ သူ့ရုပ်ကြီးကို မြင်ရတာနဲ့ပဲ စကားပြောဖို့ နေနေသာသာ ပြုံးတောင်မပြုံရဲ။

"နင့်မှာ ရည်းစား ရှိလားတဲ့"

ဖုန်းကိုင်ထားသော နော့် လက်ဖျားများ အေးစက်သွားသည်။

ဒါဆို သူ နော့်ကိုများ စိတ်ဝင်စားနေခဲ့သလားပဲ။ ဤသို့ အတွေ့အကြုံ မရှိသော နော်သည် ကိုယ့်ရင်ခုန်သံ ဒိတ်ဒိတ်ညံနေတာကို ရုတ်တရက် လန့်သွားသည်။

"နင် ရင်ခုန်နေပြီမို့လား နော်"

"သူက ဘာဖြစ်လို့ အဲဒါတွေ မေးရတာလဲ"

"ရှင်းနေတာပဲ... နင့်ကို စိတ်ဝင်စားနေလို့ပေါ့"

"........."

"ပြီးတော့ မေးသေးတယ် ဆရာ၊ နင် စိတ်ဝင်စားနေတဲ့ သူရော ရှိလားတဲ့"

"........."

"ငါက လုံးဝ မရှိဘူးလို့ ဖြေလိုက်တယ်"

"ဒါဆို သူ နင့်ဆီကို အဲဒါတွေသိဖို့ လှမ်းမေးတာနဲ့ တူတယ်နော်"

"အေးပေါ့"

"နင်တို့ စကားပြောကြတာ ဘယ်လောက်ကြာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏပဲ..."

"ရွှေ နောက်ဆို သူနဲ့နင် ဘာတွေပြောကြလဲဆိုတာ ငါ့ဆီ အမြဲလှမ်းပြောပါလား"

"ပြောမှာပေါ့... ဒီနေ့တော့ မထူးခြားပါဘူး။ ဒါနဲ့ ကျောင်းရောက်ရင် နင် သူနဲ့ ဟန်မပျက်ဘဲနေပေါ့၊ ကြိုသိလည်း ကိုယ်က မိန်းကလေးဆိုတော့ နည်းနည်းပါးပါး ဟန်ဆောင် ရတယ်ဟ"

ရွှေလပြည့်မှာ ထိုစကားကို အမှန်တကယ် ရိုးသားစွာနှင့် ပြောခြင်းဖြစ်သည်။ ငယ်က ပေါင်းလာသူမို့ နော် စိတ်လှုပ် ရှားမှုရှိတာကို ချက်ချင်းသိသည်။

သို့သော် တလောက နော့်အတွက် စိတ်က ရည်ရွယ် ပြီး ဆွဲလိုက်မိသော တဲရော့ဒ်ကတ် The fool ကို ရုတ်ခြည်း သတိရလိုက်သည်။

အရူးလုပ်ခံရမှာ။ အဲဒီလို တွေးမိတဲ့ ခဏလေးမှာပဲ သူငယ်ချင်းကို အားနာသွားသည်။ သက်ငြိမ် ပုံစံကြည့်ရတာ ဆိုးဆိုးရွားရွားထဲက ဟုတ်ပုံလည်း မရပါ။

"ရွှေ... သက်ငြိမ်ကို ငါ နားမလည်ဘူး... သိလား အမှန်ဆို နင့်လိပ်စာတောင်းသွားတာ သူ့သူငယ်ချင်း ထူးချွန် တောင်းသွားတာ၊ သက်ငြိမ်နဲ့ငါက စကားလုံးဝမပြောဖြစ်သေး ဘူး၊ သူ့မျက်နှာက ငါ့ကိုတွေ့တာနဲ့ တင်းနေလို့ ပြုံးတောင် မပြရဲဘူးဟ"



"နင်ကလည်း... အဲဒါ ယောကျ်ားမာယာပေါ့"

"ဟုတ်ပါ့မလားဟယ်"

"အေးလေ အဲဒါပဲ ဖြစ်နိုင်တာပေါ့၊ နင့်ကို ပြုံးပြနေရင် သူ စိတ်မမှန်လို့ဘဲ နေမှာ၊ နင်နဲ့သူက စကားကတော့ကကဆ ဖြစ်ဖူးတယ် မဟုတ်လား၊ ထူးချွန် ကိစ္စကြောင့်လေ၊ အဲဒါကို အခု သူက နင့်ကို ပြုံးပြီး လာအောက်ကျခံမလားဟ၊ နိုင်လျှို့လေးပေါ့၊ ခိုးတဲ့လူက သူခိုးလို့ ဘယ်ဝန်ခံပါ့မလဲ၊ အဲဒီတော့ နင်ကလည်း မသိချင်ဟန် ဆောင်နေပေါ့၊ သူ ဘာတွေ လှုပ်ရှားလာမလဲ၊ အသာကလေး စောင့်ကြည့်ပေါ့"

"ရွှေရယ်... ငါ သူ့ကို ကြောက်တယ်ဟာ"

"ဒါဆို အချစ်ပဲ"

"ဘာ..."

"အေးလေ... ကြောက်ရင် အချစ်ပေါ့၊ နင်လည်း သူ့ကို စိတ်ဝင်စားနေတာကိုး၊ ဒါကြောင့် ကြောက်တာ၊ ဘာမှစိတ်မပူနဲ့ သူငယ်ချင်း၊ အီဖေကို ကူညီမယ်၊ ငါ နင်တို့ နှစ်ယောက်ကြားမှာ မြားနတ်မောင် လုပ်ပေးမယ်၊ စိတ်သာချ၊ ခါသာ... မနက်ဖြန်မှ ထပ်ဆက်သွယ်မယ်"

❧ ❤ ❧

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကဲ ကြောင်မလေးလောက် မင်း သိတတ်ရ ကောင်းမယ်"

နော်သည် ကော်ရစ်ဒါ ထောင့်ချိုးမှ ကျောင်းသာ တစ်သိုက်ဆီကနေ ပြိုင်တူ အော်ဆိုလိုက်သံကြောင့် ဖျတ်ခ ထိုအုပ်စုဆီ အကြည့် ရောက်သွားသည်။

သက်ငြိမ်၏ မျက်နှာက ပြုံးနေပါလား။ တစ်ခါမှ သူ ပြုံးတာ မမြင်ခဲ့ရ။ နော့်ကို ပြုံးပြနေတာဟုပဲ ထင်၍ ကမ ကတန်း နီးစပ်ရာ အခန်းတစ်ခု၏ တံခါးဝနားမှာ ကွယ်ရ လိုက်ရသည်။ ရင်ထဲက နှလုံးတွေ ပေါက်ထွက်ကုန်မှာတော စိုးရသည်။

ထိုအချိန်တွင် ဒွေးမယ်နော်ကို ဖျတ်ခနဲ မြင်လိုက် သော ထူးချွန် ကတော့ သက်ငြိမ်နှင့် ငြင်းခုံလျက်ရှိသည်။

- "ငါ့ကိုမြင်လို့ ကြောက်ပြီး တစ်ဖက် ထွက်သွားတာ ထင်တယ် သက်ငြိမ်"



"မင်းကို ကြောက်ရအောင် မင်းက အစွယ်ထွက်နေတာကိုး"

"မနောက်စမ်းပါနဲ့ကွာ... ငါ သူ့ကို နည်းနည်းပဲ ပြုံးပြတာပါ"

"မင်းကလည်း မဖြစ်နိုင်ပါဘူး။ သူ ငါတို့ကို မြင်တောင် မြင်မှာမဟုတ်ဘူး။ ဒီလူအုပ်ကြီးရှေ့က တစ်ယောက်တည်း ဘယ်ဖြတ်လျှောက်ရဲမလဲကွ၊ ရက်မှာပေါ့၊ ဒီလိုလုပ်ပါလား... သေချာအောင် မင်းလိုက်ကြည့်လေ၊ သူ အဲဒီအကွယ်နားမှာပဲ ရှိချင်ရှိမှာ"

"ငါတစ်ယောက်တည်းလား"

"မင်းတစ်ယောက်တည်း မသွားလို့ ငါပါ လိုက်ရမှာလား ငတုံးရဲ့"

"လိုက်ခဲ့"

"ဟာ... မင်းကြိုက်တာလေ၊ အဲဒါ မင်းကြိုက်တာလေ"

"မင်းပါ အဖော်လိုက်ပေးလေကွာ၊ တစ်ယောက်တည်း ဆိုတော့ ကြောက်တာပေါ့ကွ"

သက်ငြိမ်မှာ အသံ မထွက်ဘဲ ထူးချွန်အား ဆဲဆို၍ ဒွေးမယ်နော် ပျောက်သွားရာ ထောင့်ချိုးဆီ အတူတူ လိုက်ပေးရသည်။

သူတို့တွေ လိုက်ရတာက ဒွေးမယ်နော် မဟုတ်ဘဲ ထို ထောင့်ချိုးမှာ ရန်ဖြစ်နေသော အတွဲတစ်တွဲကိုသာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ကောင်လေးကို လွယ်အိတ်နှင့် တဖုန်းဖုန်း ရိုက်နေပြီး ကောင်လေးက ငိုနေသည်။

"ဟာ... ပွဲကြမ်းနေတယ်ကွ ထူးချွန်"

"ဟိုကောင်ကလည်း မိန်းကလေးလုပ်တာ ခံနေတယ်၊ ယောကျ်ားဖြစ်ပြီးတော့ ငိုနေသေးတယ်၊ နေရာချင်းသာ လဲလိုက်ချင်တယ်"

ထူးချွန်အသံက နည်းနည်းကျယ်သွား၍ ကောင်မလေးက ဆတ်ခနဲ လှည့်ကြည့်သည်။

"ဒီမှာ... နင်တို့ ဘာပြောတာလဲ"

"အန်... ဘာမှမပြောဘူး၊ ဘာမှမပြောပါဘူး"

"ငါ့ရည်းစား ငါရိုက်တာ ဘယ်သူ့ ကြောက်ရမှာလဲ၊ သူ ဘာအပြစ်လုပ်လဲ နင်တို့သိလား၊ သူ ငါ ခွင့်တစ်ရက် ကျောင်းပျက်တာနဲ့ သူပါ လိုက်ပျက်တယ်၊ ပြီးတော့ တခြား ကျောင်းက နောက်ရည်းစားဆီ သွားတယ်၊ အဲဒါကောင်းလား"

နှစ်ယောက်သား ဆက်နေလျှင် သိပ်အခြေအနေ မကောင်းလှ၍ ချက်ချင်းပြန်လစ်ရသည်။ အခန့်မသင့်လျှင် သူတို့ဘက် ရောက်လာပြီး ပြဿနာ ရှာနိုင်သေးသည်။

"မင်း ရည်းစားလိုချင်လာတာ ကြာပြီလား ထူးချွန်"

"မင်းစကားကြီးကလည်းကွာ၊ နားထောင် မကောင်း လိုက်တာ၊ မြန်မာစကားကို လှအောင် ပြောပါကွ၊ မင်း အချစ်ကို ရှာတွေ့တာ ကြာပြီလားမေးရင် ခံသာသေးတယ်၊





င်းဟာက အိမ်ထောင်ပြုမယ့်သူကို လင်လိုချင်ပြီလား မေးသလိုပဲ"

"အတူတူတော့ အတူတူပဲလေ၊ မင်း ဒွေးမယ်နော်ကို ဘယ်လိုလိုက်မှာလဲ၊ ကားနဲ့လား... ဖုန်းနဲ့လား၊ On line နဲ့လား။ တစ်ခုခု ရွေးတော့လေ"

"ကားနဲ့ဆို အဆင်ပြေမယ်ကွ၊ လူလုံးထွက်ပြတော့ ပြီး ထင်သာမြင်သာ ရှိတာပေါ့"

တကယ်တမ်းကျတော့ ထူးချွန်သည် ဒွေးမယ်နော်နှင့် ဆုံလိုက်တာနဲ့ ဘာစကားမှ မပြောတတ်တော့ဘဲ ပြုံးပြရုံသာ တတ်နိုင်လေသည်။

ဘယ်လောက်ထိ ရောဂါ သည်းလာသလဲ ဆိုလျှင် ဒွေးမယ်နော်တို့ ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်ကို နောက်တစ်ခေါက်၊ ညတစ်ခေါက် ပုံမှန်သွားထိုင်၍ မျှော်သည်။ ဒိုက ကားဖြင့် ရိပ်ခနဲထွက်သွားတာ မြင်လိုက်ရင်ပဲ သူ့မှာ အပြုံးပန်းတွေ ဝေနေတော့သည်။ တစ်ရက်လည်း မဟုတ်။ နှစ်ရက်လည်း မဟုတ်။

"မင်းက သူ့ကို လိုက်နေတာလား"

မတတ်သာလွန်း၍ မြတ်ကြီးနှင့် ကျော်ဇောကပါ ခင်ခင်ကြီးရသည်။ သက်ငြိမ် မအားလျှင် သူတို့နှစ်ယောက်ကို ခေါ်သွားတာမို့ တစ်လလောက်ရှိတော့ သည်းမခံကြတော့။

ထူးချွန်ကို ဤသို့မေးတော့ ခေါင်းကုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်ကြီး စဉ်းစားကြည့်ဗျာ၊ မနက်ဆို ခြောက်နာရီ ခွဲရင် အိမ်က ဆိုင်ဖွင့်တယ်၊ ကျွန်တော် ကူထိုင်ရတာ၊ အဲဒီ သူကလာပင့်တော့ ကျွန်တော်ကသွားရတယ်၊ အိမ်က ကြာတော့ ဘယ်ကြည့်မလဲဗျ။ ပြီးတော့ လက်ဖက်ရည်ဆိုင် ထိုင်ပြီး မျှော်တာ မျှော်တာ... ဘာမျှော်မှန်းမသိဘူး၊ လူ အိမ်သာ တက်ခါနီး ခွေးမျှော်သလို"

"ဟော့ကောင်...သက်ငြိမ်... မင်း မညစ်ပတ်နဲ့"

"မဟုတ်လို့လား၊ ကျွန်တော်ပြောတာ သူ့ဖာသည်းကားနဲ့ ကိုယ်လည်းကားနဲ့၊ သူ့ကားရှေ့ ပိတ်ရပ်ပြီး သူ့ကားတံခါး ဆွဲဖွင့်၊ ပြီးရင် ခွေးမယ်နော် နင့်ကို ငါ မရရင် သေတော့မယ် ဒါပဲပေါ့... အဲဒီတော့ ဟိုက သေတော့ မသေပါနဲ့ဟယ်၊ ငါ ပြန်ကြိုက်ပါ့မယ်၊ ဒီခေတ်က အီးမေးလ်ခေတ်၊ ဒိုင်းဆို ဒက်ခနဲ ရောက်တဲ့ခေတ်"

ထူးချွန်က စိတ်ကူးထဲမှာ သက်ငြိမ် ပြောသလို လုပ်ကြည့်သည်။

ခွေးမယ်နော် ကားနောက် တရမန်းကြမ်း လိုက်ပြီး ကိုယ့်ကားဖြင့် သူ့ကားရှေ့ ပိတ်ရပ်မည်။

အဲဒီအခါ ကားထဲက ခွေးမယ်နော် ခမျာ ပါးစပ် အဟောင်းသားကလေးနှင့် ကြောက်လန့်တကြား မျက်လုံး ဝိုင်းနေမည်။

သူ့ကားတံခါးကို ထူးချွန် လက်ဖြင့် ခေါက်လိုက်သည်။



"စကားပြောချင်လို့ နော်"

"ဟုတ်...ဟုတ်ကဲ့"

"ကျွန်တော် နော့်ကို အရမ်းသဘောကျနေပြီ နော်၊ ကျွန်တော် ဒီဝေဒနာကို ဆက်မခံစားချင်တော့ဘူး၊ ဒီတော့ နော် ကျွန်တော့်ကို ပြတ်သားတဲ့ အဖြေတစ်ခုခု ပေးပါ၊ ကျွန်တော် အဲဒီအဖြေအတိုင်း လိုက်လုပ်ပါ့မယ်"

"အရူးထောင် သွားနေပေါ့"

"ကိန်..."

ကိုမြတ်ကြီးက ရည်းစားသုံးယောက် ထားခဲ့ဖူးသူမို့ သက်ငြိမ်အကြံကို လက်မခံ။ အားနည်းချက်တွေ ထောက်ပြသည်။

"ကြမ်းတယ်ကွ၊ အဲဒီလို ကြမ်းရိုက်တော့ ကိုယ် ခံစားနေရတာ သူ ဘယ်ကိုယ်ချင်းစာတော့မလဲ၊ အဓိက,က ကိုယ် ဘယ်လိုခံစားနေရပါတယ် ဆိုတာကို သူ သိပြီး သနားအောင် လုပ်ရမယ်"

"သနားအောင်... ဟား...ဟား... ထူးချွန်ကို ခွေးမယ်နော် သနားအောင် ဒီကောင့်ကို ထမင်းတစ်လလောက် အငတ်ခံပြီး အရိုးပေါ် အရေတင် ပိန်အောင်လုပ်၊ ပြီးတော့မှ နော့်ကြောင့် ဒီလိုဖြစ်ရတာပါလို့ အပြောခံမလို့လား"

"အဲဒီလောက်ကြီး အငတ်ခံခိုင်းထားရင် ဒီကောင် သေသွားမှာပေါ့"

www.burmeseclassic.com



ကျော်ဇောကလည်း ဝင်ထောက်ပြသည်။ ထူးချွန်မှာ မျက်လုံးထဲ အာဖရိက လူမည်းလေးလို အရိုးနှင့် အရေတင် နေသော မိမိရုပ်ရည်ကို တွေးမြင်ပြီး ဗိုက်ပူနံကားနဲ့ဆို နော်က လန့်ပြေးမှာဟု ယုံကြည်လျက် ရှိသည်။

"ကောင်မလေး အိမ်ရှေ့ကနေ အိမ်နောက်ကို တစ်နေ့ ငါးခါဖြတ်လျှောက်ရမယ် ထူးချွန်၊ ရင်ထဲမှာ အရမ်းခံစားနေရလို့ မောနေတဲ့ပုံလည်း ပြရမယ်"

"ကျွန်တော် တစ်ယောက်တည်းလား"

"မင်းတစ်ယောက်တည်း မသွားလို့ ဘယ်နှစ်ယောက် ခေါ်သွားမှာလဲ၊ တော်ကြာ ဒွေးမယ်နော်အိမ်က လူကြီးတွေက သူတို့သမီး လာငမ်းတယ် မထင်ဘဲ အနုကြမ်း စီးတယ် ထင်နေဦးမယ်"

"မဖြစ်ဘူးဗျ... ကျွန်တော်တစ်ယောက်တည်း မသွားရဲဘူး၊ သူ့အိမ်ရှေ့ဖြတ်လျှောက်တုန်း မတော်လို့ သူ့အဖေနဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲ"

သက်ငြိမ်မှာ ထူးချွန်နှင့် အဘိုးကြီး တွေ့ပုံကို စိတ်ကူးထဲ ပေါ်လာပြန်သည်။

အဘိုးကြီး လက်ထဲမှာ တုတ်ကောက်ကြီးကြီး တစ်ချောင်းနှင့်။ ထူးချွန်ကို တုတ်ကောက်နှင့် ရိုက်ပစ်လိုက်လို့ ကတော့...

"ဟား...ဟား...ဟား..."





ရုတ်တရက် သက်ငြိမ် ထရယ်လိုက်သဖြင့် တစ်ဝိုင်းလုံး ငြိမ်သွားသည်။

အဲဒီတော့မှ သက်ငြိမ်လည်း ယောင်၍ရယ်တာ ရပ်သွားတော့သည်။

"ဒီကောင်က တစ်ယောက်တည်း မရဲဘူး ဖြစ်နေတော့ သက်ငြိမ် မင်းကူညီမှဖြစ်မယ် ညီလေး"

"ဗျာ... ကျွန်တော်... ဟာဗျာ... အဲဒီကောင်မလေးကို ကျွန်တော် နည်းနည်းမှ ကြည့်မရတာ"

"မင်း ကြည့်မရတာ ပိုတောင်ကောင်းသေး။ နို့မို့ဆို မင်းနဲ့ငါ ရည်းစားလုဖက် ဖြစ်နေဦးမယ်"

"ကောင်မလေးအိမ်ကို မင်းတို့ အတူသွားလည်ရမယ်"

"အကြောင်းပြချက်က..."

"သက်ငြိမ်အဖေ ရှမ်းပြည်က ပါလာတဲ့ လက်ဆောင် တွေ လာပေးတာလို့ ပြော"

"ကျွန်တော့်အဖေ လောလောဆယ် ဘယ်နယ်မှမသွားဘူး၊ အိမ်မှာပဲ ရှိနေတာ၊ ပြီးတော့ ကျွန်တော့်ကောင်မလေးမှ မဟုတ်ဘဲ၊ ကျွန်တော်က လက်ဆောင်တွေ ပေးရအောင်"

"နည်းနည်းလေး စောင်းဝင်ရင် ပိုတည့်တဲ့ သဘောတရားတွေ ငါ သင်ပေးနေတာ ညီလေး၊ ထူးချွန်က မျက်နှာပြောင် တိုက်ပြီး ဝင်သွားရင် ကောင်မလေး အိမ်မျိုး တစ်မည် ဖြစ်သွားနိုင်တယ်လေ၊ အဲ... မင်းကျတော့ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကတောက်ကဆ ဖြစ်ထားတယ်၊ အခုလိုမျိုး လက်ဆောင်နဲ့ သွားတော့ မင်းနဲ့သူ သူငယ်ချင်း အထာပေါ့"

"ကောင်းတယ်... ကောင်းတယ်၊ အဲဒီအကြံ ကောင်းတယ်"

"ကျွန်တော် ဘာလက်ဆောင်ဖိုးမှ အကုန်မခံနိုင်ဘူး"

"ရတယ်... ငါ့ဟာငါ ဗိုလ်ချုပ်ဈေးကနေ လက်ဖက်ခြောက်တို့၊ အနွေးထည်တို့ ဝယ်ပါ့မယ်၊ ကိုမြတ်ကြီး ကျေးဇူးပဲဗျာ... ကျော်ဇောရောပဲ"

၈ ❤ ၈





ညှိခန်းမှာ ထိုင်စောင့်နေသော သက်ငြိမ်နှင့် ထူးချွန်ကို တွေ့လိုက်စဉ်မှာ နော် ဘာလုပ်ရမှန်း မသိတော့ချေ။ သက်ငြိမ်မျက်နှာက အနည်းငယ် မကြည်လင်ပေမယ့် နော့်ကို ပြုံးပြရှာပါသည်။

"ဒါ... နော့်အတွက် လက်ဆောင်"

"အို... တကူးတက..."

"မဟုတ်ပါဘူး၊ ကျွန်တော်က နော်နဲ့ ကတောက်ကဆ ဖြစ်ထားတယ် ဆိုတော့ ယောက်ျားလေးဘက်က ပြန်တောင်းပန်တဲ့ သဘောပါ"

"မလိုပါဘူး သက်ငြိမ်ရယ်၊ နော်က စိတ်ထဲ အမှတ်ထားပါဘူး"

ထူးချွန်ကမူ အိမ်နေရင်း ဂါဝန်ရှည်ရှည်လေး ဝတ်ထားသော နော့်ကို ကြည့်မဝ ချစ်မဝ ဖြစ်နေကာ တံတွေးကိုသာ မျိုနေပြီး စကား ဝင်မပြောနိုင်ချေ။ သက်ငြိမ်က ထူးချွန်



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို တို့ပြီး သတိပေးတာတောင် အာသီမဝင်နိုင်။ ခါးထိရှည်သည့် ဆံပင်ကို ဘီးနှင့်ထုံးထား၍ အမြင်တစ်မျိုးကလေး ဖြစ်နေသော နော်ကို မျိုချလို့ရလျှင် မျိုးချချင်နေသည်။

"နော် အအေးဖျော်လိုက်ဦးမယ်... ခဏနော်"

နော် အထဲပြန်ဝင်သွားတော့ သက်ငြိမ်က ထူးချွန်ကို ခြေထောက်နှင့် ဝိတ်ကန်သည်။

"ကိုယ့်သိကွာ ကိုယ် နည်းနည်းထိန်းမှပေါ့ မင်းဥစ္စာ လွှန့်လွှန်းတယ်၊ မျိုချလို့ရရင် မျိုချမယ့်ပုံ ပေါက်နေတာ"

"ချစ်စရာ အရမ်းကောင်းတာပဲကွာ"

"မင်း ဒီကို ဘာလာလုပ်တာလဲ၊ နည်းနည်း သတိထားဦး"

"လာငမ်းတာ... အဲလေ... ရင်းနှီးအောင် လာတာ"

"မင်းကို စိတ်ပျက်စရာ ဒီလောက်ကောင်းမှန်း အစ,က မသိခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် နည်းနည်းလောက် အရှက်ရှိပါဦး"

"ရှက်လို့ရှိရင် ငါ နောက်ကျသွားမှာပေါ့ကွ"

ထိုစဉ်မှာပဲ အအေးဗန်းကလေး ကိုင်ကာ နော်က ပြန်ထွက်လာသည်။ သက်ငြိမ်မှာ အားနာ၍သာ သောက်ရသည်။

သံပုရာသီးက ချဉ်လွန်း အားကြီးသလို အဖွားအေးက အေးတာရယ်၊ ချဉ်တာရယ်ပဲ အရသာပေါ်သည်။ အအေး





မကောင်း၍ လက်ဖက်သုပ်ပန်းကန် လက်ပြောင်းတော့လည်း လက်ဖက်သုပ် အရသာက ငန်တူးနေသည်။

"စားလို့ ကောင်းရဲ့လားဟင်"

"ကောင်းတယ်... အရမ်းကောင်းတယ်၊ နော်ကာ လက်ဖက်သုပ် ကောင်းကောင်းသုပ်တတ်တာပဲ"

ထူးချွန်က မဟုတ်တာတွေ ပြောတဲ့ နေရာမှာတော့ တော်တော်လွန်သည်။ ဒီကောင့်ကို အချွန်နဲ့ မ,ပေးမှ ဖြစ်တော့မည်။

"ထူးချွန်က လက်ဖက်သုပ် အရမ်းကြိုက်တာ ဒွေးမယ် နော်ရဲ့ မနက်ရော ညရော လက်ဖက်သုပ်နဲ့ပဲ ထမင်းစားတာ၊ သူ့အဖေကဆို သူ့ကို လက်ဖက်သုပ်နဲ့ပဲ ညားမယ်လို့ ပြောယူရတာ... ဟဲ...ဟဲ..."

"နော်ကတော့ လက်ဖက်သုပ် မကြိုက်ဘူး။ အဲဒါကြောင့် ကောင်းကောင်းလည်း မသုပ်တတ်ဘူး၊ သက်ငြိမ်တို့ကို အားနာလိုက်တာ၊ လက်ဖက်သုပ်က ငန်နေတာ နော်လည်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလပြည့်မှာ သက်ငြိမ် ပြောပြသောအကြောင်းများကို နားထောင်ပြီး အလွဲကြီး လွဲပြီမှန်း သိလိုက်သည်။ လက်စသတ်တော့ နော်ကို ကျိတ်ကြိုက်နေတာ ထူးချွန်ပဲ။ နော်ရောရွှေပါ သက်ငြိမ်ဟုပဲ ထင်ကြတာ။ သက်ငြိမ်ကဖြင့် နော့်ကို လုံးဝစိတ်မဝင်စားခဲ့။ နော့်ကို ပြောပြလိုက်ရင် နော် စိတ်မကောင်း ဖြစ်သွားမှာလည်း စိုးရသည်။

နော်ကတော့ သက်ငြိမ်နှင့် ဘယ်လို နီးစပ်ပါ့မလဲဟု စဉ်းစားကာ တစ်ညသ၌ အကြံရလေသည်။ အကြံက ဝတ္ထုတစ်ပုဒ်ထဲက ရခြင်းဖြစ်သည်။

သက်ငြိမ်တို့ စတိုးဆိုင်ကို သတိရလိုက်မိတာနဲ့ တိုက်ဆိုင်သွားတော့ အဆင်ပြေသွားသည်။

သက်ငြိမ်တို့ ဆိုင်လေးက သိပ်မကျယ်လှ။ ဖုန်းထားထား၍ ဖုန်းပြောသူများ တစ်ခါတစ်ရံ ဝင်ထွက်တာကလွဲ၍ ဝယ်သူသိပ်မရှိ။ မုန့်ခြောက်များဆို တချို့တံဆိပ်တွေ ရက်လွန်





ကုန်ပြီမှန်း သေချာကြည့်မှ တွေ့ရသည်။ ဈေးရောင်းတာ သက်ငြိမ် အမေ ထင်ပါသည်။ သမီး ဘာယူမလဲဟု တစ်ခွန်း မေးပြီး စာရင်းတွေ တွက်နေသည်။

နော်လည်း ဘာဝယ်ရမှန်း မသိ။ နောက်တော့ လက်သည်းဆိုးဆေး တစ်ဘူး ဝယ်သည်။ သက်ငြိမ်ကိုတော့ မတွေ့ရချေ။

ထိုအကြောင်းကို ရွှေ့ဆီ ဖုန်းဆက်၍ ရင်ဖွင့်ဖြစ်သည်။

"ရွှေရယ်... သူ့ကို ဘာလို့ ဒီနေ့မှ တွေ့ချင်နေတာသည်း မသိပါဘူးကွယ်၊ တစ်သက်မှာ တစ်ခါမှ မလုပ်ဘူးတဲ့ အလုပ်တွေလည်း လုပ်ဖူးသွားပြီ၊ သူ့အိမ်နံပါတ်တောင် မှတ်လာခဲ့သေးတယ်၊ သူ့ဆီ လက်ဆောင်ပစ္စည်းတွေ တိတ်တိတ်လေး ပို့ချင်လို့၊ နင် ကူညီပါလားဟင်၊ ငါ ဘာပေးရင် ကောင်းမလဲ"

"နော် ဒီကိစ္စက ကလေးကစားစရာ မဟုတ်ဘူး"

"ငါ သိပါတယ်"

"ပိုက်ဆံကုန်မယ်... အချိန်ကုန်မယ်၊ ပြီးတော့ သူ ဘာကြိုက်လဲ ဆိုတာ နင် ဘယ်လိုသိမှာလဲ"

"အဲဒါ နင်ရှိတယ်လေ၊ နင်နဲ့ သူ ချပ်တင်ဝင်တဲ့အခါ မေးပေးပေါ့၊ ငါ့ကို နင် ကူညီမယ် မဟုတ်လား ရွှေ"

"မေးပေးတာက အရေးမကြီးဘူး၊ နင်ပို့တော့ ဘယ်လို ပို့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမှန်း မသိအောင်ပေါ့"

"အဲဒါကို ပြောတာ၊ နင်မှန်းမသိတော့ နင့်ဟာက မကောင်းပါဘူးဟာ၊ သိသွားတော့ တစ်မျိုးဖြစ်မှာပေါ့၊ နောက်ကွယ်မှာ ဟားချင်လည်း ဟားမှာပေါ့"

"ရွှေ... ငါ ခုချိန်ထိ ငါ့ကို အောက်ကျ နောက်ကျခံတဲ့ လူတွေနဲ့ပဲ တွေ့ခဲ့ရတော့ သူ့လိုမျိုး စွာတာတာလူတစ်ယောက်ကို ငါစိတ်ဝင်စားသွားတာ အပြစ်မတင်ပါနဲ့ဟယ်၊ ငါ သူ့ကျမှ ဒီလိုမျိုးခံစားရတာပါ။ ပစ္စည်းလှလှကလေးတွေ တွေ့ရင် ပေးချင်တယ်၊ အဲဒီအတွက် သူ့ဆီက ဘာမှပြန်မလိုချင်ပါဘူး"

"ရောဂါပဲ... နင့်ရောဂါ မသေးဘူးနော်"

"ငါ့ကို ကူညီမယ်မို့လား"

"အမှန်အတိုင်း ပြောရမလား"

"ပြော..."

"ငါ နင့်ကို မလုပ်စေချင်ဘူး။ ဒါမျိုးက စာနာတတ်တဲ့ သူဆို သိက္ခာမကျဘူး၊ အပြစ်ပြောတတ်တဲ့ သူကျတော့ ဖာတ်လမ်းထွင်တယ်ဆိုပြီး သိက္ခာချမှာပေါ့၊ ပြီးတော့ အခုက နင့်အိမ်တောင် သူ လာလည်နေပြီပဲ၊ လက်ဆောင်အကျီတောင် ပေးတယ်ဆို၊ ဒီအထိဆို အခြေအနေ ကောင်းပြီပဲ"

"ဒါပေမယ့် အဲဒါက သူငယ်ချင်း အနေအထားလေ၊ ပြီးတော့ ငါ့စိတ်ထဲ မသက်သာတာ ဟိုထူးချွန်ဆိုတဲ့ ကောင်ပဲ၊ သူ့မျက်လုံးတွေက တစ်စက်မှ မရိုးသားဘူး"





"နင့်ကိုကြိုက်တာ ထူးချွန် ဖြစ်နေရင်ကော"

ရွှေဘက်က သွေးတိုးစမ်း၍ မေးလိုက်သည်။

"လုံးဝပဲ"

"အဲဒါမှ ပြဿနာပဲ နော်"

"ဘာဖြစ်လို့လဲ"

"နင့်ကို သက်ငြိမ်က လုံးဝ စိတ်မဝင်စားခဲ့ရင် နင် ခံစားရမှာပေါ့၊ ပြီးတော့ ထူးချွန် သဘောထားကို နင်တောင် [illegible]ခတ်မိရင် သူတို့က သူငယ်ချင်းတွေပဲ၊ သက်ငြိမ်က သိစရာအကြောင်း မရှိလောက်ဘူး။ နင့်အတွက် ပြောတာနော်၊ ဒီ အခုလုပ်မယ့် ကိစ္စကြီးက အန္တရာယ် များလွန်းလို့ပါ၊ ရပ်ရင် ကောင်းမယ် ထင်တယ်"

"ဟင့်အင်း... ငါ မကြောက်ဘူး ရွှေ အခု ငါ ဝတ်ထားတာ သက်ငြိမ်ပေးတဲ့ အကျီလေ၊ ယုန်မွေးဆွယ်တာ အဖြူရောင်လေး၊ အရမ်းနွေးတာပဲ"

တကယ်တော့ အဲဒါ ထူးချွန်ပိုက်ဆံနှင့် ဝယ်ပေးတာ ဟာ သိနှင့်ပြီးပြီမို့ နော်ကို ရယ်လည်းရယ်ချင်၊ ရယ်လည်း ရယ်လျက်ဘဲ သနား၍သာ လာသည်။

သူ့ခမျာ သက်ငြိမ်ကိုပဲ မိုးမမြင် လေမမြင် တန်းတန်းစွဲ တာ ထူးချွန် ဆိုတာကြီးကို မြင်လျက်နှင့် မမြင်ဟန် ဆောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ… ဒီည အွန်လိုင်းမှာ သူနဲ့တွေ့ရင် သူကြိုက်တဲ့ အစားအစာတွေ မေးပေးနော်၊ ပြီးတော့ သီချင်းတို့ အကုန်လုံး မေးပေးထား"

"သူ ဘာဆပ်ပြာသုံးလဲရော မေးပေးရမလား"

"မနောက်ပါနဲ့ ရွှေရယ်၊ ငါ အတည်ပြောနေတာ"

ညဘက်မှာ မီးပျက်နေသည့်အတွက် သက်ငြိမ်နှင့် ရွှေ မတွေ့ရ။ ရွှေ့အနေနှင့်ကတော့ နှစ်ဖက်လုံးကို ထိန်းရသော ဒိုင်လူကြီးလို ဖြစ်နေသည်။

သက်ငြိမ်ဘက်က လုံးဝပဲ ဆိုတာ သိနေသောအခါ နေ့အတွက် ရင်မောမိပြန်သည်။





နောက်တစ်နေ့ညမှာ ရွှေထံ သက်ငြိမ်က သီချင်း တစ်ပုဒ်ပို့လိုက်သည်။ သီချင်းက aHernative နှင့် Rock ပေါင်းထားသော သီချင်း။ ဆိုသူက မိန်းကလေးမို့ တစ်မျိုးလေး နားထောင်ကောင်းလှသည်။

"ဒီနေ့ နင်ဘာလုပ်လဲ ရွှေ"

"ငါ ကျောင်းသွားတယ်၊ ပြန်လာတော့ ကိုရီးယားကား တစ်ကားကြည့်တယ်၊ ပြီးတော့ နင့်ဆီကပို့လိုက်တဲ့ သီချင်း နားထောင်တယ်"

"ကောင်းလား"

"မဆိုးပါဘူး… ဘာအဓိပ္ပာယ်တွေမှန်းတော့ မသိဘူး၊ ငါက အင်္ဂလိပ်စာ တအားညံ့တာ၊ အထူးသဖြင့် Listening ပဲ"

"နင် ရုပ်ရှင်ကြိုက်လား ရွှေ"

"ကြိုက်တာပေါ့… စလောင်းကရော၊ မြဝတီရော၊ MRTV ရော၊ အပြင်ခွေရော အကုန်ကြည့်တယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒါ သွေးစုပ်ဖုတ်ကောင် ကားတို့၊ သရဲကားတို့ အဲဒီလို Horror ကားတွေ မကြည့်ရဲဘူး"

"ကြောက်တတ်တာပေါ့"

"အင်း… ပြီးတော့ လူ့စိတ်ကို အဲဒီလိုကားမျိုးတွေက ထိခိုက်စေတယ်ဟ၊ သိပ်မကောင်းဘူး။ အနီရောင်ရုံတွေ သွေးရဲရဲ သံရဲရဲတွေနဲ့ မကြည့်ချင်ဘူး၊ သိပ်ငိုရတဲ့ Heavy Drama တွေကျတော့လည်း ခံစားရတာ နင့်ပြီးကျန်ခဲ့တော့ မကြိုက်ဘူး"

"နင် ကိုရီးယားကား Face (မျက်နှာ) ကြည့်ပြီးပြီလား"

"အင်း… အဲဒီကားက သနားစရာ ကောင်းတယ် သိပ်တော့မကြိုက်ဘူး"

"ဒါဆို April Snow ရော"

"အဲဒီဇာတ်လမ်းကို ခံစားလို့ကို မရတာ၊ သူများတွေ တော့မသိဘူး၊ ငါတော့ အဲဒီလိုသစ္စာဖောက်တာ သိနေလျက်နဲ့ သစ္စာဖောက်ခံရတဲ့အဏ် ဘယ်လောက်ဆိုးတာ သိနေလျက်နဲ့ ကိုယ်တိုင်မကျူးလွန်ရက်ဘူး။ အဲဒီဇာတ်လမ်းက လွဲနေသလိုပဲ နင်လည်း ရုပ်ရှင်ဝါသနာပါတယ်နော်"

"ဟုတ်တယ်၊ ကိုရီးယားကားတွေထဲမှာ ငါ အရမ်းကြိုက်တဲ့ သုံးကားရှိတယ်၊ My Little Bride ရယ်၊ My Tutor's Friend ရယ်၊ ………ing ရယ်၊ ကြည့်ဖူးလား"

"ကြည့်ဖူးတာပေါ့။ My Little Bride က မွန်တေးဂူလေး တအားရယ်ရတာပဲ၊ My Tutor's Friend က ကွမ်ဆောင်ဝူး





တား ငါ ကိုရီးယား မင်းသားတွေထဲမှာ ကွမ်ဆောင်ဝူးကို အကြိုက်ဆုံးပဲ၊ ………ing ကလည်း ကွမ်ဆောင်ဝူးပဲ ရိုက် ထားတာ၊ အဲဒီကားက မေတ္တာတရားကိုပြတာ၊ လူ့လောကကို နှုတ်ဆက်ပြီး ဘုန်းကြီး အပြီးဝတ်ဖို့ ဆိုတာ တော်တော် လွယ်တဲ့ကိစ္စပဲနော်၊ စိတ်ထဲမှာ အဲဒီဇာတ်ကောင် နေရာ ကို ဝင်ပြီး ခံစားလို့ရတယ်၊ နင်ရော ဘာလို့ကြိုက်တာလဲ၊ အဲဒီကားတွေကို"

"အင်း…My Little Bride ကတော့ ရယ်ရလို့ ကြိုက် တာ My Tutor's Friend က အဲဒီထဲက မင်းသမီးကို ကြိုက်တယ်"

"ကျီးကျင့်လား"

"ဟုတ်တယ်… သူက အဲဒီထဲမှာ စိတ်ထက်တယ်၊ ပြီးတော့ ကာကွယ်ပေးတတ်တယ်၊ အဲဒီလို ဇာတ်ရုပ်မျိုးက စိတ်ကူးယဉ်လို့ ကောင်းတယ်ဟ၊ ………ing ကို ကြိုက်တာ ကတော့ နင့်လိုပဲ တွေးမိလို့၊ သူ နောက်ဆုံး ချုပ်စ်ထဲကို ပြန်လာပြီး အိပ်နေတဲ့အခန်းမှာ မင်းသမီးကလည်း လေဆိပ် မှာနေ ချုပ်စ်ကို ပြန်အလာ ဆုံတဲ့အခန်းကို ငါ တော်တော် ကြိုက်တယ်၊ ကွမ်ဆောင်ဝူးက အဲဒီကားထဲမှာ ဇာတ်ရုပ် အားငြိမ်နေတာ မင်းသမီးအသွက်နဲ့ ဆိုတော့ ကွက်တိပဲ"

"ငါ ကိုရီးယားကားတွေဆို အကုန်ကြည့်တာ၊ First Kiss တို့၊ Ice Rain တို့၊ All in တို့ အကုန်ကြည့်ဖူးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



*အင်္ဂလိပ်ကားကျတော့* Classic (ဂန္ထဝင်) ဆန်တဲ့ကားမျိုး တွေပဲ ကြည့်တယ်"

"King Arthur တို့လိုလား"

"ဟုတ်တယ်... သိပ္ပံကားကျတော့ သိပ်ထူးဆန်းပြီး လိုက်မမီဘူး"

"သူတို့ရိုက်ပြတာက သက္ကရာဇ် ၂၀၅၀ နောက်ပိုင်းတို့ ၃၀၀၀ တို့ဆိုတော့ ငါတို့ ဘယ်လိုက်မီတော့မလဲ၊ ပြီးတော့ အဲဒါတွေက ဖြစ်မှမဖြစ်နိုင်တာ၊ ဒါပေမယ့် ငါက သိပ္ပံကား တွေ ကြိုက်တယ်၊ Action တွေလည်း ကြိုက်တာပဲ၊ သူ့ Action တွေက မစုတ်ပြတ်ဘူး။ ဦးနှောက် သုံးတယ် ဆက်တင်လည်း ကောင်းတယ်၊ ဇာတ်လမ်းက အရှိန်တွေ ဆွဲခေါ်သွားတတ်တာ၊ ဥပမာ Firewall ဆို ဖခင်တစ်ယောက် ရဲ့ ချေးချယ်မှုနဲ့ လူကြီးတစ်ယောက်ရဲ့ သမာဓိကို ပြသွားတာ ကြည့်လိုက်ရလား"

"ကြည့်ဖူးတယ်... ဟယ်ရစ်ဆင်ဖို့ဒ် မဟုတ်လား"

"ဟုတ်တယ်"

"Air Force 1 က ပိုကောင်းတယ်လို့ ထင်တယ်၊ ဒါပေ မယ့် ငါက ရစ်ချတ်ဂီရီကို ဟယ်ရစ်ဆင်ဖို့ဒ်ထက် ပိုကြိုက်တယ်"

"ဟယ်ရီပေါ်တာ ကားတွေရော ကြိုက်လား"

"မကြိုက်ဘူး။ အဲဒါ ကလေးကားတွေ၊ Nania ဇာတ် လမ်းတွေလိုပဲ၊ ကြည့်ပြီး ပျောက်သွားရော၊ ကြည့်နေတုန်း





*တော့ ထူးဆန်းတယ် ထင်ရတာပဲ၊ တကယ်ကျတော့ အဲဒါ* တွေ အားလုံး ဖန်တီးထားတာ၊ ဒါနဲ့ နင်ရော ထမင်းစားပြီး ပြီလား"

"စားပြီးပြီ... ငါးပိကြော်ရယ်၊ သရက်ချဉ်သုပ်ရယ်၊ ဆီသလောက်ပေါင်းရယ်၊ မဲဇလီရွက် ဟင်းချိုရယ်"

"နင့်ဟာက အလှူက လက်ကျန်တွေလား"

"တော်လိုက်တာ ရွှေလပြည့်ရယ်၊ အဟုတ်ပဲ... အဲဒီလို တွဲနေတဲ့အထဲက ကျော်ဇောတို့အိမ် ဝါဆိုသင်္ကန်း ကပ်တာ အဲဒါ သွားကူလုပ်ပေးရင်းနဲ့ အပြန်မှာ အိမ်အတွက် ထည့်နေတာပါ မ,လာတာ"

"ဟယ်... သူများအလှူကို"

"ငါ မယူရင် အဲဒါတွေ ပိုကုန်မှာလေ၊ အလကား ပေးမယ့်တူတူ အိမ်သယ်လာတော့ အိမ်မှာ စားရတာပေါ့၊ အမေ စျေးဖိုး တစ်နပ်သက်သာလည်း မနည်းဘူး"

"နင်က တစ်ဦးတည်းသော သားလား"

"မဟုတ်ဘူး... ငါ့မှာ အစ်မ တစ်ယောက်နဲ့ ညီ တစ်ယောက် ရှိတယ်၊ ငါက အလတ်"

"နင်တို့အိမ်မှာ စတိုးဆိုင် ဖွင့်ထားတယ်ဆို"

"နင် ဘယ်ကသိလဲ"

"နော် ပြောပြတာ၊ သူ လမ်းကြုံလို့ ဝင်ဝယ်သေးတယ် တဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... သိပ်မရောင်းရဘူးဟာ၊ ငါတို့နားက သူဌေးတွေနေပြီး သူတို့က ဈေးသက်သာတဲ့ ကလီတို့ ကမ်းနားဈေးတို့မှာ သွားဝယ်စားတာဟ၊ သူဌေးက ပိုကပ်စေး နဲတယ်... သိလား"

"ဟီဟိ... ငါ့အဘွားလိုပေါ့၊ ငါ့အဘွားဆို ပင်လယ်ငါး တို့၊ ပုစွန်ဆိတ်တို့ ပိသာလိုက် ဝယ်စားတာ၊ သိလား... အသီးအရွက်ဆိုလည်း ပေါပေါဆိုတဲ့ ဈေးက အများကြီး ဝယ်တာ၊ ဈေးကြီးတဲ့ဆိုင်ဆို လုံးဝ မဝယ်ဘူး၊ ဖရုံ... ကြွက်သွန်တို့ ငရုတ်သီးတို့တောင် သူ့ပွဲရုံက မှိုတက်ခါနီးဟာတွေ အိမ်မှာ စားတယ်၊ အဲဒီလောက် ကပ်စေးနဲတာ"

"နင်တို့က ပွဲရုံလုပ်တာလား"

"ဟုတ်တယ်... ငါ့အဘွားပိုင်တာတွေပါ၊ ငါ့အဖေတို့က သာမန် ဝန်ထမ်းတွေပဲ၊ အဘွားက ပိုက်ဆံ တအားရှာတော့ တအားချမ်းသာတယ်"

"နင်လည်း မှိုတက် ငရုတ်သီးတွေ စားပြီး ဘီရောဂါ ဖြစ်နေဦးမယ်"

"မရှိဘူး... ငါ ကာကွယ်ဆေး ထိုးထားတယ်"

"နင့်အဘွားက အသက် ဘယ်လောက်ရှိပြီလဲ"

"ခြောက်ဆယ်ကျော်၊ အမယ်လေး... သန်တုန်း မြန်ဆုန်း၊ ငါ့ကိုလည်း သူ့သဘောတူတဲ့ လူနဲ့ယူမှ အမွေပေး မယ်လို့ တစ်ချိန်လုံး ပြောနေတာ"





"ကောင်းတာပေါ့... နင် ရယ်ဒီမိတ်ပဲသုံးဟာ၊ အလုပ်ရှုပ် သက်သာတယ်"

"ဘာဆိုင်လို့လဲ"

"လူကြီးပေးစားတော့ မကောင်းရင် လူကြီးတွေအပြစ် လွှဲချပေါ့၊ ဘယ်လောက်ကောင်းလဲ"

"ငါ လုံးဝမယူဘူး... စိတ်ချ၊ ဘယ့်နှယ် ဖြူမှန်းမသိ၊ ညိုမှန်းမသိ၊ အဘွားမျက်စိထဲ ကြည့်ရပေမယ့် ငါနဲ့က ကြိုက်မှ ဖြစ်မှာ"

"နင့်အဂ်လန်က တစ်ယောက်ကို အတည် မှန်းထား သို့လား"

"ဘယ်ကလာ... အဲဒါက ဒီလိုပဲ၊ ကဲ... ဒီနေ့အဖို့ နင့်ကို မေးစရာရှိတာ မေးဖြီး တော်ကြစို့... သင်္ကြန်မို၊ ငါ ထက်ညှောင်းလာပြီ"

"ဘာမေးမလို့လဲ"

"အခုနေ နင့်ကို လူတစ်ယောက် လက်ဆောင်ပေးမယ် ဆိုရင် ဘာလိုချင်လဲ၊ ဈေးလည်း သိပ်မကြီးစေရဘူးဟာ၊ နင် တကယ်လိုချင်တာလည်း ဖြစ်ရမယ်"

"နင်ပေးမလို့လား"

"နင့်ကို ငါက ဘာကိစ္စပေးရမှာလဲ၊ ကဲပါ... ငါမေး တာသာ ဖြေပါ၊ ရမယ်ဆို ဘာလိုချင်လဲ"

"ဘောကန်ဖိနပ် တစ်ရန်လောက် လိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ... သက်ငြိမ်၊ နင် ဒီညကစပြီး ညတိုင်း နင်လိုချင်တဲ့ဖိနပ် ရပြီလို့ ဆယ်ကြိမ်ရွတ်ပြီး အိပ်ရာဝင်တော့ သိလား... အဲဒါဆို နင်လိုချင်တာ ရပါလိမ့်မယ်"

သက်ငြိမ်မှာ ရွှေလပြည့် ခိုင်းသည့်အတိုင်း ဆယ်ကြိမ် ရွတ်ပြီး ရယ်မိလေသည်။

အဲဒီကောင်မလေးဟာလေ ဘာလေးမှန်းမသိ။ စကား ပြောလို့တော့ အတော်အဆင်ပြေသည်။ သူလေးနဲ့ စကား ပြောနေရတဲ့အချိန်ဟာ ဘယ်လောက်ကြာကြာ ကြာတယ်လို့ မထင်ရတာ အံ့သြစရာကောင်းသည်။

ရုတ်တရက် အခန်းတံခါး တဝုန်းဝုန်း ထုသံကြောင့် စိတ်ကြည်နူးတာလေး ပျက်သွားသည်။

"ငါ့အစ်ကိုနဲ့ငါ ထိုးကြတာ အဲဒါ ငါ့ဒီည မင်းနဲ့ လာ အိပ်မလို့ လာတာ"

ထူးချွန်၏ အစ်ကိုက အရက်မူးလျှင် သွေးဆိုးသည်။

"မင်းရှောင်လိုက်တာ ကောင်းပါတယ်ကွာ၊ ညီအစ်ကို ချင်း တစ်ခုခုဖြစ်ရင် မိဘတွေလည်း မကောင်းဘူး"

ထူးချွန်နှင့် ခုတင်ပေါ် အတူလှဲကာ ရွှေလပြည့်၏ နောက်ဆုံးစကားကို ပြောဖြစ်သည်။





"မင်း သူပြောတဲ့အတိုင်း ရွတ်ပြီးပြီလား"

"အင်း..."

"ငါကျတော့ ဝတုံးလေး ဘာလေးနဲ့၊ မင်းကျတော့ ဒါနဲ့ ဘာထူးလို့လဲ"

"ထူးချွန်... ငါနဲ့ ရွှေလပြည့် ညတိုင်း ချပ်တင်မှာ တွေ့ကြတာ တကယ်စိတ်ချမ်းသာစရာ ကောင်းတယ်၊ သူနဲ့ စကားပြောရင်းနဲ့ လူက စိတ်ညစ်တာတွေ ပျောက်ပျက် ကုန်ရောပဲ၊ အဲဒါ အချစ်လို့ ခေါ်နိုင်လား"

"မင်း တကယ်ကြိုက်နေတာလား"

"ငါတို့နှစ်ယောက် Language တူတာတော့ တကယ်ပဲ၊ မင်းပြောတုန်းက ငါ မယုံဘူး။ အခုမှ သိလာတာ၊ ရွှေလပြည့် ရွှေလပြည့်... နာမည်လေးကအစ ချစ်စရာကောင်းတယ်"

"မင်းတို့ ချပ်တင်မှာ ဘာတွေပြောကြလဲ"

"အစုံပဲ၊ ရောက်တတ်ရာရာပေါ့၊ ရုပ်ရှင်အကြောင်းက အဓိကပြောဖြစ်တယ်၊ သူလည်း ငါ့လိုပဲ ရုပ်ရှင် အသေအလဲ ကြိုက်တာကွ၊ တစ်နေ့တစ်ကား မှန်မှန်ကြည့်တယ်တဲ့"

"မင်းတို့ယူရင် ရုပ်ရှင်ဖိုးနဲ့တင် မွဲမယ်ထင်တယ်"

"ယူတဲ့အဆင့် မပြောပါနဲ့ဦး၊ ဝေးပါသေးတယ်"

"သူ ရန်ကုန်ကို မလာတော့ဘူးလား"

"လာချင်တာမှ တစ်ပိုင်း မဟုတ်ဘူး။ နှစ်ပိုင်းကို သေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ပိုင်းလုံး သေရင်တော့ မင်း အစ,ကနေ သေချာပြန်စဉ်းစားသင့်ပြီ"

"ယုတ်မာတဲ့ကောင် . . . ငါက ရိုးရိုးသားသားပြောတာ၊ သူ ရန်ကုန်မှာပဲ ပျော်တာကွ၊ မန္တလေးမှာ မပျော်ဘူး၊ သူ့အဘွားကိုလည်းချစ်တော့ သူ အဲဒီမှာပဲ နေရတာ၊ သူ့အဘွားက သူ့ကို အသည်းစွဲပဲ၊ မြေးတွေထဲမှာ သူ့ကိုပဲ အသက်ရှိတယ် ထင်တာ"

"ဒါဆို မင်းရဲ့ပြိုင်ဖက်က သူ့အဘွားပေါ့"

"ဘာဆိုင်လို့လဲ"

"အဲသလို ဘွားအေမျိုးက သူ့မြေးကို တော်ရုံလူနဲ့ တူတယ် တန်တယ် မထင်တတ်ဘူးကွ၊ အရမ်းချစ်ပြီးတော့ သိပ်အချုပ်အချယ် များတာ"

"သူ့ဆီ ငါလိုက်သွားချင်တယ်"

"ဘယ်ဖြစ်မလဲ . . . မင်းအိမ်ကသိရင် ဘယ်လွှတ်မလဲ"

"အေးကွ . . . တော်ကြာ ငါ့အဖေက တစ်ခန်းထဦးမယ်"

"သက်ငြိမ် မနက်ကျရင် နော်တို့ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင် သွားရအောင်၊ ငါ သူ့ကို တွေ့နေရရင် အသက်ရှူ ချောင်လွန်းလို့ပါ"

"ကျောင်းမှာလည်း တွေ့ရတာပဲဥစ္စာ၊ မင်းဟာက သဲကို သဲလွန်းတယ်၊ နှစ်ယောက်တွေ့တော့လည်း ခွေးအကြီး





လှည်းနင်းထားသလိုပဲ၊ ဘာအသံမှ မထွက်ဘူး။ သတ္တိဖြင့် မရှိဘဲ"

"အဲဒါကြီးက ဘယ်လိုဖြစ်မှန်း ငါလည်း ဘယ်သိမလဲကွ၊ သူနဲ့ မျက်နှာချင်းဆိုင်တွေ့ရင် လူက ထုံကိုလာတာ၊ တစ်မျိုးကြီးပဲ၊ ဘာမှကို မသိတော့သလိုပဲ၊ ဘာမှမပြောတတ်တော့ဘူး၊ အယောင်ယောင် အမှားမှားနဲ့"

"မင်း အဲဒီလိုလုပ်နေ၊ မင်းထက် လက်သွက်တဲ့ကောင် နောက် ပါသွားမှာပေါ့"

"ပါးစပ်ပုပ်ကြီးနဲ့ . . . ဒါနဲ့ သူ ငါ့ကိစ္စ နောက်ပိုင်း အတန်းထဲမှာ ဗေဒင်မတွက်တော့တာ မင်း သတိထားမိလား"

"သတိထားမိတယ်"

"သူ ငါ့အတွက် စိတ်မကောင်းဖြစ်ပြီး ဆင်ခြင်လိုက်တယ် ထင်တာပဲ"

"အနိဋ္ဌာရုံတွေ လျှောက်မပြောတော့ အကုသိုလ်သန့်တာပေါ့၊ နို့မို့ သူ ပေါက်ကရတွေထပ်ပြော ပေါက်ကရတွေ ထပ်ဖြစ်ရင် စိတ်ဆင်းရဲသူတွေ ပေါ်လာဦးမှာ"

"မင်း ရွှေလပြည့်ကို ငါတို့ ဒွေးမယ်နော်ဆီ သွားကြတာ ပြောဖြစ်သေးလား"

"ပြောလိုက်တယ် . . . မနေ့ကပြောတာ၊ မင်းတို့တဲ့ လက်ဆောင်တွေနဲ့ ငါတို့ သွားလိမ်ကြတာ၊ ရွှေလပြည့်က ဘာပြောတယ်ထင်လဲ၊ ဒွေးမယ်နော် ဖျော်တဲ့ သံပုရာရည်



www.burmeseclassic.com

www.burmeseclassic.com



သူဆို တစ်ငုံတောင် ပြည့်အောင် သောက်လို့ မရဘူးတဲ့၊ မင်းကောင်မလေးက အချက်အပြုတ်တော့ လုံးဝမကောင်းဘူးနော်၊ မင်း ထမင်းဟင်း ချက်တတ်အောင် သင်ထားဦး၊ ခုကတည်းက သင်ရင် အချိန်မီသေးတယ်၊ မိန်းကလေးဖြစ်ပြီး သံပုရာရည်တောင် ကောင်းကောင်းမဖျော်တတ်ဘူး"

"မလိုပါဘူးကွာ၊ မင်းရွှေလပြည့်ရော မေးကြည့်ပါဦး"

"ချက်တတ်မယ် ထင်တယ်ကွ၊ ဘွားအေနဲ့ နေရတာ"

"မေးပြီးမှ ပြောစမ်းပါကွာ"

"မင်း မအိပ်ချင်သေးဘူးလား ထူးချွန်၊ မနက်ကျရင်လည်း စောစောထ,ရဦးမှာ၊ ငါ့နှယ် ဘယ်ဝင်္ကြေး ရှိလို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ငိုက်ရတဲ့ဒုက္ခ ပါလာသလဲ မသိဘူး"

"မင်း မန္တလေးသွားရင် ငါ အဖော်လိုက်ပါ့မယ်ကွာ"





ဗိနပ်နံ့ပါတ် မသိတော့ နော့်မှာ အသက်ကိုပဲ ပြောပြီးဝယ်ရသည်။ မတော်လျှင် တံဆိပ်မဖြုတ်ဘဲ ပြန်လာလဲလို့ရတယ် ဆိုပေမယ့် ပြန်လာလဲဖို့က မလွယ်ဘူး။ ဗိနပ်နဲ့တော်ပါစေဟုသာ ဆုတောင်းရသည်။

သူကလည်း ဘောကန် ဗိနပ်မှ လိုချင်ရတယ်လို့။ ဦးထုပ်တို့၊ အင်္ကျီတို့ဆို တော်သေးတာပေါ့။ ရွေးရတဲ့သူမှာ အခုတော့ ခေါင်းကိုက်ရသည်။

ဗိနပ်ဘူးထဲကို ဆိုင်လိပ်စာကတ်ထည့်ပြီး မတော်လျှင် ပြန်လာလဲပါ ဟု ရေးပေးလိုက်ကာ သေသပ်ကျနစွာ ထုပ်ပိုးသည်။ ကိုယ်တိုင်သွားပို့၍ မဖြစ်တော့။ ကလေးတစ်ယောက်ကို မုန့်ဖိုးပေး၍ ခိုင်းလိုက်သည်။ ထိုကလေးက ဆိုင်ထဲဝင်ပို့ပြီး ပြန်ထွက်လာသည့်နောက် ငါးမိနစ်ကျော်မှ ဆိုင်ထဲသို့ နော် ဝင်သွားသည်။ ခုတစ်ခါ တွေ့သူက နော်တို့ထက် အသက်အနည်းငယ်ကြီးသည့် သက်ငြိမ်အစ်မ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



နော် မုန့်တစ်ထုပ် ဆွဲယူပြီး စောစောက ပို့ခိုင်းသည့် ဖိနပ်ဘူးကို တစ်ချက်ကြည့်လိုက်သည်။ ဒီအတိုင်းဆို သူ့ထံ ရောက်မှာ ကျိန်းသေပြီ။ ထိုအကြောင်းကို ရွှေ့ဆီ ဖုန်းဆက်၍ ပြောရသေးသည်။

"ဟင်... ပို့လိုက်ပြီလား"

"အေးလေ... သူလိုချင်နေတာ ငါ မြန်မြန်ပို့ရမှာပေါ့"

"နော်..."

"ဘာလဲ..."

"ငါလို့ သူ မထင်လောက်ပါဘူးနော်၊ ထင်သွားရင် ဒုက္ခပဲ"

"နောက်ဆို နင် သူ့ကို မသိမသာ မေးပေါ့၊ ထင်ထင် ရှားရှားကြီး မေးရင် သူ သတိထားမိမှာပေါ့"

"နောက်တစ်ခါ ထပ်ပို့ဦးမှာလား"

"အေးလေ..."

"ထပ်မလုပ်ရင် ကောင်းမယ်ထင်တယ် နော်၊ ငါ မျက်နှာ ခပ်လှုပ်လှုပ်ပဲ... သိလား"

"နင့်ကိုမေးရင် မဟုတ်ဘူးလို့ ဖြေပေါ့၊ တိုက်ဆိုင်တာ လည်း ဖြစ်နိုင်တာပဲဥစ္စာ"

"သက်ငြိမ်က တော့မဟုတ်ဘူးနော်၊ သူ စဉ်းစားမိမှာပဲ"

"နင် သူငယ်ချင်းအတွက် ဒါလောက်တောင် မကူညီ ချင်ဘူးလား"





"ဟင်း... စိတ်ဒုက္ခ ကြီးလိုက်တာနော်"

ရွှေမှာ ခေါင်းကိုသာ နာနာကုတ်မိတော့သည်။ ဒီည ချတ်တင်မှာ တွေ့တဲ့အခါ ရွှေ့ကို သူ တစ်ခုခု သေချာပေါက် ပြောလိမ့်မည်။

နော် တစ်ယောက်တော့ လုပ်သင့်၊ မလုပ်သင့် မစဉ်းစား ဘဲ လုပ်ချလိုက်ပြန်ပြီ။

"ရွှေ... ငါ ဒီနေ့ သူ့အတွက် ကျောင်းလခ ခြောက်လ စာ သွားသွင်းပေးလိုက်သေးတယ် သိလား။ ကျောင်းစတက်တဲ့ တစ်လပဲ သူ လခ သွင်းရသေးတယ်၊ တော်တော်ဆိုးတဲ့ ကောင်လေး"

"နင့်အစား ငါ ရင်တုန်လိုက်တာ နော်ရယ်၊ နင့်မှာ အဲဒီသတ္တိတွေ ဘယ်ကရောက်လာတာလဲ"

"အချစ်လေ... အချစ်သတ္တိတွေ ရလာတာပေါ့"

ရွှေ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချကာ ဖုန်းကို ချလိုက်တော့သည်။

သက်ငြိမ်ကို ခုလောက်ဆို ရွှေ ကောင်းကောင်း အကဲခတ်လို့ ရပြီ။ သက်ငြိမ်သည် လက်တွေ့ကျမှုကို ဦးစား ပေးပြီး ပေါ့ပါးလွတ်လပ်စွာ နေတတ်သူ။ တော်ရုံ မိန်းကလေး တွေ တွေးသလို တဲစိုးလက်ဆောင် အပေါ်မှာ စိတ်ကူးယဉ် သာယာတတ်သူ မဟုတ်ချေ။

❧ ❤ ❧



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဆိုဗျာ... ကျွန်တော့်မှာ ဘာရည်းစားမှ မရှိဘူး။ ဒီဖိနပ်က သူ့ဟာသူ ရောက်လာတာပါ ဆိုနေမှ ကျွန်တော့်မှာ ဒီလိုပို့ပေးတဲ့လူ တကယ် မရှိတာပါဗျ"

သက်ငြိမ်ကို အမေနဲ့ အစ်မဖြစ်သူက မယုံသင်္ကာ ကြည့်နေကြသည်။ ဘယ်လိုမှ ရှင်းပြလို့လည်းမရ။

"နင်နဲ့သိတဲ့ နိုင်ငံခြားက တစ်ယောက်ယောက် ပို့လိုက်တာလား"

"မဖြစ်နိုင်တာ... ဒီဖိနပ်ဆိုင်က ပလာဇာမှာ ရှိတယ် ဗိုလ်ချုပ်ဈေးမှာ ရှိတယ်၊ ဘယ်လိုလုပ် နိုင်ငံခြားက ဖြစ်မှာလဲ"

"နင် ကျောင်းလခတွေ မသွင်းဘဲ တစ်ဖက်လှည့်နဲ့ ဒီလိုလုပ်တာ မဟုတ်လား၊ ကိုယ့်ပိုက်ဆံနဲ့ ကိုယ် ဝယ်ပြီး ကိုယ့်ဟာကိုယ် လက်ဆောင်ပြန်ပေးတာလေ"

"မမကလည်း အချွန်နဲ့ မ,ပြန်ပြီ၊ မဟုတ်ပါဘူးဆို"

"ဒီဖိနပ်ကိုပို့တာ ကောင်မလေးပဲ ဖြစ်ရမယ်"





"နင့်မှာ ရည်းစားမရှိရင် ဒီဖိနပ်က နင့်ကိုကြိုက်နေတဲ့ ကောင်မလေးက ပို့တာပဲ ဖြစ်ရမယ်"

"ကျွန်တော့်မှာ အဲဒီလို တစ်ယောက်မှကို မရှိတာဗျ၊ အွတ်စ်... မြွေပဲ၊ အဖေသိရင် ကွိုင်ဦးမယ်"

"ဒီခေတ်မိန်းကလေးတွေများ ယောကျာ်းလေးဆီ ဖုန်းဆက်ရတာနဲ့၊ အီးမေးလ် ပို့ရတာနဲ့၊ လက်ဆောင်ပို့ရတာနဲ့၊ ဆော်တော်မလွယ်ဘူး"

ဖိနပ်ဘူးထဲက ဖိနပ်သည် သက်ငြိမ် အသည်းအသန် သိုအပ်နေသော ဖိနပ်ဖြစ်သည်။ သို့သော် အမေနှင့် အစ်မ အထက်ကို နားက မခံနိုင်၊ ဖိနပ်ဘူးကိုယူပြီး အခန်းထဲဝင်သည့် တိုင်အောင် ပွစိပွစိ ပြောသံတွေက နားအူကောင်းတုန်း။

ဖိနပ်ကို ဝတ်ကြည့်တော့ တော်နေသည်။ ဘယ်သူပို့တာများ ဖြစ်မလဲ။

ရွှေလပြည့်က မန္တလေးမှာ။ မန္တလေးကနေ လှမ်းပို့တာ ဆိုးဝမဟုတ်။ ရွှေလပြည့်ကို မဖြစ်နိုင်ဟု ထင်မြင်ယူဆစရာတွေ အများကြီး။ ဒီဖိနပ်က အမြန်ချောပို့နှင့် ရောက်လာတာမဟုတ်။

ကျောင်းလခသွင်းဖို့ ထုးချွန်ကိုမှာထားတာ ထုးချွန်များ နောက်သလားပဲ။

ထုးချွန်ဆီ ဖုန်းဆက် မေးသောအခါ...

"မင်း လခတွေ သွင်းပြီးသွားပြီ သက်ငြိမ်"

"မင်းသွင်းပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး... ဘယ်သူ သွင်းထားမှန်းကို မသိတာ။ ကျောင်းသားရေးရာမှာ ငါ့မှာ ပေါ်ကြီး ကျနေတာပဲ"

"အခု အိမ်မှာ ဖိနပ်တစ်ရန် ရောက်နေတယ် ထူးချွန်"

"ခွေးချီလာတာလား၊ ခွေးတွေက ဒီလိုပဲ၊ ဖိနပ်စုတ်တွေ ချီပြီး အိမ်ထဲ ယူလာတတ်တာပဲကွ"

"ဘယ်ကလာ... ငါ့နာမည်နဲ့ ပါဆယ်ထုပ် ရောက်လာတာ"

"မင်းကို ဘယ်သူ ပို့လိုက်တာလဲ"

"မင်းလားလို့ ငါမေးတာလေ"

"ဟောကောင်... မင်းကိုပေးဖို့နေနေသာသာ ငါတောင် အစုတ်ပဲ စီးနေတာ၊ ဝယ်ဖို့ပိုက်ဆံ မရှိသေးလို့၊ ဒီတိုင်းဆို မင်းကို ကျိတ်ကြိုက်တဲ့သူ တစ်ယောက်တော့ ရှိနေပြီဆိုတာ သေချာပြီ သက်ငြိမ်၊ တို့ကျောင်းထဲကပဲ ဖြစ်မယ်"

"ကျောင်းက အကြီးကြီး၊ မင်းမှန်းလိုက်ရင် တော်တော် လွဲတယ်"

"ကျောင်းကမို့လို့ မင်းကို ကျောင်းလခ သွင်းပေးလို့ ရတာပေါ့၊ မင်းကရော ဘယ်သူ့ကို ထင်လဲ၊ ရွှေလပြည့်လား"

"မဖြစ်နိုင်တာ... သူက ဒီမှာမှမရှိဘဲ"

"ဒါပေမယ့် သူ ဆုတောင်းခိုင်းတာ အခု တကယ် ဖြစ်လာတယ်လေ၊ ဘယ်နှစ်ရက်မှ မရှိသေးဘူး၊ ဒါ... ရိုးရိုး တိုက်ဆိုင်မှု မဟုတ်ဘူး၊ ကြိုတင်ကြံစည်မှု"





"ငါ ဒီည ရွှေလပြည့်ကို မေးကြည့်မယ်"

"ဘယ်ဝန်ခံမလဲကွ၊ ရှက်သွားမှာပေါ့"

"ငါတော့ သူ မဟုတ်ဘူးလို့ကို ထင်နေတယ်"

"ဟုတ်တယ်... သိပ်တော့မဖြစ်နိုင်ဘူး"

"အဲဒါကွာ ငါ့အစ်မနဲ့ ပါဆယ်ထုပ်ကို ကလေးလာပို့တဲ့ အချိန် တွေ့သွားတာ အခုထိ ပူစီဖောင်း ရောင်းနေတုန်း၊ အစ်ဖက်လှည့်နဲ့ ကိုယ့်ကိုယ်ကို လက်ဆောင်ပြန်ပေးတာတဲ့၊ ညီးစားက ပို့တာတဲ့၊ အမေရော အစ်မရော ဝိုင်းကစ်တာ ...းကိုအူနေတာပဲ"

"မင်း မပျော်ဘူးလား၊ ဒါ အလကားရတာပဲ ဉစ္စာ"

"ဒီလောက် ပြဿနာပေါင်းစုံ သယ်လာတဲ့ဖိနပ်၊ အလကားရပေမယ့် နားပူခံရတယ်ကွ၊ ငါ့အခုစ်မက ဒီလောက်နဲ့ ...ဘူး၊ အဖေ့ဆီပါ ဒီကိစ္စရောက်ဦးမှာ၊ စိတ်ပိန်တယ်ကွာ"

"မင်းဆီ ဒီည ငါ လာအိပ်ဦးမယ်၊ ကျောင်းလခ သွင်းရတဲ့ပိုက်ဆံနဲ့ ငါ့ကို ဖန်ကျလက်ဖက်ရည် တိုက်ချေ"

ထင်သည့်အတိုင်းပဲ ထူးချွန်နှင့် စကားပြောပြီး သိပ် ကြာခင် အဖေ သက်ငြိမ် အခန်းထဲ ရောက်လာသည်။ ...နပ်ကို ထုတ်ကြည့်သည်။

"ဒါ ဘာဖိနပ်လဲ"

"ဘောလုံးကန်ရင် စီးတဲ့ဖိနပ်ပါ အဖေ"

"ဘယ်လောက်တန်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်သောင်းလောက် ရှိမယ် အဖေ"

"မင်းနဲ့တော်လား"

"ဟုတ်ကဲ့"

"ဒီဖိနပ်ကို ပို့တဲ့သူဟာ မိန်းကလေးပဲ ဖြစ်လိမ့်မယ်၊ ပိုက်ဆံရှိ မိန်းကလေးပဲဖြစ်မယ်၊ ဒီလောက်ပိုက်ဆံကို အကုန်ခံနိုင်တာ၊ အင်းလေ... အလကားရပေမယ့် ဘယ်သူပေးမှန်း မသိတော့ ခက်တာပဲ၊ မင်းတို့အတန်းထဲကပဲ နေလိမ့်မယ်"

"ဗျာ..."

"မင်းကို သေချာစောင့်ကြည့်နေတဲ့သူမို့ မင်းခြေထောက် အတိုင်းကို မှန်အောင် မှန်းနိုင်တာပေါ့၊ အပြင်လူ မဟုတ်လောက်ဘူး"

"သားစီးရမလား အဖေ"

"စီးရမှာပေါ့... ပြန်ပေးစရာမှ မလိုဘဲ၊ မင်းစီးတော့ ပေးတဲ့လူလည်း စိတ်ချမ်းသာမှာပေါ့၊ ရိုရိုသေသေ စီးပေါ့ကွာ"

ဒီလောက်နဲ့ တော်သွားတာ တော်တော်ကျေးဇူးတင်စရာကောင်းလှသည်။

ဖိနပ်ဆိုင်ကို ဖုန်းဆက်မေးလျှင် ဝယ်သူကို သိနိုင်သည်ဟု စဉ်းစားမိ၍ ဆိုင်ကို ဖုန်းလှမ်းဆက်တော့ သူတို့ မှတ်မိသလောက် ကောင်မလေးတစ်ယောက် ဆိုတာပဲ ပြောနိုင်သည်။ သေချာ မမှတ်မိပါတဲ့။ ကွင်းဆက်ပြတ်သွားသည်။

ရွှေလပြည့်ကို ဖြစ်သမျှအကြောင်း ပြောပြသောအခါ...





"နင် ငါလို့ မထင်ဘူးလား"

ဟု မေးသည်။

"မဟုတ်မှန်း ငါ သိပါတယ်"

"ငါသာဆို အဲဒီခြောက်သောင်းတန်ဖိနပ် နင့်ကိုတော့ ပေးဘူး၊ ပလက်တီနမ်ကြိုးတစ်ကုံး သွားဝယ်ဝတ်မယ်"

"အဲဒါကြောင့် နင်မဟုတ်မှန်း ငါ သိတယ်"

"တော်ပါသေးရဲ့... ငါ မန္တလေးမှာနေလို့ ရန်ကုန်မှာဆို နင် ငါ့ကိုပဲ ထင်တော့မှာ၊ ရှက်စရာကြီး... ဒါနဲ့ နင်မပျော်ဘူး သွားဘူး ဖိနပ်တစ်ရန် အလကားရတာပဲ"

"မပျော်ပါဘူး... စိတ်တောင်ရှုပ်သေးတယ်၊ ငါ့အမေနဲ့ အစ်မက အရမ်းစစ်စုတယ်ဟ၊ ဘယ်လိုမှ ရှင်းပြလို့မရဘူး"

"ဒါဆို ခုနေ နင် ဘာလိုချင်လဲ၊ ငါ ထပ်မေးရင် နင် ပြောတော့ဘူးလား"

"မပြောတော့ဘူး၊ နင့်ကိုပြောရင် ထပ်ပြီး လက်ဆောင် သွား ရောက်လာမှာစိုးလို့"

"ဘာဆိုင်လို့လဲ... ငါက နင့်ကို ဆုတောင်းရုံပဲ ပြောခဲ့တာလေ၊ နင့်ဆုတောင်းတွေပြည့်တာ နင့်အပြစ်ပေါ့"

"နင် ဆုတောင်းခိုင်းတာပဲ"

"သက်ငြိမ်... တကယ်လို့ နင့်ကို တစ်ဖက်သတ် သဘောကျနေတဲ့ မိန်းကလေးတစ်ယောက် အပြင်မှာရှိနေရင် နင် ဘယ်လိုဆုံးဖြတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မခံုးဖြစ်ဘူး၊ နင်ဆိုရင်တော့ တစ်မျိုး ပေါ့"

"ဘာမှလည်း မဆိုင်ဘူး"

"နင်ဆိုရင် အဆင်ပြေနိုင်သေးတယ်လေဟာ၊ အဲဒါကို ပြောတာပါ၊ ငါ အဲဒီလောက်ထိ စိတ်ကူး မယဉ်တတ်ဘူး ရွှေလပြည့်ရဲ့၊ အဲဒါမျိုးက ရုပ်ရှင်တွေထဲမှာပဲ ရှိတာပါ"

"အပြင်မှာ ရှိနေနိုင်တာပဲ"

"ငါ့စိတ်ကို ဒီလိုနည်းနဲ့ သိမ်းပိုက်လို့မရဘူး"

"တကယ်လို့ နင့်ကို လက်ဆောင်ပို့တဲ့ ကောင်မလေးက သိပ်လှနေခဲ့မယ် ဆိုရင်ကော"

"လှတိုင်းလည်း ငါ ချစ်မှာမဟုတ်ဘူး"

ဒီတိုင်းဆို နော့်အတွက် လမ်းဆုံးနေပြီ။ သက်ငြိမ်သည် လက်ဆောင်ပို့သူနေရာမှ နော့်ကို လုံးဝတွေးမိခဲ့ပုံမရ။ အဲဒီတစ်ခုတော့ တော်သေးသည်။

"ပြောတာပါပဲ သက်ငြိမ်ရယ်၊ ပြီးတော့လည်း လှတဲ့ ကောင်မလေးတွေကိုပဲ သဘောကျတတ်တာ လူ့သဘာဝပါ၊ ဘယ်သူ ဘယ်လောက် အလှမကြိုက်ဘူးပြောပါစေ၊ လှတာ လေးတော့ သဘောကျတတ်တာပဲ"

"ငါက ငါနဲ့ Language တူတဲ့လူမျိုးပဲ စဉ်းစားချင်တယ် နို့မို့ ငါနဲ့ သိပ်ကွာဟနေရင် ညှိယူရမယ့်အလုပ်မျိုး မလုပ်နိုင် ဘူး၊ စိတ်ပင်ပန်းတယ်၊ ငါက ရုပ်ရှင်ကားတစ်ကားအကြောင်း





ပြောနေတဲ့အချိန်မှာ သူက လက်သည်းဆိုးဆေးအကြောင်း စိတ်ဝင်စားမယ်ဆို သွားပြီပဲ၊ ရည်းစားတွေ အချိန်သိပ်မကြာ ခင် ပြတ်တယ်ဆိုတာ အခြေခံသဘောတရားတွေ မတူလို့ပဲ၊ စိတ်ဝင်စားတာ မတူတာနဲ့ ရေရှည်လက်တွဲဖို့က မလွယ် လောက်ဘူး"

"နင့်ကို ခြောက်သောင်းတန် ဖိနပ်ပေးတဲ့သူက တော်ရုံ မဟုတ်ပွာနဲ့တော့ မဟုတ်လောက်ဘူးနော် သက်ငြိမ်...၊ နင် တကယ် နည်းနည်းမှ စိတ်မဝင်စားဘူးလား"

"မဝင်စားပါဘူးလို့ဆိုနေ၊ ဒါနဲ့ နင် ထမင်းဟင်း ချက် တတ်လား"

"အင်း... ဘာလို့လဲ"

"မေးကြည့်တာပါ"

"ချက်တတ်တာပေါ့၊ အခု ငါ့ဟာငါ ချက်ရတာပဲ၊ အသွားက အိမ်ဖော်တွေချက်ရင် စိတ်တိုင်းမကျဘူး"

"တကယ်လို့ နင့်ဆီ ငါ လာလည်ရင် ရမလား ရွှေလပြည့်"

"ငါ့ဆီ..."

"အင်း..."

"နင် ကျောင်းနဲ့ မလာပါနဲ့၊ သင်္ကြန်ကျရင် ငါ ရန်ကုန် ခဏလာခဲ့ပါ့မယ်၊ နင်လာရင် ငါ့အသွား ရစ်တာနဲ့ ငါ ပြဿနာ မရှင်းနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းလို့ ပြောပေါ့ဟာ"

"အဘွားက အဲဒီလောက် ခေတ်မမီဘူး သက်ငြိမ်၊ အဘွားသာခေတ်မီရင် ငါ့အိမ်မှာ သူငယ်ချင်းတွေနဲ့ တဝုန်းဝုန်း နေမှာ၊ ပြီးတော့ ငါ့အဘွားက ယောကျ်ားလေး သူငယ်ချင်း ဆိုတာ လက်မခံတတ်ဘူး"

"နှင့်ဘဝက သနားစရာပဲ... ကျွတ်စ်...ကျွတ်စ်"

"လာနောက်မနေနဲ့ ဘာပဲဖြစ်ဖြစ် ငါနေသားကျနေပြီ"

"နှင် နေရတာ ပျော်ရဲ့လား"

"ပျော်အောင် ကြိုးစားရတာပေါ့ဟာ၊ ဒါနဲ့ နှင် ငါ့ကို တကယ် လက်ဆောင်ပို့တဲ့လူလို့ မထင်တာပါနော်"

"အထင်ခံချင်နေလို့လား နှင်က..."

"မထင်စေချင်ပါဘူး၊ ငါမှ မဟုတ်တာ"

"ငါက နှင်ဟုတ်ရင် ကောင်းမယ်လို့ စဉ်းစားနေတာ"

"ဘာမှလည်း မဆိုင်ဘူး"

"နှင်မဟုတ်လို့ပေါ့... နှင်ဟုတ်ရင် နောက် ဒီထက် ဈေးကြီးတာတွေ ဝယ်နိုင်းပစ်မှာ၊ ဝယ်ပေးချင်ရင် ပေါ်ပေါ် ထင်ထင် ဝယ်ပေးပေါ့၊ ခိုးကြောင်ခိုးဝှက်ပေးတာ နှင်လည်း ပင်ပန်းတယ်၊ ငါလည်း အိမ်က အပွမ်ခံရတယ်၊ တကယ်လို့ နှင်ပဲဖြစ်ခဲ့ရင် ကျွန်တော့်ကောင်မလေး ပို့ပေးတာဆို ပွဲပြတ် သွားပြီ"





ကွန်ပျူတာခလုတ်တွေပေါ် ဆက်နှိပ်ရန် ရွှေ့လက်များက အလိုလို ရပ်တန့်သွားတော့သည်။ ကျွန်တော့်ကောင်မလေးတဲ့ လား။ ဒီအသုံးအနှုန်းမျိုး သူ ဘာကြောင့်သုံးတာလဲ။ မဖြစ်ဘူး။ နော့်ဆီ မြန်မြန်ဖုန်းဆက်ပြီး တားမှပဲ။

"ကျေးဇူးပြုပြီး ဘာမှထပ်မပို့ပါနဲ့ နော်၊ သူ့အိမ်မှာ အဲဒီ ဗီနပ်ကြောင့် ပြဿနာတက်ကုန်တယ်"

"ငါ အင်္ကျီတစ်ထည်တောင် ဝယ်ပြီးသွားပြီ ရွှေ သေသေချာချာ ပေးရတယ်၊ မနက်ကျရင် ပို့တော့မှာ"

"မပို့လို့မဖြစ်ဘူးလား နော်"

"ဘာဖြစ်လို့လဲ"

"အဲဒီနည်းနဲ့ သူ့စိတ်ကို လှုပ်ရှားစေမယ်လို့ နှင်ထင် သလား"

"ထင်တယ်၊ ထင်တာမဟုတ်ဘူး... မြင်နေတာ၊ ဘယ်သူမဆို လက်ဆောင်ရရင် စိတ်ကြည်လင် ချမ်းမြေ့တတ် ကြတာ ဓမ္မတာပဲ ရွှေ"

"ဒါပေမယ့် သက်ငြိမ်က အလကားရတဲ့ ပစ္စည်းတွေ အပေါ်မှာ သာယာတတ်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အလကား... ဟုတ်လား၊ အဲဒါ ငါ့အချစ်တွေ ငါ့စေတနာတွေနဲ့ အခြေခံပြီးမှ ဝယ်ထားတဲ့ ပစ္စည်းတွေပါ ရွှေရဲ့"

"နင်ပြောတဲ့ အချစ်တို့၊ စေတနာတို့ဆိုတာ တစ်ဖက်လူက မြင်ရတာ မဟုတ်ဘူး နော်၊ ငါပြောတာ လက်ခံစမ်းပါ သူငယ်ချင်းရယ်၊ သူက အဲဒီလိုလုပ်လို့ လုံးဝရင်မခုန်ဘူးတဲ့ နင်သိလား။ သူ့အတွက် အရှုပ်တွေလို့တောင် ထင်နေတာ"

"နင့်ကို သူပြောတာလား"

"ဟုတ်တယ်"

"ဒါဆို အဲဒီတရားခံ ငါပဲလို့ နင် မပြောပြလိုက်ဘူးလား"

"မပြောပါဘူး... ဘာလို့ပြောရမှာလဲ"

"မပြောရင် ဘာစိုးရိမ်စရာရှိလဲ ရွှေ ဘာလဲ သူက နင်လို့ ထင်လို့လား"

"မထင်ပါဘူး။ ငါက မန္တလေးမှာပဲဥစ္စာ၊ ဘယ်လိုလုပ် ထင်မလဲ"

"ငါ့ကိုရော ထင်လား"

"နင့်ကို လုံးဝစဉ်းစားမိပုံ မရဘူး"

"ဒါဆို ပြီးပြီပဲ၊ ငါ ရှေ့ဆက်ရုံပဲ၊ ဘာမှ စိတ်ပူစရာ မလိုဘူး"

"နော်... နင် အဲဒါတွေ ပို့နေလို့ ဘာထူးမှာလဲ"





"အနည်းဆုံး ငါ့စိတ်ကို ငါဖြေလို့ရတယ်၊ အစကတည်းက မျှော်လင့်ချက်နဲ့ အလုပ်လုပ်တာမှ မဟုတ်ဘဲ"

"တကယ်လို့ သူက နင်မဟုတ်တဲ့ မိန်းမတစ်ယောက်ကို ချစ်နေပြီ ဆိုရင်ကော နင် ဒီအလုပ်တွေ ဆက်လုပ်ဦးမှာပဲလား"

"ရွှေ့စကားက တစ်မျိုးပါလား"

"ဟုတ်တယ်လေ၊ နင် မျှော်လင့်ချက် မထားဘူးဆိုရင် အဆိုးဆုံးကို ရင်ဆိုင်ရဲရမှာပေါ့၊ ဒါ လူတစ်ယောက်ကို အရူးလုပ်နေတဲ့ကိစ္စပဲ၊ ကိုယ်ရူးစေချင်တဲ့လူက မရူးဘဲ ကိုယ်ရူးမှာစိုးလို့ နင့်ကို တားနေရတာ၊ သူ့မှာ... သူ့မှာ... သဘောကျတဲ့ မိန်းကလေး ရှိပုံရတယ်"

ဒီမြားချက်ကိုတော့ ဖနော် ထိနိုင်ကောင်းပါရဲ့။

သူငယ်ချင်းကောင်းတို့ မည်သည် ဒီလို စိတ်ဒုက္ခကြုံတွေ့ရမယ့်ဘေးကို ကြိုတင်ကာကွယ်သင့်သည်ဟု ရွှေက ယူဆသည်။

နော် သက်သက်အရူးထ,နေတာကို ဒီတိုင်းလွှတ်ထားလျှင် မလွယ်တော့။

သက်ငြိမ် အဖြေက ရှင်းနေပြီ။

"အဲဒီမိန်းကလေး ဘယ်သူလဲ နင်သိလား ရွှေ"

"ငါ ဘယ်သိမှာလဲ၊ ပြီးတော့ နင့်ကို ဘေးချွန် ဘယ်လို သဘောထားလဲ ဆိုတာ နင်အသိပဲ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့က သူငယ်ချင်းတွေ၊ နင် ဒီလိုတွေလုပ်နေတာ ထူးချွန် သိသွားရင် ဘယ်လောက်တောင် စိတ်ထိခိုက်သွားမလဲ"

"ငါမှ သူ့ကိုသဘောမကျတာ၊ သူ့မျက်နှာကို ဘယ်လို မှကို မေ့ပျောက်ထားလို့ မရတာ၊ ဘယ်လောက်ကြိုးစားကြိုးစား နိုးပြားတောင် မရဘူးမှတ်ပါ"

နော် ဖုန်းကို စိတ်ဆိုးစွာ ချပစ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် နော်ကတော့ သူ့ထံ လက်ဆောင်တွေ ဆက်ပို့ရန်သာ တွေးသည်။

ဒါ သူ့ကို ဘာများ ထိခိုက်မှာမို့လဲ။ သူ့ကို ကျောင်းမှာဆို သူ မသိအောင် နော် ခိုးကြည့်ရတာ အမော။

ဟို... ကျက်သရေမဲ့ကောင် ထူးချွန်ကတော့ တကယ့် တေးပီသစွာ နော့်ရှေ့ရောက်လျှင် မျက်နှာကိုလွှဲ၍ ပါးစပ်ထဲ လက်ထည့်တာက တစ်မျိုး၊ လွယ်အိတ်ကြိုး ကိုက်တာက တစ်ဖုံ၊ ဘယ်လိုမှ ခံစား၍ မရနိုင်ပါ။

နော့်ကားနောက်မှ သူ လိုက်လာလေ့ရှိပေမယ့် နော် ကတော့ သူ့ကိုမကြောက်။ နော် ကြောက်တာ သက်ငြိမ်။ လက်ဖက်ရည်ဆိုင်မှာ သက်ငြိမ် ငိုက်နေတာ တွေ့ရလျှင် ထူးချွန်ကို သတ်ချင်သည်။

ဘာလို့ နော့်နောက်လိုက်တာကို သက်ငြိမ်က အားပေး နေရတာလည်း မသိပါ။





ရွှေ ပြောသလိုပဲ သူ့မှာ သဘောကျတဲ့ မိန်းကလေး ရှိလို့သာပေါ့။ အဲဒီသူက နော် မဖြစ်နိုင်တော့ဘူး ဆိုသော အဓိပ္ပာယ်ပဲ ဖြစ်သည်။

ဒါဆိုရင်တော့ ဝမ်းနည်းစရာ သိပ်ကောင်းနေပြီတည်း။

နော် ချစ်မြတ်နိုးသူသောက တစ်နေ့နေ့မှာ သူ့ဆီ လက်ဆောင်တွေပို့မှုတာ နော်ပဲဟု သိသွားလျှင် ဘယ်လို တုံ့ပြန်မှာပါလိမ့်။

❦ ❤ ❦



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြောက် လက်ဆောင်ကတော့ နိုင်ငံခြားဖြစ် ရှပ်အင်္ကျီတစ်ထည် ဖြစ်သည်။ ဈေးနှုန်းစတစ်ကာ မခွာရသေး သဖြင့် လေးသောင်းကျော်သော ပိုက်ဆံကို အိမ်ကလူကြီးတွေ မျက်လုံးပြူးကုန်ကြသည်။

အမေကဆို...

"ပိုက်ဆံတွေ အများကြီးပေးပြီး ဒီအင်္ကျီတစ်ထည်ပဲ ရတယ်၊ နမြောလိုက်တာ၊ သက်ငြိမ်ကိုမှ မျက်စိကျနေတဲ့ ဒီမိန်းကလေးတော့ ကံဆိုးတာ သူ မသိရှာဘူး၊ ငါ့သားက အင်္ကျီအကောင်းတွေ ဆင်ပေးလို့ စည်းကမ်းရှိတဲ့ကောင် မဟုတ်ဘူး..."

"ကျွန်တော်နဲ့ မတန်ဘူးလို့ ပြောတာလား..."

"အေးလေ... နင် ဒါမျိုးတွေဝတ်ပြီး ဘယ်သွားမှာလဲ"

"ဒါဆိုလည်း ပြန်ရောင်းလိုက်ပေါ့ အမေရာ..."

"ဘယ်သူက ဝယ်မှာလဲ တော့်ရဲ့... လေးသောင်းခွဲ ဆိုတာ ဈေးဖိုး လဝက်စာရတယ် သိလား၊ နင့်ကို ကြိုက်နေတဲ့





သူက ငွေတော်တော် ချမ်းသာရမယ်၊ ဒါကြောင့် ငွေတွေ ဖြုန်းနိုင်တာ"

"ကိုငြိမ် သားကိုပေးပါလား"

"မင်းနဲ့မတော်ဘူး ဟော့ကောင်"

ထိုအင်္ကျီအတွက် သက်ငြိမ် ဖြစ်ရသော ခံစားမှုက ပျော်တာမဟုတ်။ နမြောတာ ဖြစ်သည်။ ရင်ခုန်ဖို့ဆိုတာ ဝေလာဝေးပဲ။

အကောင်အထည်မမြင်ရ အသံမကြားရသော လူတစ် ယောက်သည် ဘယ်လိုခံစားပြီး တွေးတောကာ သက်ငြိမ်ထံ ရှိပါသနည်း။

"နင်ရော ဘယ်လိုထင်သလဲ ရွှေလပြည့်"

"နင့်ကို ချစ်နေလို့ ထင်တယ်"

"ဟား...ဟား..."

"နင်က ဘာကိစ္စ ရယ်တာလဲ"

"နင်ပြောတာ ရယ်ရတာကိုး၊ ဒီမှာ ရွှေလပြည့်ရဲ့၊ ဟိုက နာမည်ကြီးတဲ့ မင်းသားလည်း မဟုတ်ဘူး၊ လူကြိုက် များတဲ့ အဆိုတော်လည်း မဟုတ်ဘူး၊ ငါ့ဆီကို အဲသလိုတွေ ဘောင်ဦးလုပ်ပြီး လက်ဆောင်တွေပို့ရအောင် ငါက သာမန်လူပဲ ကွာ..."

"နင့်ထင်လို့ပါ၊ သက်ငြိမ်၊ တစ်ခါတလေကျရင် ကိုယ်ကဲ ကိုယ့်ကိုယ်ကိုတော့ သာမန်လို့ ထင်တာပဲ၊ ဒါပေမယ့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့လူအတွက် ကိုယ်က အရမ်းထူးခြားတဲ့လူ၊ အရင်းတန်ဖိုးရှိတဲ့လူ ဖြစ်နေတတ်တယ်"

သက်ငြိမ် ဘာဆက်ပြောရမှန်း မသိအောင် တွေဆွေသွားသည်။

ဒီလိုဆို လက်ဆောင်ပို့တဲ့သူရဲ့ ခံစားချက်ဟာ နက်ရှိုင်းတဲ့ ခံစားချက်မျိုး ဖြစ်ရမည်။

"ရွှေ... အဲဒီလူဟာ ဘယ်လိုလူမျိုး ဖြစ်နိုင်လဲ..."

"နင့်ဆီ လက်ဆောင်ပို့တဲ့လူလား..."

"ဟုတ်တယ်"

"နင့်ကို သဘောကျနေတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နိုင်တယ်၊ နင့်ကို မျက်နှာမပြရဲတဲ့ အကြောင်းရင်းက သူနင့်ကို ကြောက်လို့ နေမှာပေါ့"

"ငါက ကြောက်စရာကောင်းလို့လား..."

"အဲသလိုမဟုတ်ဘူးလေ၊ ငါပြောတာက... နင်နဲ့တွေ့ဖို့ သူ့မှာ သတ္တိလုံလုံလောက်လောက် မရှိသေးလို့ပါ... အဲဒါမျိုး ဖြစ်နိုင်တယ်"

"ရွှေ...နင်နဲ့များ အဲဒီလူ သိနေသလား..."

"ဘာပြောတယ်"

"နောက်တာပါဟာ...နင်ခန့်မှန်းတာတွေက စိတ်ကူးယဉ်ဆန်လွန်းလို့..."





"ဒါကတော့ မိန်းကလေးချင်းပဲ၊ တစ်ယောက် ခံစားတာကို တစ်ယောက်က နားလည်တတ်ကြတယ်ဟ၊ စိတ်ကူးယဉ်လွန်းတာ မဟုတ်ဘူး"

"နင်တော့ မဟုတ်ဘူးမို့လား..."

"လာပြန်ပြီ"

"နင်ဆိုရင် အဲဒီလို ခိုးကြောင်ခိုးဝှက် လုပ်စရာမလိုဘူး၊ ပြောင်ပြောင်ပြောလိုက်၊ ငါ မငြင်းဘူး၊ သိလား...ရွှေ..."

"လဲသေလိုက်..."

"အေးဟာ...ပိုက်ဆံတွေ အကုန်ခံပြီး အဲဒီလူ ဘာလို့ လုပ်နေတာလဲ မသိဘူး၊ သူ ပို့လိုက်တာက ငါ့အတွက် ဆိုလည်း ရတယ်... ပိုက်ဆံတွေ သူ့အစား ငါ နှမြောတယ်"

"ငါလည်း နှမြောတယ်"

"နင်ကဘာဖြစ်လို့ ဘေးက မဆီမဆိုင် နှမြောနေတာလဲ၊ နင့်ပိုက်ဆံလား..."

"ငါ့ပိုက်ဆံဆို ငါသုံးချင်တာ သုံးမှာပေါ့၊ အချိန်ကုန်ခံပြီး မြှုန်းတီးဘူး..."

"ရွှေ...ငါ နင်နဲ့ အရမ်းတွေ့ချင်ရင် မန္တလေးလိုက်လာခဲ့ ရမလား..."

"ဘာဖြစ်လို့ တွေ့ချင်တာလဲ၊ ညတိုင်း စကားပြောပြီးသားပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး... စိတ်ထဲက တွေ့ချင်တာ၊ ဘယ်လို ပြောရမလဲ၊ စိတ်ရှုပ်လာတဲ့အခါတိုင်း နင့်ကို ပြောလိုက်ရင် ရင်ထဲမှာ ရှင်းသွားတယ်၊ ပြီးတော့ နင့်ကိုတွေ့ရင် ကောင်းမှာပဲလို့ တွေးမိတယ်၊ အဲဒါမျိုးကို အချစ်လို့ ခေါ်မယ်ဆိုရင် ခေါ်နိုင်မလား ရွှေ..."

ရွှေလပြည့် ဘက်က ဘာမှပြန်မဖြေပါ။

ჯ ❤ ჯ





ခုတင်ပေါ်မှာ လှဲနေရာကနေ ငုတ်တုတ်ထ ထိုင်လိုက်၊ ပြန်လှဲလိုက်၊ ကြမ်းပြင်ပေါ် ဆင်းထိုင်လိုက်ဖြင့် ရွှေမှာ အစဉ်ကလျှော့ စိတ်အစိုးမရလျက် ရှိသည်။ တို့နှစ်ယောက် ဘာအတွက် တွေ့ခဲ့တာလဲ။ ဘယ်လို အနေအထားမှာ ရှိနေသလဲဆိုတာ ရွှေ သူနဲ့ပတ်သက်ပြီး အရင်တုန်းက မတွေးဖူးပါ။

စောစောက စကားသည် ရွှေ့ကို ချစ်တယ်ဟု သွယ်ဝိုက်၍ ပြောသောစကားမျိုး။

နော်သာသိရင် ဒီကိစ္စက ရွှေနဲ့ နော်တို့ရဲ့ ယုံကြည်မှုတို့ပါ ပျက်ပြားသွားစေနိုင်သော ကိစ္စမျိုးဖြစ်သည်။

ရွှေက အလိုလို တတိယလူနေရာမှာ ရောက်နေခဲ့ပြီဖြစ်သည်။ ရွှေ ဘယ်တော့မှ နော်ရဲ့အသည်းကို မခွဲချင်ပါဘူး။

သက်ငြိမ် အပေါ်မှာ နော်သဘောထားက အင်မတန်နက်ရှိုင်းတာ ရွှေက သိမြင်နေလျက် သူတို့နှစ်ယောက်ကြားကို ဝင်ရှုပ်ရမှာ ကြောက်ပါသည်။

www.burmeseclassic.com



ရှတ်တရက် ရန်ကုန်ဖုန်း ဟု ဆိုသောအခါ ရွှေ ခေါင်းနားပန်း ကြီးသွားသည်။

"ရွှေ... ရှေ့အပတ်ထဲမှာ ငါ့မွေးနေ့ ရှိတယ်၊ နင် လာခဲ့လို့ ဖြစ်မလား..."

"ဖြစ်ပါတယ်..."

"ဘာမှ ကြီးကြီးကျယ်ကျယ်မလုပ်ဘူး ရွှေ နင်ရယ် ငါရယ်၊ သက်ငြိမ်နဲ့ ထူးချွန်တို့ နှစ်ယောက်ရယ်... တစ်ခုခု လုပ်စားကြမယ်၊ နင် ချက်ရမှာနော်..."

"ခါတိုင်းလို ဆိုင်တစ်ဆိုင်မှာပဲ စားကြရင် မကောင်း ဘူးလား"

"အိမ်မှာပဲ လုပ်ချင်လို့..."

"သက်ငြိမ်ကို နင် ဘယ်လိုဖိတ်မလဲ"

"လွယ်ပါတယ် ထူးချွန်ကို ပြောလိုက်ရင်ရပြီ... ထူးချွန် က ငါ့အိမ်ကို လာချင်လွန်းလို့...ငါ သိတာပေါ့..."

"နင့်မှာ ဘာအကြံရှိသေးလဲ နော်"

"ငါလား... ငါ ဘာမှ ထပ်မလုပ်တော့ပါဘူး ရွှေ တကယ်ပါ၊ ငါ စဉ်းစားပြီးပြီ၊ သူ့ဆီ လက်ဆောင်တွေပို့တာ ငါပါလို့ ဝန်ခံလိုက်ရင်..."

"ဘာ..."

"စဉ်းစားတာပါ ရွှေရဲ့၊ ငါ တကယ်မလုပ်ပါဘူး..."

"နင် တကယ်မလုပ်တာ သေချာရဲ့လား..."





"အေးပါ...ဒါနဲ့ နင့်အသံက ဘာဖြစ်နေတာလဲ... နေမကောင်းဘူးလား..."

"ဟင့်အင်း...ကောင်းတယ်...ငါ ဘာမှမဖြစ်ဘူး... ခေါင်းကိုက်နေတာ..."

"သက်ငြိမ်နဲ့ စကားပြောဖြစ်သေးလား..."

"အင်း..."

"ဘာတွေပြောကြလဲ"

"ဒီလိုပါပဲ"

"နင်တို့ တော်တော်ခင်နေကြပြီပေါ့ ရွှေ ဟုတ်လား"

"ဩော်.... အေး..."

"ဒါဆို နင် အမှီလာခဲ့နော်၊ ငါ ဖုန်းထပ်မဆက်တော့ ဘူး..."

နောက်တစ်နေ့ညသည် ရွှေ့ဘဝမှာ ပထမဆုံးအကြိမ် ငိုခုန်ချောက်ချားရသောည ဖြစ်လေသည်။ သက်ငြိမ် ရွှေ့ဆီ ကို ရှတ်တရက် ရောက်လာခဲ့သည်။ ရွှေ့ဆီကို ဖုန်းဆက်နေ ချိန်မှာ သက်ငြိမ် ခြံရှေ့ရောက်နေပြီမို့ ထွက်မတွေ့၍မရတော့။

ရွှေ ခြံပြင်ထွက်လိုက်တာနဲ့ သက်ငြိမ်ရဲ့ ပြုံးနေသော မျက်နှာကို တွေ့ရသည်။

"ဘယ်က ဘယ်လို ရှတ်တရက်ကြီး ရောက်လာ တာလဲ..."

"မနက် ခြောက်နာရီ ရထားနဲ့ လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းလား..."

"ထူးချွန် ပါတယ်၊ အခု သူ ဟိုတယ်မှာ ကျန်ခဲ့တယ်"

"အိမ်ကိုရော ဘယ်လိုပြောခဲ့လဲ...ကျောင်းရော ခွင့်တိုင်ခဲ့ရဲ့လား..."

"ဘာတွေမေးနေတာလဲ ရွှေရာ...အရေးမကြီးတာတွေ မမေးပါနဲ့၊ ငါ နင့်ကို တွေ့ချင်လို့ လာတာ"

"ဒါဆို အိမ်ထဲဝင်လေ..."

"မဝင်တော့ဘူး..."

"မတ်တတ်ကြီး စကားပြောမလို့လား..."

"အုတ်ခုံရှိသားပဲ..."

ရွှေနား သူ တိုးကပ်၍ ထိုင်သောအခါ ရွှေမှာ ပြေးစရာ မြေမရှိတော့သလို ဖြစ်နေသည်။ သူ့မျက်နှာကိုလည်း ထပ်မကြည့်ရဲ။

"အဘွား မရှိဘူးလား..."

"ရှိတယ်... ဘုရားရှိခိုးနေတယ်"

"ဟုတ်လား..."

နှစ်ယောက်သား တိတ်သွားကြပြန်သည်။

သူ ဒီလောက်အဝေးကြီးကနေ ရုတ်တရက် လာရတာ ရွှေ့မျက်နှာကို ကြည့်ဖို့သက်သက် အတွက်ဆိုရင် ရွှေဟာ အလွန်ကံကောင်းတဲ့ ဂရုစိုက်ခံရတဲ့ မိန်းကလေးပဲ။



နော့်ကို ရွှေ့အာရုံမှာ လုံးဝမေ့နေလျှက်ရှိကာ တစ်
ာကလုံး၌ ရွှေနဲ့ သက်ငြိမ် နှစ်ယောက်ထဲသာ ရှိသလို
ားရသည်။

"ရွှေ...ခုလိုမျိုး တစ်သက်လုံးနေရရင် ကောင်းမယ်
ာ်..."

"ဟင်..."

"နင် အနားမှာရှိရင် စိတ်ချမ်းသာတယ်..."

"........."

"ငါ့ကို ဘာစကားမှ ပြန်မပြောတော့ဘူးလား ရွှေ..."

"ပြောစရာစကားမှ မရှိဘဲ"

"နည်းနည်းတော့ ပြောသင့်တာပေါ့... မျက်နှာကြီး
ာက်ချပြီး ငါ့ဘက်လည်း မလှည့်၊ စကားလည်း မပြော
ာ..."

"နင် ငါ့ကို ဒီလိုတွေပြောနေတာ ဟိုလက်ဆောင်ပို့တဲ့
ယောက်သိရင် ဘယ်လိုနေမလဲ မသိဘူးနော်..."

"အဲဒီတစ်ယောက်က ငါ့အတွက် အပြင်လူပဲ...ငါနဲ့
တ်သက်စရာကို မရှိတာ နင် သိနေလျှက်နဲ့..."

"သူ့ကို နင် တကယ်စိတ်မဝင်စားဘူးလား..."

"ဖြူလား မည်းလားတောင် မသိတဲ့လူကို ငါက
ယ်လိုစိတ်ဝင်စားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အဲဒီတစ်ယောက်က နင်သိခဲ့တဲ့ လူတွေ ထဲကပဲ ဆိုရင်ကော"

"ထူးချွန်လည်း ပြောပါတယ်"

"ထူးချွန်က ဘာတဲ့လဲ"

"ငါ့ကျောင်းလခတွေတောင် သွင်းပေးတာ ဆိုတော့ ကျောင်းကပဲ နေမှာတဲ့၊ ကျောင်းက အကျယ်ကြီး၊ မေဂျာ တွေ အများကြီး၊ မသိအောင်ပို့နေတဲ့ သူ့ကို ငါက သိအောင် ရှာဖို့ မလွယ်ဘူး... ရှာဖို့လည်း စိတ်ကူးမရှိဘူး... အခု ငါ့အတွက် အရေးကြီးနေတာ ရွှေလပြည့် တစ်ယောက်တည်း ရှိတယ်..."

"နင် ပြန်တော့ သက်ငြိမ်"

"နင်ပြန်စေချင်ရင် ငါပြန်ရမှာပေါ့...နင်ဟာ အဝေးကြီး က လာတဲ့လူကို အမောပြေအောင် ပြန်တော့တဲ့..."

"ငါ သန်ဘက်ခါ ရန်ကုန်ဆင်းခဲ့မယ် သက်ငြိမ်"

"တကယ်လား"

"နော့်မွေးနေ့ ရှိတယ်"

"အဲဒါအတွက် သွားမှာလား..."

"ဟုတ်တယ်"

"မွေးနေ့ဆိုတာ ဘာများထူးဆန်းလို့လဲဟာ၊ သေမှ တစ်နှစ်နီးလာတာ၊ အဓိပ္ပာယ်မရှိဆုံး အလုပ်တွေထဲမှာ အဲဒီ မွေးနေ့လုပ်တာလည်း ပါတယ်"





"ကိုယ့်ခံယူချက်နဲ့ ကိုယ်ပဲ သက်ငြိမ်၊ လူတွေက တွေ့ကြဘူးလေ..."

"နင် ရန်ကုန်လာမယ်ဆိုတာကိုတော့ ပျော်ပါတယ်... တကယ်ပြောတာပါ၊ ရောက်ရင် ငါ့ကို ဖုန်းဆက်ပါ... နင် ဘယ်မှာ တည်းမှာလဲ"

"ငါ့အဖေအိမ်မှာပဲ၊ နော့်အိမ်မှာလည်း ဖြစ်နိုင်တာပဲ"

"ဘယ်မှာတည်းတည်း ငါလာတွေ့လို့ ရတယ်မို့လား"

"နော့်ဆီမှာဆို မဖြစ်ဘူး"

"ဘာလို့လဲ... ထူးချွန်ပါ ခေါ်လိုက်မယ်၊ ပိုတောင် ကောင်းသေး..."

"သက်ငြိမ်"

"ဟင်"

"ငါတို့ သူငယ်ချင်းတွေမဲ့ လုပ်ကြရအောင်၊ ငါနဲ့ နော်လို နင်နဲ့ငါ သူငယ်ချင်းတွေ မဖြစ်နိုင်ဘူးလား"

"ဘာဖြစ်လို့ အဲသလိုပြောတာလဲ..."

"ဟိုလေ... ရုတ်တရက်ကြီး...နင့်ဘက်က အရမ်း ပြောင်းလဲသွားတော့...ငါ လိုက်လို့မမီဘူး ဖြစ်နေတယ်"

"နင့်ကို အချိန် ဘယ်လောက်ပေးရမလဲ"

"အန်"

"နင့်လို လူမျိုးက ဘယ်တော့မှ လိမ်တတ်တဲ့လူမျိုး မဟုတ်ဘူး ရွှေ မယုံရင် မှန်ထဲမှာ ကိုယ်ဘာသာ ပြန်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုကြည့်ရမှာလဲ..."

"နင့်မျက်လုံးတွေလေ၊ ကဲပါလေ... ငါ မနက် နင်နဲ့ တွေ့ချင်တာရော... နင် ဘယ်လိုလုပ်ပေးမလဲ... ကျောင်း တစ်ရက်ပျက်ပေးမလား...ဒါမှမဟုတ် နင့်ကျောင်းကို ငါ လိုက်ခဲ့ရမလား..."

"အကောင်းဆုံးက နင် အိမ်ပြန်"

"ပြီးတော့ရော..."

"သက်ငြိမ်...ငါစကားတစ်ခွန်းပြောမယ်၊ ဘာကြောင့် လဲလို့တော့ ပြန်မမေးရဘူး၊ အချစ်မှာ တတိယလူ မရှိတာ အကောင်းဆုံးပဲ သိလား...တတိယလူ ပါလာရင် မထင်မှတ် တာတွေ အမြဲဖြစ်တတ်တယ်၊ ငါ တတိယလူ မဖြစ်ချင်ဘူး"

"ဒါဆို ဘယ်သူက ဒုတိယလူလဲ"

"ပြန်မမေးရဘူးလို့ ပြောထားတယ်လေ..."

"ငါနဲ့နင် နှစ်ယောက်ပဲ ငါမြင်တယ်လေ၊ နင်ပြောတဲ့ တတိယလူဆိုတာ ငါမှမသိဘဲ..."

ရွှေ ပြောလိုက်ချင်ပြီ။ သို့သော် နော်ရဲ့ဂုဏ်သိက္ခာကို လည်း ထည့်သွင်း စဉ်းစားရမည်။ ရွှေ ပြောလိုက်လျှင် ဘာများ သက်ငြိမ်ဆီက တုံ့ပြန်မည်လဲ။ သူ အံ့ဩသွားမှာ သေချာပါသည်။

"တစ်ခါတလေ အရွယ် ရောက်လာတာကို ကျေနပ် မိတယ်၊ ကိစ္စတော်တော်များများက အရွယ်ရောက်လာမှ





ပျော်စရာကောင်းတာကို ငါတို့ သိရတယ်လေ၊ ဟုတ်တယ် မို့လား ရွှေ"

"အရွယ်ရောက်လာတဲ့အခါ ငယ်ငယ်တုန်းက မသိတဲ့ ဥပဒေတွေ၊ စောင့်စည်းငဲ့ညှာစရာတွေ၊ ကိုယ်ချင်းစာရတာတွေ၊ ထိန်းချုပ်စရာတွေ ပိုများလာတာမဟုတ်ဘူးလား သက်ငြိမ်၊ ကလေးဘဝက ငါတို့ ဒါတွေမှ မသိခဲ့ဘဲ၊ လိုချင်တာမရရင် ငိုဖို့ပဲသိတာ၊ အခုကျတော့ ဘာကိုလိုချင်လဲဆိုတာရဲ့ နောက် ဆက်တွဲမှာ ဖြစ်သင့်ရဲ့လား ဆိုတာမျိုး စဉ်းစားလာရပြီလေ"

"နင့်ရင်ထဲမှာ ဘာရှိနေလဲ ရွှေ နင် အခု ဘာကို ငဲ့ညှာနေရလို့လဲ၊ ကျောင်းပြီးရင် နင့်အဘွား ပေးစားမယ့် တစ်ယောက်ကိုလား၊ တတိယလူဆိုတာ အဲဒီလူကို ပြော တာလား၊ သူ အခု ဘယ်မှာလဲ"

"သူဘယ်မှာလဲ ငါမသိဘူး၊ ငါ စိတ်လည်းမဝင်စားဘူး"

"ဒါဆို နင် ဘယ်သူ့ကို ငဲ့ညှာနေလို့လဲ၊ နင်နဲ့ ငါနဲ့ ကြားမှာ နင်မြင်သလို ငါ မမြင်ဘူး၊ ငါတို့နှစ်ယောက်ကြားမှာ ဘာတံတိုင်းမှ မရှိဘူး၊ အဲသလိုပဲ မြင်တယ်၊ ငါ အခု ပျော် နေတယ်၊ လူတွေအများကြီး ဒီလောကကြီးမှာ ရှိတဲ့အထဲက ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ပြီ ဒါ ငါ့ဘဝအတွက် ကျေနပ်စရာကောင်းတာပဲ၊ ငါ့ရဲ့နံရိုးတစ်ချောင်းကို ငါ ရှာတွေ့ ပြီလို့ပဲ သဘောထားတယ်"

"နံရိုးတစ်ချောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... ခရစ်ယာန်ကျမ်းစာမှာ ဘုရားသခင်က လူယောကျ်ားရဲ့ နံရိုးတစ်ချောင်းကိုထုတ်ပြီး လူမိန်းမကို ဖန်ဆင်းခဲ့သတဲ့၊ ဒါကြောင့် လူတိုင်းဟာ ကိုယ့်ရဲ့ နံရိုးတစ်ချောင်းကို လိုက်ရှာပြီး လက်ထပ်ကြရသတဲ့"

"ဒါဆို လူယောကျ်ားကိုရော ဘာနဲ့ဖန်ဆင်းထားသလဲ"

"မြေမှုန့်နဲ့ ဖန်ဆင်းထားတာတဲ့"

"ငါက နှင့်ရဲ့နံရိုးတစ်ချောင်းဆို လူမှာ နံရိုးဆယ့်နှစ်ချောင်းရှိတာ နင့်မှာ ဆယ့်တစ်ချောင်းစာ မိန်းကလေး ဆယ့်တစ်ယောက် ကျန်သေးတာပေါ့... အဲသလိုလား"

"ရွှေရာ ကတ်သီးကတ်သတ်"

"နင် မပြန်သေးဘူးလား သက်ငြိမ်"

"အခုလား"

"ဟုတ်တယ်၊ ငါအသွား တွေ့သွားရင် ဆုလိမ့်ဦးမယ်"

"ရန်ကုန်ရောက်ရင် ဖုန်းဆက်နော်၊ ငါ လာကြိုရမလား"

"ရပါတယ်... ငါ ခြံထဲဝင်တော့မယ်နော်"

သူ့ကို ကျောခိုင်းပြီး လေး,ငါး,ဆယ်လှမ်းလောက်ပဲ လှမ်းရသေးသည်။ သူ့ဆီက ရွှေလပြည့်ဟု ခေါ်သံကြားရသည်။ ရွှေ သူ့ကို လှည့်ကြည့်လိုက်သောအခါ သူ လက်တစ်ဖက်ကို ထောင်ပြ၍...

"မနက် ဖုန်းဆက်မယ်" ဟု လှမ်းပြောသည်။

❦ ❤ ❦





"မင်းက ငါ့ထက်စာရင် အဆင်ပြေသေးရတာပဲကွ၊ ငါကသာ... နော်က လုံးဝဆန်းတယ်နော် ဟော့ကောင်၊ ငါ့ သဘောထားကို သိနေလောက်ပါပြီကွာ၊ ဒီလောက် နောက်က တောက်လျှောက်လိုက်နေတာ"

"အဖြူအမည်းသိအောင် သေချာပြောကြည့်ပါလား"

"ငြင်းလိုက်ရင် ဘယ်လိုလုပ်မလဲ၊ ငါ အဲဒါကြီးကို တွေးပြီး ကြောက်ကြောက်လာတာနဲ့ ပြောမထွက်တော့တာ"

"ပြောမှသိမယ့်ကိစ္စ မင်း မပြောရင် မင်း တစ်ဖက်သတ်ကြီး ဖြစ်နေမှာပေါ့"

"မြင်နေရရင် ကျေနပ်ပါပြီကွာ"

"မင်းကွာ ပြိုင်ဘက်လည်းမရှိ ကိုယ့်တစ်ယောက်တည်းဟာကို တွန့်ဆုတ်နေသေးတယ်၊ ငါနဲ့ရွှေကိစ္စက ထင်သလောက် မလွယ်ဘူး၊ ငါ့ကို သံယောဇဉ်တော့ ရှိတယ်ကွ၊ ဒါပေမယ့် တတိယလူဆိုတာ ဘာကိုပြောတာလဲ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီ လက်ဆောင်တွေပို့၊ ကျောင်းလခတွေ သွင်းပေးတဲ့ ဟိုတစ်ယောက်ကို ပြောတာ ထင်တယ်"

"ငါမှ အဲဒီတစ်ယောက်ကို စိတ်မဝင်စားဘဲ"

"သေချာလို့လား"

"အကောင်အထည် မရှိဘူးကွာ၊ ပြီးတော့ ငါ့ကို မတွေ့ချင်လို့ ဒီလိုလုပ်နေတာ၊ ငါက တွေ့ချင်နေရင် ဘယ်ကောင်းမလဲ၊ အိမ်ကလည်း သိပ်မကြည့်ဘူး၊ ရှုပ်ရှုပ် ယှက်ယှက်တွေလို့ မြင်တာ"

"ရွှေလပြည့်များ အဲဒီလူကို သိနေလား"

သက်ငြိမ်က ထူးချွန်ကိုမကြည့်ဘဲ ခေါင်းကိုသာ ခါယမ်း မိသည်။

"မဖြစ်နိုင်ဘူးလို့ မင်း ဘာနဲ့ပြောမလဲ သက်ငြိမ် ရွှေလပြည့်က မန္တလေးမှာ၊ ဒါပေမယ့် ရန်ကုန်က သူ့အသိ တစ်ယောက်ယောက်ကို ငွေပေးပြီး လုပ်ခိုင်းနိုင်တာပဲ၊ ဥပမာ ကွာ... ဒွေးမယ်နော်ပေါ့၊ နော်ကနေ တစ်ဆင့် မင်းကို လက်ဆောင်တွေ ပေးတာ၊ မင်းကောင်မလေးက စိတ်ကူး ယဉ်ပြီး လုပ်တတ်တဲ့ ပုံစံမျိုး"

"ဒွေးမယ်နော်... ဒွေးမယ်နော်ကို မင်း ဘယ်လို စဉ်းစားမိတာလဲ"





"ရွှေလပြည့်နဲ့ အနီးကပ်ဆုံး သူငယ်ချင်းက သူ တစ်ယောက်တည်းပဲရှိတာ၊ ဒီလိုလုပ်လေ၊ ငါ ဒွေးမယ်နော် ကို မေးပေးမယ်၊ တစ်ခုခုတော့ ထူးခြားမယ် ထင်တာပဲ"

ဖုန်းအဖြူလေးကို ဘယ်အချိန်များ ထ,မြည်မလဲဟု ရွှေလပြည့်တွေးပြီး ရင်တမမနှင့် စောင့်ကြည့်သည်။

နာရီကို တကြည့်ကြည့်နှင့် ညဥ့်နက်လာပြီ။

သို့သော် သက်ငြိမ်ကတော့ ပင်ပန်းမှု အရှိန်နှင့် ဘိုတယ်မှာ အိပ်ကောင်းဆဲ။



www.burmeseclassic.com

www.burmeseclassic.com



နော်ကို မျက်နှာချင်းဆိုင်၍ မေးမည့် မေးခွန်းသည် နော့်ရဲ့လျှို့ဝှက်ချက် ဖြစ်နေလိမ့်မည်ဟု ထင်မထားပါ။ နော်သည် ခြေဖျားလက်ဖျားတွေ အေးစက်သွားပြီး ထူးချွန်ကို ထိတ်လန့်တကြား ပြန်မေးသည်။

"ဘာပြောလိုက်တာလဲ"

"ဒီလိုဗျ။ သက်ငြိမ်ဆီကို လက်ဆောင်တွေ ခုတလော ပို့နေတဲ့ သူတစ်ယောက် ရှိတယ်၊ ကျွန်တော်က ရွှေလပြည့်လို့ ထင်နေတယ်၊ ရွှေလပြည့်က အကူအညီတောင်းလို့ ဒွေးမယ် နော်များ လုပ်ပေးနေသလားလို့ပါ"

"အို... မဟုတ်ပါဘူး၊ ရွှေက မန္တလေးမှာနေတာ နော်တို့က ဘာကြောင့် ဒီလိုလုပ်ရမှာလဲ၊ မလုပ်ပါဘူး... ဘယ်သူမှ မလုပ်ပါဘူး"

"ကျွန်တော်မေးတာ တစ်မျိုးမထင်ပါနဲ့နော်၊ ရွှေလပြည့်နဲ့ သက်ငြိမ်က ချစ်တင်ဝင်ရင်းနဲ့ 'တော်တော်ခင်ကြတော့ ရွှေလပြည့်များ သက်ငြိမ်ကို နောက်သလားလို့ပါ"





"ရွှေလပြည့် ဖြစ်နေရင်ရော"

"ဗျာ... ဪ အဲဒါဆိုလည်း ဘာမှပြဿနာမရှိပါဘူး။ သူတို့က ခုတောင် တော်တော်အဆင်ပြေနေကြတာ၊ ကျွန်တော်တို့ မန္တလေးမှာ တစ်ညသွားအိပ်ပြီး ပြန်လာတာ၊ ဒီနေ့မှ ရွှေလပြည့်ကို သက်ငြိမ် တွေ့ချင်လို့ သွားတွေ့တာလေ၊ ဟဲ...ဟဲ... သူတို့က အဆင်ပြေနေပြီဗျ"

နော်သည် မကြာခဏ အက်ရှင်ကားများ ကြည့်ဖူးသည်။ ရုပ်ရှင်ထဲမှာ ကားတွေ ဗုံးတွေ ပေါက်ကွဲပြီး လူတွေ တစ်စစီ လွင့်စဉ်သွားတာကို ခုမှ ကိုယ်တွေ့ ခံစားဖူးတော့သည်။

လူကသာ အကောင်အထည်လိုက် ထူးချွန်ရှေ့မှာ ရှိနေတာ။ စိတ်ကတော့ တစ်စစီ ဖွာလန်ကြဲ လွင့်ထွက်လျက် ရှိသည်။ ထူးချွန် ဘာတွေဆက်ပြောနေလည်း ဆိုတာလည်း မကြားရတော့။ နားထဲမှာ အူနေတာ။ အသံတစ်သံကိုသာ တလုံးဗထွေး ကြားနေရလျက် ရှိသည်။

"သူတို့က အဆင်ပြေနေပြီဗျ"

စုန်လူပ်စွာဖြင့် ထရပ်လိုက်တော့ ထူးချွန်ကပါ လိုက်ရပ်သည်။

"နော် ဘာဖြစ်သွားတာလဲ"

"ခေါင်းကိုက်လို့ ပြန်တော့မယ် ထူးချွန်"

"နေဦးလေ... ကျွန်တော့်ကို ပြောစရာရှိလို့ပါ"

"နောက်မှ ဖုန်းထပ်ဆက်လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားမှန်က မိုးစက်ကြောင့် ဝါးတာလားဟု ပထမတော့ ထင်သေးသည်။ နောက်မှ ကားစတီယာရင်ကို ကိုင်ထားသော လက်ပေါ် မျက်ရည်တွေ ပေါက်ခနဲကျမှ ငိုနေမိမှန်း သိတော့သည်။ အိမ်ကို ဘယ်လိုရောက်လာမှန်း မသိ။

သူတို့က အဆင်ပြေနေပြီဗျ။ ဘယ်လိုကြောင့် ပြောတာလဲ။ သူတို့က ဘယ်လိုပုံစံနဲ့ ပြောတာလဲ။ ရွှေသည် နော် မသိခင် တစ်ခုခုကိုတော့ ကျူးလွန်လိုက်ပြီဟု ခန့်မှန်းလိုက်မိသည်။

နော့်ကို ရွှေ တိတ်တဆိတ် အသုံးချနေတာများလား။

ရွှေ့ကို နာကျင်အောင် ဘယ်တုန်းကများ လုပ်ခဲ့မူးလို့လဲ ရွှေရယ်၊ နော့်ရင်ကိုမှ ချိန်ပြီး ဒီမြားကို ပစ်ခွင်းရသလား။

သူ့မှာ သဘောကျတဲ့ မိန်းကလေး ရှိပုံရတယ်။

ရွှေ ဘာလို့ အဲသလို သွယ်ဝိုက်ပြောခဲ့ရသလဲ။ တည့်တည့်ပြောခဲ့ရင်၊ ဘာဖြစ်မှာမို့လို့လဲ။ နော့်မှာတော့ ကိုယ့်လုပ်ရပ် ကိုယ်တွေးပြီး ကြည့်နူးလိုက်ရတာ။ ခုတော့ နော့်အရှက်ကို သူငယ်ချင်းက ကောင်းကောင်းခွဲလိုက်ပြီ။

တစ်ညနေခင်းလုံး တစ်ညလုံး နော် ဘာမှမလုပ်နိုင်။ မနက်ဖြန်ဆို ရွှေ ရောက်လာတော့မည်။ နောက်တစ်ရက်သည် နော့်ရဲ့ ဆယ့်ကိုးနှစ်မြောက် မွေးနေ့ဖြစ်သည်။

နော် မျက်ရည်တွေကို လက်ဖမိုးဖြင့် ကြမ်းတမ်းစွာ သုတ်ပစ်လိုက်သည်။ ရွှေ ဘယ်အထိ ဒီဇာတ်ကို ဆက်ကမလဲ





ဆိုတာ နော် ဒီလိုရှုံးနိမ့်ကြေကွဲစွာ ကြည့်နေလို့မဖြစ်။ နော် သည်း သွေးအေးစွာ တုံ့ပြန်ရမည်။

ကိုယ့်ဘာသာ အရူးထတဲ့ကိစ္စဖြစ်ပေမယ့် ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက် ချစ်တဲ့လူ တစ်ယောက်ကိုတော့ ရွှေ ဘယ်လောက်ချစ်ချစ် စောင့်ထိန်းသင့်သည်ပဲ။

တကယ်တော့ နော့်အမှားက ရွှေ့လိပ်စာကို နော် ပေးလိုက်ခြင်းပင်တည်း။ ထိုလိပ်စာသာ မပေးမိလျှင် သူတို့ ချပ်တင်ဝင်ဖြစ်စရာမရှိ။ ခေတ်သစ် အင်တာနက်ဇာတ်လမ်းမျိုး နှံတီးစရာမလို။

နော်နဲ့ သက်ငြိမ်ဟာ ဘာကြောင့် စိတ်ဝင်စားသော အရာ မတူညီရပါသလဲ။ နော် စိတ်ဝင်စားသော တဲရော့ဒ် ချပ်များနှင့် ကံကြမ္မာ ပတ်သက်ဆက်နွှယ်မှုကို သက်ငြိမ်က ကြည့်မရ။

သက်ငြိမ် ဝါသနာပါသော ခလုတ်တချောက်ချောက် နှိပ်ရင်း ရောက်တတ်ရာရာ ပြောတတ်ဆိုတတ်သော ချပ်တင်ကို နော်က လုံးဝကြည့်မရ။ အချိန်ဖြုန်းခြင်း အလုပ်၊ အကျိုးမဲ့သော အလုပ်ဟုသာ ယူဆသည်။

ထိုသို့ ယူဆသဖြင့် ခေတ်စားနေသော ချပ်တင်ဝင်ခြင်းကို နော် ရှောင်ကြဉ်ခဲ့ခြင်း ဖြစ်သည်။

သူတို့ဟာ ညလုံးပေါက် စကားပြောချင် ပြောနေကြမှာ။ သူတို့ပြောသောအကြောင်းအရာတွေက ဘယ်လိုမျိုးတွေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



တူညီတာတစ်ခုမရှိဘဲ အချိန်တိုအတွင်းမှာ သူတို့ ဒီလောက် ရင်းနှီးသွားမယ် မထင်။ သက်ငြိမ် ဘာကြိုက်တတ်လဲ။ ထိုအကြိုက်ကို ရွှေလပြည့်ကသိပြီး နော်က မသိ။ သူတို့ တစ်ခုခုကို စိတ်ပါဝင်စားစွာ ဆွေးနွေးနေချိန်မှာ နော်ကတော့ အထီးကျန်စွာ အိပ်ရာပေါ်မှာ အိပ်မောကျနေဆဲဖြစ်မှာ။

သူတို့ နှစ်ယောက် တစ်ယောက်ရင်ခုန်မှုကို တစ်ယောက် ခံစားချိန်မှာ နော်ကတော့ ကိုယ့်စိတ်ကူးတွေနဲ့ကိုယ် ရူးသွပ်စွာ ပျော်ဝင်ခဲ့။

တွေးလေ တွေးလေ နော့်မှာ ပို၍ နာကျင်လာရေ ဖြစ်သည်။

ဘယ်သူ့ကို အပြစ်တင်ရမလဲ။

နော့်ကို စိတ်မဝင်စားသော သက်ငြိမ် ကိုလား။

နော့်သူငယ်ချင်း ရွှေ့ကိုလား။

နော့်စိတ်သည် ကူကယ်ရာမဲ့ ဖြစ်နေသည်။ ဒီအချိန်မှာ နော် တစ်ခုကိုသတိရသည်။ တဲရော့ဒ်...။

နော် စိတ်ဝင်စားစွာ လေ့လာခဲ့သော နော့်ရဲ့ တဲရော့ဒ် ကားချပ်ထုပ်ကို ဖဲစအပြာရောင်ဖြင့် သေသပ်ကျနစွာ ထုပ်ပိုး လျက် စာကြည့်စားပွဲ အံဆွဲအတွင်းမှာ နော် သိမ်းထားခဲ့တာ ထူးချွန် အူအတက်ရောဂါ ခွဲပြီးကတည်းက ဖြစ်သည်။

နော်သည် ကံကြမ္မာနှင့် ဒီဖဲချပ်များ ဆက်နွယ်မှုရှိတာကို စွဲစွဲမြဲမြဲ ယုံကြည်ခဲ့သည်။ အနောက်တိုင်းဗေဒင်ဟု ဆို





သော်လည်း နော့်အတွက်တော့ ဒီဖဲချပ်များကို အဓိပ္ပာယ် ဖော်ခြင်းကပင် စိတ်ဝင်စားစရာ ကောင်းနေခဲ့သည်။

ကားချပ်ပေါင်း ၂၂ ချပ်။ ကားချပ်များသည် နော့် လက်အတွင်းတွင် စီစဉ်တကျ ထပ်လျက်ရှိသည်။ အပေါ်ဆုံး အချပ်က လောကီပညာရှင်။ ၂၂ ချပ်သော ကားချပ်များသည် သူ့ရုပ်ပုံများစွာဖြင့် နော့်ကို မော့ကြည့်နေသကဲ့သို့ ရှိသည်။

လတ်တလောကိစ္စဟာ နော့်အတွက် အရေးကြီးတဲ့ ကိစ္စပဲ။ နော်ချစ်တဲ့ ချစ်သူနဲ့ပတ်သက်ပြီး နော့်ကို တဲရော့ဒ်က အမှန်တရားတစ်ခု ပေးနိုင်မှာပဲ။

နော်ကားချပ်ထုပ်ကို ဘယ်လက်ဖြင့် ချီးချလိုက်သည်။ နော့်ဘယ်ဘက်လက်ဖြင့် ဆွဲယူမိုက်မှာ ပါလာသော ကားချပ်သည် The fool...။

နော့်မျက်လုံးများ ပြာသွားသည်။

The fool...။

နော့်အသက် ဆယ့်သုံးနှစ် သမီးလောက်က စတင်၍ တဲရော့ဒ်ကို စာအုပ်တစ်အုပ်တွင် ဖတ်မိရာမှ စိတ်ဝင်တစားဖြင့် စာအုပ်များ ဝယ်ယူလေ့လာခဲ့သည်။ နော့်အဖေ နိုင်ငံခြားခရီးစဉ်တစ်ခေါက်မှာ ဝယ်လာပေးခဲ့သော တဲရော့ဒ်ကားချပ်ထုပ်ကို ရစဉ်က နော် ဘယ်လောက်ပျော်ခဲ့ရပါသလဲ။

တဲရော့ဒ်ဟာ ဗေဒင်တွေ အများကြီးအနက်က နော့်စိတ်ဝင်စားခဲ့သော တစ်ခုတည်းသော ပညာရပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယဖု၊ ဣသျှ၊ အာတပွနစသည့် ဗေဒင်ကျမ်းများနာမည်ကို သိပေမယ့် လိုက်လံလေ့လာဖို့ကျတော့ မလွယ်ကူလှ။ နက္ခတ်ဗေဒ၊ ဆေးဗေဒင်၊ ဆန်းဗေဒင်၊ သစ်ရွက်ဗေဒင်၊ ကြွေဗေဒင်၊ ဘူချောင်းဗေဒင်၊ ပိုက်ဆံဗေဒင်၊ အန်စာတုံးဗေဒင်၊ လက်ထောက်ဗေဒင်၊ ဖဲချပ်ဗေဒင် စသည့် များပြားလှသော ဗေဒင်များကို နော် မလေ့လာခဲ့ဘဲ တဲရော့ဒ်ကိုသာ တစိုက်မတ်မတ် ဖတ်ရှုလေ့လာခဲ့သည်။

နော် နှစ်နှစ်ခန့် လေ့လာပြီး ချိန်မှာ တဲရော့ဒ်များ နော်သည် နီးစပ်မှုရှိသော နှစ်ကိုယ့် တစ်စိတ်များဟု နော် ခံစားလာရသည်။

နော့်ကို ရှုးတယ်ပဲ ပြောပြော နော်သည် စိတ်ခံစားမှု ပြင်းပြသော ယုံကြည်မှုမျိုးဖြင့် ထိုကားချပ်များအပေါ်တွင် သံယောဇဉ်လည်း တွယ်ခဲ့သည်။

အခုတော့ နော့်ကို တဲရော့ဒ်က ဖြေနေပြီ။

The fool…။

ရွှေ့ကို မေးပေးစဉ်တုန်းကလည်း The fool ကတ် ထွက်လာတာကို ပြန်သတိရသည်။

တကယ်လို့ အဲဒီတုန်းက ပြသော The fool ကတ်သည် ရွှေ့ရဲ့အချစ်ရေးနှင့် ပတ်သက်မနေဘဲ နော်နဲ့သာ ပတ်သက် တာကို ပြတာဆိုရင်ကော။





The fool ကို လတ်တစ်လောကိစ္စအတွက် မေးလျှင် ထိုကိစ္စသည် လုံးဝ အောင်မြင်မည့် ကိစ္စမျိုး မဟုတ်၍ နောက်ဆုတ်သင့်သည် ဆိုသော အဖြေကို ပေးလေသည်။

နော့်မှာ အဖြေကို စိတ်ဆဝ်းရဲသွားသည်။

ခုအချိန်မှာ နော့်အတွေးထဲ ဝင်လာတာ အခြားတစ်စုံ တစ်ယောက်ကို နော် ဟောကိန်းထုတ်လိုက်တိုင်း ထိုသူတို့၏ ယုံကြည်မှု အနည်းအများပေါ်လိုက်၍ သူတို့ အဖြေများကို စိတ်ဆင်းရဲကြလိမ့်မည် သို့မဟုတ် ဝမ်းသာကြလိမ့်မည်ဆိုသော အတွေးမျိုး ဖြစ်သည်။

စိတ်ဆင်းရဲစရာ ကိစ္စဆိုလျှင် ဘယ်လောက်များ စိတ် ညစ်ကာ တွေး၍ ထိတ်လန့်ရမလဲ။ ခုတော့ နော် ကိုယ်ချင်း စာနိုင်ပါပြီ။

လောလောဆယ် နော် ဘာဆက်လုပ်သင့်သလဲ။

နော် စဉ်းစားသည်။ လူကြီးဆန်စွာ သူတို့နှစ်ယောက် အခြေအနေကို စောင့်ကြည့်ကာ အရှုံးပေးလိုက်တာ ပိုကောင်း မလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်အစောကြီး ထူးချွန်ဆီ နော် ဖုန်းဆက်လိုက်သည်။ ထူးချွန် ပြန်ဖြေသံက အားတက်သရော ရှိလှသည်။

"ကျွန်တော်တို့ လာခဲ့ပါ့မယ် နော်"

"ဒါပေမယ့် ရွှေ မရောက်သေးဘူး"

"ရွှေလပြည့် သေချာပေါက် လာမှာပါဗျ"

"ထူးချွန်က ဘယ်လိုသိတာလဲ"

"သက်ငြိမ်ကို သူကိုယ်တိုင် ပြောလိုက်တာ နော်။ ကျွန်တော် နော့်အတွက် ဘာလက်ဆောင်ပေးရမလဲ"

"ရပါတယ်... အဲဒါတွေ မလိုပါဘူး။ နော့်မှာ အားလုံး ရှိတယ်"

"နော် ချမ်းသာတာ ကျွန်တော် သိပါတယ်"

"အို... အဲသလိုသဘောနဲ့ ပြောတာမဟုတ်ဘူးလေ"

"ကျွန်တော် သက်ငြိမ်နဲ့ တိုင်ပင်လိုက်ဦးမယ်၊ နော့်မှာ ပိုက်ဆံချမ်းသာလို့ ပစ္စည်းတွေအားလုံး ဝယ်နိုင်ပေမယ့်





ကျွန်တော်တို့ရဲ့ အမှတ်တရဆိုတာလေးကို ပိုက်ဆံနဲ့ဝယ်လို့ မရပါဘူးနော်"

ထူးချွန်နှင့် စကားပြောအပြီးမှာ နော်သည် ရွှေ့ကို စောင့်ရင်း ဟိုစဉ်းစား ဒီစဉ်းစား ဖြစ်နေသည်။ ထူးချွန်ဆို သက်ငြိမ်ထက် အများကြီး ပြည့်စုံကြွယ်ဝသည်။ နော့်ကိုလည်း ချစ်သည်။

သို့သော်... နော့်ဘက်က ဘယ်လိုမှ ခံစား၍မရ။ ညနေစောင်းမှာ ရွှေ ရောက်လာသည်။ ရွှေ့ကို မြင်တာနှင့် စိတ်ထဲမှာ ကသိကအောက်ဖြစ်မှုနဲ့အတူ ဒေါသ,ကပါ ကြွလာသည်။

"ငါရောက်တာ နောက်ကျလို့ ရွှေစိတ်တော်ညိုနေတာလား နော်... မျက်နှာက မသာမယာနဲ့..."

ရွှေခရီးဆောင် အိတ်ကို ကူဆွဲရင်း နော့်အခန်းထဲ ရောက်သောအခါ ရွှေက အကျီလဲကာ ရထားပေါ်မှာ အိပ်ရကြောင်းကို ပြောပြနေသည်။ နော့်နားထဲ မဝင်တစ်ချက် ဝင်တစ်ချက်။

နော့်အနားကို အဝတ်လဲပြီး လာထိုင်သောအခါ ရွှေသည် သူ့လက်များကို ပေါင်ပေါ်ယှက်တင်ထားသည်။

"ဒီလက်သန်းလေး ပြတ်သွားတုန်းက နင် အရှမ်း နာမှာပဲနော် ရွှေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... တော်သေးတယ်၊ ထိပ်ပိုင်းကလေးပဲဖို့လို့ တစ်ချောင်းလုံးသာဆို အရမ်းနာမှာ၊ ဒါပေမယ့် အဲဒီတုန်းက တော့ အရမ်းနာပါတယ်"

"နှင် ငါ့ကို မကျေနပ်တာရော ဖြစ်ခဲ့သေးလား"

ရွှေ မဖြေ။ ရွှေ့အမြင်မှာ စွဲနေတာ သူ့ဟောချက်မှုန်ပြီ ဆိုကာ ပျော်မြူးရိပ် ထင်းနေသော နော်မျက်လုံးအစုံ။

"ဒါနဲ့ မနက်ဖြန် ဘာချက်မှာလဲ"

"ငါ အစီအစဉ် ပြောင်းလိုက်ပြီ၊ တို့ Tokyo မှာ ကြက်ကြော်စားမယ်၊ ပြီးတော့ ရွှေပုစွန်မှာ ဖာလူဒါ သောက် မယ်၊ ရုပ်ရှင်တစ်ပွဲ ကြည့်မယ်"

"ဘာလို့ အဲဒီလို စိတ်ကူးလိုက်တာလဲ"

"နှင် ပင်ပန်းမှာပေါ့ ရွှေ၊ နှင် ခရီးပန်းလာတယ်လေ ဒါ နှင့်ကို မခိုင်းရက်ပါဘူးဟယ်၊ အစတုန်းက သေချာမစဉ်းစား ဘဲ ပြောလိုက်မိတာ"

ရွှေက နော်ကို ဖက်ကာ...

"ငါတို့က အချစ်ဆုံး သူငယ်ချင်းတွေပဲ၊ ဘာမှ အားနာစရာမလိုဘူး"

ဟု ဆိုသည်။

နော်ကမှ အဲဒီအချစ်ဆုံးသူငယ်ချင်း ဆိုတာကို သံသယ ရှိလာသည်။ ရွှေက ဟန်ဆောင်ကောင်းသားပဲ။ ဘာမှ မဖြစ်သလို နေနိုင်သားပဲ။





"အခုချိန်မှာ နော့်ကို ပြောစရာတစ်ခုခု ရှိမနေဘူးလား ရွှေ..."

"ပြောစရာ...အင်း... ရှိတယ်၊ ပေးစရာ... နေဦး... ငါ့အိတ်ထဲမှာ ထုတ်လိုက်ဦးမယ်နော်၊ နှင့်အတွက် ပြင်ဦးလွင်က မှာလိုက်တာ၊ ဆွယ်တာ အပါးလေးရယ်၊ ခေါင်းစွပ်ရယ် လက်ဆောင်ပါတယ်"

"ရတယ်... အဲဒါ နက်ဖြန်ညမှပဲ ပေးတော့၊ အခု နှင်နဲ့ စကားပဲ ပြောချင်တာ"

"ဟင်... အထူးအဆန်းပါလား"

"ရွှေ... နှင် သက်ငြိမ်ကို ဘယ်လိုမြင်လဲ"

ရွှေ မျက်နှာပျက်သည်ဆိုရုံ ပျက်သွားတာကို နော် မြင်ဖြစ်အောင် မြင်သည်။

"ဘာကိုမြင်ရမှာလဲ"

"သူနဲ့နှင်က ချပ်တင်ဝင်ရင်း တော်တော်ခင်နေကြတာ မဟုတ်လား။ ငါ့ထက် သူ့ကို နှင်က ပိုရင်းနှီးတယ်လေ၊ အဲဒါကြောင့် မေးတာ"

"သူက ခင်ဖို့ကောင်းပါတယ်"

"ပြီးတော့ရော..."

"သူက ငါ့လိုပဲ ရုပ်ရှင်အတော်ကြည့်တယ်၊ သီချင်း လည်း အကုန်နားထောင်တယ်၊ လူတွေနဲ့ အကုန်အဆင်ပြေ အောင် နေတတ်တယ်၊ ပြီးတော့ လက် တွေ့ကျတာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံတယ်၊ တစ်ခုခုကို တွေးရတာမျိုး၊ ဒွိဟဖြစ်ရတာမျိုး တွေ မကြိုက်ဘူး"

"နင်သိလား ရွှေ... မနေ့က ငါ ထူးချွန်နဲ့ ကျောင်းမှာ တွေ့တယ်"

"အင်း..."

"ငါမွေးနေ့ဖိတ်မလို့ဟာ၊ သူက ပြောစရာရှိတယ်ဆိုပြီး ပြောတယ်၊ သူ့ဆီ လက်ဆောင်တွေ ပို့နေတာ ငါလားတဲ့"

"နော် ဘယ်လိုပြန်ဖြေလိုက်လဲ"

"ငါပြောတာမဆုံးသေးဘူး ရွှေ၊ သူတို့က နင်ပို့နိုင်းလို့ ငါက ကူညီပေးနေတာလို့ ထင်ကြတာ"

ရွှေ တိတ်ဆိတ်နေသည်။ ရွှေမဟုတ်တာ သက်ငြိမ်က သိပြီးသားပဲ။ ထူးချွန်က ဘယ်လိုများတွေးပြီး ရွှေလို့ ထင်လိုက်သလဲ မသိပါ။ ရွှေ တစ်လမုန့်ဖိုးက လေးသောင်းပဲ ရသည်။ ယောကျ်ားလေး တစ်ယောက်ကို အဖိုးတန် လက်ဆောင်ပေးဖို့ မပြောနဲ့ ကိုယ့်တစ်ယောက်စာတောင် မနည်း လောက်အောင် သုံးရသည်။ ချမ်းသာတာက အသွား ရွှေက မြေးမို့ ရွှေနဲ့မဆိုင်။

သူများပိုက်ဆံကို ပေးသလောက်သာ သုံးရတာမို့ အပို အကုန်မခံနိုင်။ ရွှေ့မှာ အဲဒီလို လက်ဆောင်တွေပို့ဖို့ စိတ်ကူး လည်း မရှိ။ နမြောစရာ ငွေတွေ။ နော်ကတော့ တစ်လ သုံးသိန်းရတာကိုး။ တစ်လတစ်လဆို နော့်အတွက် နော့်





အဖေက ကျောင်းစရိတ် သီးသန့်ပေးသေးသည်။ အဝတ် အစားဖိုး သီးသန့်ပေးသေးသည်။

"သက်ငြိမ်က လက်ဆောင်ပေးတဲ့ လူလို့ တခြား တစ်ယောက်ကို ထင်ပြီး ကြိုက်နိုင်သလား ရွှေ၊ ဟင်... ငါလို့ မသိဘဲနဲ့လေ"

"ဟင်... နင် ဘာကိုပြောချင်တာလဲ နော်"

"ထူးချွန် ပြောပြလို့ ငါ သိပြီးပြီ ရွှေ"

"ဘာကိုသိတာလဲ"

"နင်နဲ့ သက်ငြိမ်... နင်တို့ အဆင်ပြေနေကြပြီဆို၊ သက်ငြိမ်က နင့်ကို လက်ဆောင်ပို့နေတဲ့ တစ်ယောက်လို့ ထင်နေတာမို့လား"

"အို... မဟုတ်ပါဘူး"

"သက်ငြိမ် မန္တလေး လိုက်လာတာလည်း ငါသိပြီးပြီ ရွှေ ငါ့ကို နင် ဘာလို့ညာချင်တာလဲ၊ ငါဘာလုပ်လုပ် နင့်ကို ငါ ပြောပြခဲ့တယ်၊ ငါ့ဘက်မှာ ဘာလျှို့ဝှက်ချက်မှမရှိဘူး၊ နင်ကတော့ ငါလိုမဟုတ်ပါလား ဟင်..."

"နင် သိပ်သိချင်ရင် ငါ ပြောပြမယ် နော်၊ ငါလည်း အစ,က သက်ငြိမ် နင့်ကို စိတ်ဝင်စားတယ်လို့ ထင်ခဲ့တာ၊ ဒါပေမယ့် သူ ငါ့ကို လွန်ခဲ့တဲ့ သုံးရက်ကမှ ဖွင့်ပြောလို့ သိ တာ၊ နင်ပြောသလို လက်ဆောင်ပို့တဲ့လူလို့ ငါ့ကိုထင်တာ မဟုတ်ဘူး၊ ငါ လုံးဝမဟုတ်ဘူး ဆိုတာကို သူ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်က ငါ့ပါဆိုတာ ပြောမပြရသေးဘူးပေါ့"

"ဟုတ်တယ်"

"ဘယ်တော့ ပြောပြမယ် စိတ်ကူးလဲ"

"ဘယ်တော့မှ မပြောပြဘူး၊ အဲဒါ သူငယ်ချင်းတစ်ယောက်ရဲ့ ဝတ္တရားပဲ၊ ငါက တစ်သက်လုံး ဖုံးထားမယ်"

"ဘာလဲ... နင်တို့ လက်ထပ်ပြီး ကလေးတွေရတဲ့အထိလား၊ နင်တို့ အဘိုးကြီး အဘွားကြီးတွေ ဖြစ်တဲ့အခါမှ သက်ငြိမ်ကို ငါ တစ်ဖက်သတ်ကြိုက်ခဲ့ပါတယ်၊ လက်ဆောင်တွေ ပို့ခဲ့ပါတယ်ဆိုပြီး နင်တို့ စမြုံ့ပြန်ကြမယ်ပေါ့၊ ဒီလိုလား"

"နော်... ငါ ဘယ်လိုရှင်းပြရမလဲဟင်... နင် ငါ့ကို အထင်လွဲနေပြီ၊ သိလား... ဒီနေ့အထိ နင့်ကို စည်းဖောက်တဲ့ အလုပ်မျိုး ငါ ဘာတစ်ခုမှ မလုပ်သေးဘူး"

"သက်ငြိမ်နဲ့ ချပ်တင် ဝင်တာကျတော့ရော"

"ဒါက ဒီနေ့ ငါတစ်ယောက်တည်းလုပ်နေတဲ့ အလုပ်မဟုတ်ဘူး၊ အင်တာနက် သုံးနေတဲ့လူတိုင်း ဒီချပ်တင်ကို စိတ်ဝင်စားကြတယ်၊ အွန်လိုင်းပေါ်ကနေ ခင်ကြတယ်၊ မိတ်ဆွေဖြစ်ကြတယ်၊ ရည်းစားရပါစေ ဆိုတဲ့ စိတ်ကူးနဲ့ ငါ ဘယ်တုန်းကမှ ချပ်တင် မထိုင်ခဲ့ဘူး၊ ဘုရားရေ...နင် ငါ့ကို အထင်လွဲရုံတင် မဟုတ်ဘူး၊ ငါ့ကို စော်ကားနေတာပါလား"



"ငါက စော်ကားနေတာ၊ အေး... ထားပါတော့၊ ဒါဆို နင်ကရော သက်ငြိမ်ကို နည်းနည်းကလေးမှတောင် စိတ်မဝင်စားခဲ့ဘူးပေါ့၊ နင့်ကို တကူးတက မန္တလေးထိ လိုက်တွေ့တဲ့ လူတစ်ယောက်အပေါ်မှာ နင်နည်းနည်းမှ စိတ်မလှုပ်ရှားဘူးပေါ့... ဟုတ်လား"

ရွှေ ကြက်သေ သေသွားသည်။

နော်က ရွှေကို စကားလုံးများနှင့် ရိုက်စစ်နေတာပဲ။ ရွှေကို ဟာကွက်ရှာပြီး အပြစ်ရှာနေတာပဲ။

"နင် ဘာဖြစ်လို့ လိမ်ချင်ရတာလဲ ရွှေ၊ ဘာဖြစ်လို့ ဒီအပေါ်မှာ မရိုးသားရတာလဲ၊ နင်နဲ့ငါက သူငယ်ချင်းအရင်း ခေါက်ခေါက်တွေပါ၊ ဘာသွေးမှ မတော်ပေမယ့် ငါတို့သိလာတဲ့ နှစ်တမ်းက မနည်းတော့ဘူး"

"နင် ငါ့ကို ချောင်ပိတ်နေတာလား နော်"

"ရယ်ရတယ်... တကယ်တမ်းချောင်ပိတ်ခံရတာ ငါပါ ရွှေရယ်၊ ငါ လူတစ်ယောက်ကို ခုမှစပြီး ကြိုက်ဖူးတာပါ။ ဘာပဲဖြစ်ဖြစ် နင် ငါ့ကို အကုန်ပြောသင့်တယ်၊ နင် သူ့လူ ကိုယ့်ဘက်သား ပုံစံမျိုး မလုပ်သင့်ပါဘူး"

"ငါပြောရင် နင် ခံစားရမှာပေါ့"

"မပြောဘဲနေတော့ရော မခံစားရဘူးလို့ ငါ့ကို ထင်လို့လား၊ နင် ဘယ်လောက် အုပ်ထားပါစေ၊ ကမ္ဘာကြီးက သုံးနေတာ၊ တစ်နေ့နေ့ ပေါ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှင် ဝန်မခံမချင်း သူ မသိပါဘူး"

"ငါကရော ဝန်ခံမယ်လို့ ပြောလို့လား"

"တော်ပြီ နော်၊ ငါ ဘာမှ ဆက်မပြောချင်တော့ဘူး ပြောလည်း ခုချိန်မှာ နှင် သွေးပူနေတာ၊ ဘာမှ နားဝင်မှာ မဟုတ်ဘူး။ တစ်ခုတော့ ပြောလိုက်မယ် နော်၊ ငါ သူစိမ်း တစ်ယောက်ရှေ့မှာ မိန်းမတစ်ယောက် ဂုဏ်သိက္ခာကို အလေးထားတော ဘယ်တော့မှ မချဘူး၊ နှင်က ငါ့သူငယ်ချင်း ဖြစ်နေလို့တော့ မဟုတ်ဘူး၊ နှင် မိန်းမဖြစ်နေလို့ပဲ၊ မိန်းမ ဆိုတာ စိတ်ကူးယဉ်မှာပဲ၊ လှပဲ အချစ်ကို လိုချင်မှာပဲ၊ ဒါကို ပေတံတွေနဲ့ တိုင်းပြီး ငါ ဟားမတိုက်ရက်ဘူး၊ ဘာလို့လဲဆို ငါကိုယ်တိုင် မိန်းမ ဖြစ်နေလို့ပဲ"

"နှင်ဘာပြောပြော ငါက အရှုံးလုပ်ခံရတာပါ ရွှေ"

"ဘာ..."

"မနေ့ညက ငါ့အတွက် တဲရော့ဒ်ကတ် မေးကြည့် တယ်၊ ထွက်လာတဲ့ အဖြေက ဘာလဲ၊ နှင်သိပြီးသားပါ The fool တဲ့၊ နှင်နဲ့ငါ ဒီလောက် တိုက်ဆိုင်စရာအကြောင်း မရှိပါဘူး"

"အို... ဆွဲမိဆွဲရာ ဆွဲကြတာပဲ၊ တိုက်ဆိုင်နိုင်တာ ပေါ့"

"မဆိုင်နိုင်ဘူး။ လူတစ်ယောက်ရဲ့ကံကြမ္မာနဲ့ နောက် တစ်ယောက်ရဲ့ ကံကြမ္မာ ဘယ်လိုမှ ထပ်တူမကျနိုင်ဘူး"





"ဘာလို့မကျရမှာလဲ၊ ကဲ... နှင် ဥပမာ ပြောကြည့်ပါဦး စစ်ပွဲမှာ လူတွေ အစုလိုက် အပြုံလိုက်သေတာ သူတို့ကံကြမ္မာ တွေ တူလို့ပေါ့"

"မတူဘူး... အဲဒါက Disaster၊ ငါပြောတာက လူတစ်ယောက်ရဲ့အချစ်ရေးနဲ့ အခြားတစ်ယောက် အချစ်ရေး ဘယ်လိုမှ ထပ်တူမကျနိုင်ဘူး ရွှေ...၊ နှင် အဲဒီတုန်းက နှင့်အတွက် The fool ကတ်ကို ရွေးလိုက်တာ မဟုတ်ဘူးလို့ ငါထင်နေတယ်"

"ပြီးတော့ရော..."

"နှင် ငါ့အတွက် ရည်ရွယ်တာ၊ ဒါမှမဟုတ် ငါ့ကို တဲရော့ဒ်က ကြိုသတိပေးတာ"

"ဒီည နှင့်အိမ်မှာ အိပ်လို့ မဖြစ်တော့ဘူး ထင်တယ်"

"နှင် ဘယ်မှမသွားပါနဲ့ ရွှေ၊ ငါနဲ့ပဲအိပ်ပါ။ စိတ်မပူပါ နဲ့ဟာ၊ မနက်ဖြန်ကျ အခြေအနေ တစ်မျိုးပြောင်းသွားချင် ပြောင်းမှာ"

❦ ❤ ❦



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တဲ့အတိုင်း ဟုတ်နေတဲ့ပုံပဲ သက်ငြိမ်၊ နော် မျက်စိ မျက်နှာပျက်ပြီး ငါ့ရှေ့ ထ,ထွက်သွားတာ မင်း ခေါ်ပြချင်တယ်၊ ပါးစပ်က မဟုတ်ပါဘူး ဘယ်လော ပြောပြော အမူအရာက အဖြေပဲ"

"ရှေ့လပြည့်က လုံးဝငြင်းထားတာကွ"

"မင်းက ပေါ်တင်ကြီးမေးတာကိုး၊ ဒီလိုလုပ်. . .မနက်ဖြ မင်း လက်ဆောင်ရထားတဲ့ မင်းနဲ့ လုံးဝမတန်တဲ့ အင် ဝတ်လာခဲ့ချေ"

"ဘာလုပ်ဖို့လဲ"

"မင်းအတွက် သဲလွန်စကို ငါ ရအောင်ရှာပေးမယ် ဒါမှ မင်း မြန်မြန်ဆန်ဆန် ရည်းစားရမှာ၊ နို့မို့ တစ်သက်လုံး ချမ်တင်ဝင်နေရမှာ"

"မင်းရော မင်းက ငါ့ဂ က်တောင် ဆိုးသေးတယ်"

—"အခု တိုးတက်လာပါတယ်'





"တော်စမ်းပါကွာ. . . ဒွေးမယ်နော်ရှေ့ ရောက်ရင် မင်း ဘာမှမလုပ်တတ် မကိုင်တတ်နဲ့"

"နောက်တော့ လုပ်တတ် ကိုင်တတ်သွားမှာပါ"

"ဘာကိုလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ"

သက်ငြိမ်မှာ လက်ဆောင်ရထားသော အင်္ကျီကို အဝတ်ဗီရိုထဲတွင် တော်တော်ရှာယူရသည်။

အင်္ကျီက ပန်းရောင်မကျ၊ အဖြူမကျ။ အသားက ပါးပါးပျော့ပျော့လေး။ စတိုင်လ်ပင်နှင့်ဝတ်၍ အဆင်ပြေသည်။

အင်္ကျီကို ကိုယ်မှာစွပ်ကြည့်တော့ အအေးဓာတ်တစ်မျိုး ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်... မွေးနေ့ရှင် ဆိုသော်လည်း ဒွေးမယ်နော်ကို ကြည့်ရသည်မှာ ပုံမှန်လိုပဲ ဖြစ်သည်။ အလှအပ ထူးထူးခြားခြား မပြင်ထား။ ရွှေလပြည့်မျက်နှာက အိပ်ရေးမဝ,တာရယ်၊ ငိုထားတာရယ်ကြောင့် မျက်လုံးမှာ ဝိတ်အစ်ကာ ဖောင်းကားနေသည်။ ထူးချွန်ကားဖြင့် သက်ငြိမ်ပါ ရောက်လာပြီး သက်ငြိမ်ဝတ်ထားသော အကျီကိုမြင်တာနှင့် နော့်မျက်နှာက တစ်မျိုးဖြစ်သွားတာကို ထူးချွန်က တွေ့မြင်အောင် တွေ့လိုက်ရသည်။ ရွှေလပြည့် မျက်နှာကတော့ ဘာမှမထူးခြား။ သက်ငြိမ် ကမူ ရွှေကိုမြင်တာနှင့် ဂနာမငြိမ်ဘဲ မျက်လုံးတစ်ဖက်ကို အရင်ဆုံး မှိတ်ပြလိုက်သည်။ ဒါကို မြင်ဖြစ်အောင် မြင်လိုက်တာ နော်...။

"ရော့... နော်၊ ကျွန်တော်တို့နှစ်ယောက် ပေါင်းပေး တာ"

"ကျွန်တော့်ပိုက်ဆံ သိပ်မပါ,ပါဘူး၊ ထူးချွန် ချည်း ဝယ်ပေးတာ"



"ဟော့ကောင်"

"မလိုပါဘူးလို့ နော် ပြောထားသားပဲ"

"မဟုတ်တာ..., ယူလိုက်ပါ နော်ရဲ့၊ ရွှေလပြည့်ဆီက လည်း လက်ဆောင်ရတယ်မို့လား။ အားလုံးက သူငယ်ချင်း တွေပဲ"

ထူးချွန် လက်ထဲက ဘူးပြားလေးကို ယူပြီး သူတို့ စိတ်ကျေနပ်စေရန် နော်က သူတို့ရှေ့မှာပဲ ဖွင့်ကြည့်သည်။ အသည်းပုံ ကွင်းနှစ်ခု ထပ်ထားသော ရင်ထိုးကလေး။

"ကြိုက်လား နော်"

"ကြိုက်ပါတယ် ထူးချွန်၊ ကျေးဇူးပဲနော်"

"ဒီနေ့ ကျွန်တော်တို့ကို နော် ဘာကျွေးမလဲ"

"Tokyo မှာ ကြက်ကြော်စားမယ်၊ ပြီးတော့ ရွှေပုစွန်မှာ တလှည့် သွားသောက်ကြမယ်၊ ရုပ်ရှင်တစ်ပွဲလောက် ကြည့်ချင်လည်း ကြည့်ကြမယ်လို့ စိတ်ကူးထားတယ်၊ အဲဒါ ထူးချွန်ကားနဲ့ပဲ သွားမလား"

"ရတယ်လေ... နော်နဲ့ ရွှေလပြည့် နောက်ခန်းမှာ ထိုင်ပေါ့"

❦

ကားနောက်ခန်းကို ရှေ့ခန်း ဘက်ခ်မှန်မှ သက်ငြိမ် လှမ်းလှမ်းကြည့်တာကို နော်က မြင်ဖြစ်အောင် မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကတော့ ကားအပြင်ဘက်ကို ငေးကြည့်ကာ ဘာတွေ တွေးနေလဲ မသိ။ ထူးချွန်က ကားမောင်းရင်းကနေ စကား စ,သည်။

"နော်... တဲရော့ဒ်ကို တော်တော်ကလေး ယုံလား"

"ဘာဖြစ်လို့ မေးတာလဲ ထူးချွန်"

"နော်ပြောတာ တော်တော်များများက သိပ်မှန်နေတော့ နော် ကိုယ်တိုင်လည်း ယုံမယ်ထင်လို့ပါ"

"ယုံတာပေါ့ ထူးချွန်၊ မယုံတဲ့လူကတော့ ရယ်စရာ ကောင်းတယ်လို့ ထင်မှာပေါ့"

"တဲရော့ဒ်ကို တာရိုလို့ ခေါ်တာရော နော် သိလား"

"သိတယ်၊ တာရိုက အသံထွက်အမှန်လို့ ပြောကြ တယ်၊ Ta က လမ်း၊ Rot က ရွှေနန်းတော်လို့ အဓိပ္ပာယ် ရသတဲ့၊ တဲရော့ဒ်ပေါ်လာတာ နှစ်ပေါင်း မနည်းတော့ဘူး ၁၃ ရာစု အစပိုင်းကတည်းက ပေါ်လာတာ၊ ဒီမှာ ခုနောက် ပိုင်းမှ ခေတ်စားလာတာ၊ တဲရော့ဒ်က ကံကြမ္မာနဲ့ ဆက်စပ်ရုံတင် မကဘူး၊ ထွက်ရပ်ပေါက်လမ်းတွေနဲ့လည်း ဆိုင်တယ်တဲ့"

"ကျွန်တော်လည်း အခုတလော တဲရော့ဒ်နဲ့ ပတ်သက် တာတွေ လိုက်ရှာဖတ်ရင်း စိတ်ဝင်စားလာလို့"

"ဟုတ်လား... တဲရော့ဒ် စာတိုပေစလေး ဖတ်ရုံနဲ့ သေချာမသိဘူး ထူးချွန်"

"ဟုတ်ပါတယ်၊ ကားချပ်တစ်ခုချင်းစီမှာပါတဲ့ ပုံတွေက ဂရိသမိုင်းထဲက လူတွေကို ကိုယ်စားပြုထားတာ ဆိုတော့





နှ်တော်နဲ့ဆို တော်တော်ကြီးစိမ်းတယ်၊ ကျွန်တော်တို့က ...သမိုင်းမှ မသင်ခဲ့ရတာကိုး၊ ဟယ်လင်နဲ့ ထဗ္ဗိုင်းလောက်ပဲ ...တယ်၊ ဒါတောင် အဖရိုဒိုက်တို့၊ ဗီးနပ်စ်တို့ဆိုတာ အပြင် ... ဖတ်ရင်း သိတာ"

ရွှေလပြည့်နှင့် သက်ငြိမ်က သိသာစွာ ငြိမ်သက်နေကြ ...တော့ စကားဝိုင်းထဲကို ဝင်မပါ။ ရွှေက ဖြစ်နိုင်လျှင် ...ားထဲက အငွေ့ပျံ ပျောက်သွားပြီး မန္တလေး ပြန်ရောက် ...ချင်နေမိသည်။

"ရွှေ... သက်ငြိမ် ဝတ်ထားတဲ့ အကျီအရောင်ကလေး ...ဘူးလား"

"ဟင်..."

"ကြည့်လေ... ပန်းရောင်မကျ၊ အဖြူမကျနဲ့ သက်ငြိမ် ...ယ်ကဝယ်တာလဲ"

"ဩော်...ဟို ... ကျွန်တော်ဝယ်တာ မဟုတ်ဘူးဗျ"

"အမေ ဝယ်ပေးတာလား"

"မဟုတ်ဘူး... သူများပေးတာ"

"ကောင်မလေး ပေးတာလား"

ထူးချွန်က ရယ်မောကာ ဝင်ဖြေသည်။

"ဟုတ်တယ်... နော် မှန်းတာ ကွက်တိပဲ"

"သက်ငြိမ်မှာ ကောင်မလေးရှိတာ ဒီနေ့ ဘာလို့ ...လာခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နော် တမင်တကာ ပြောနေတာကို နားထောင်ပြီး ရွှေ့မှာ ဒေါသထွက်ရအခက် စိတ်ဆိုးရအခက်ဖြင့် ထူမူနေ တော့သည်။

"ကျွန်တော့်မှာ မရှိပါဘူး။ ထူးချွန် မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါ ပြန်ပြောလိုက်ရမလား"

"ပြောလေ... လူတွေသိလေ ပိုကောင်းလေပဲ"

"ကျွန်တော့်ထက် ထူးချွန်က ရောဂါ ပိုသည်းတယ် နော်ရ..."

"ဟုတ်လား"

"ကောင်မလေးကားနောက်က လျှောက်လိုက်ရတာနဲ့ လက်ဖက်ရည်ဆိုင် ထိုင်ပြီး မျှော်ရတာနဲ့၊ ဖုန်းခေါ်ပြီး ဟိုက လာကိုင်တော့ မပြောရဲဖြစ်ပြီး ချပစ်တာနဲ့၊ အိမ်ရှေ့က ဖြတ် လျှောက်ရတာနဲ့၊ အစုံပဲ..."

"ငါက တစ်နယ်တည်း။ မင်းသာ နယ်ခြားရပ်ခြား..."

"ဟော့ကောင်... တော်တော့နော်"

"ပြောလေ... ထူးချွန်၊ နယ်ခြား ရပ်ခြားဆိုတာ နိုင်ငံခြားလား။ ဘယ်နိုင်ငံမှာလဲ"

"ဘာမှမဟုတ်ပါဘူး ဒွေးမယ်နော်၊ သူ လျှောက်ပြော နေတာ"

❦ ❤ ❦



နော်နဲ့ ထူးချွန်က ကြက်ကြော်မှာရန် ကောင်တာနားမှာ ရပ်နေစဉ် စားပွဲမှာ သက်ငြိမ်နှင့် ရွှေ နှစ်ယောက်တည်း ကျန်ခဲ့သည်။

"နေမကောင်းဘူးလား ရွှေ"

"ဟုတ်တယ်"

"မျက်လုံးတွေက တအားယောင်နေသလိုပဲ၊ ငိုထား တာလား"

"သက်ငြိမ် နော်တို့ ပြန်လာပြီ"

ရွှေ သတိပေးလိုက်တော့မှ သက်ငြိမ်က ခေါင်းကို နောက်ပြန်ဆုတ်ကာ ထူးချွန် လက်ထဲမှ ပန်းကန်များကို ထယူသည်။ ယောကျ်ားလေးများက စားနိုင်ပေမယ့် နော်ရော ရွှေပါ မစားနိုင်။ ရွှေက လုံးဝကို မစားနိုင်တာ ဖြစ်သည်။ ဘိုကျုံဆိုင်ကနေ ရွှေပုစွန်ကို ဆက်သွားတော့ စကား သိပ် မပြောဖြစ်ကြတော့။ ဒိုင်ခံပြောသူက ထူးချွန် ဖြစ်သည်။

❦ ❤ ❦

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နှစ်ယောက် ဒီလိုနဲ့ပဲ ပြီးတော့မှာလား နော်"

တစ်နေကုန် လျှောက်သွားပြီး အိမ်ပြန်ရောက်တာနှင့် မနေနိုင်လွန်းသော ရွှေကပဲ အရင်စမေးသည်။

"အခု ဘာတွေဖြစ်နေလို့လဲ"

"နော်... နင် ငါ့ကို စိတ်ကသိကအောက် ဖြစ်အောင် တမင်လုပ်နေတာလား"

"ဒါဆို ဒီပြဿနာကို တို့တွေ ဘယ်လိုရှင်းကြမလဲ၊ နင် သူနဲ့ ကြိုက်သွားပြီဆိုတာကို ငါ လက်ခံဖို့ အချိန် တော်တော်ပေးရလိမ့်မယ် ရွှေ၊ ခုချက်ချင်းတော့ အဆင်ပြေမှာ မဟုတ်ဘူး"

"ငါနဲ့သူ ကြိုက်နေတယ်လို့ နင့်ကို ဘယ်သူပြောလဲ"

"နင်တို့နှစ်ယောက်ရဲ့ မျက်လုံးတွေပေါ့၊ ဒါ ရှက်စရာမှ မဟုတ်တာ၊ လူတစ်ယောက်ကို ကြိုက်ရင် ကြိုက်တယ်ပေါ့၊ ငါ့ကို ငဲ့သလိုလို ဘာလိုလို လုပ်နေတာက ပိုစိတ်ပျက်စရာ ကောင်းတယ်၊ ပြီးတော့ ငါက အစကတည်းက ပြောပြီးသားပဲ၊ ငါ ဘာမှမမျှော်လင့်ဘူးဆိုတာလေ၊ သူ ငါ့ကို ကြိုက်ရကောင်း စေဆိုတဲ့ စိတ်စေတနာနဲ့ ငါဖန်တီးခဲ့တာလည်း မဟုတ်ဘူး။ လောလောဆယ် ငါဖြစ်နေတာ သစ္စာဖောက်ခံရသလိုမျိုး ခံစားနေရတာ၊ နင် ငါ့အပေါ်မှာ သစ္စာမရှိဘူး ရွှေ ငါ သူ့ကို ဘယ်လောက်ချစ်သလဲ ဆိုတာ နင် သိနေလျက်နဲ့ နင် ငါ့အပေါ်မှာ သစ္စာဖောက်တယ်"





"နင်ပြောနေတာတွေ သိပ်တစ်ဖက်သတ် ဆန်လွန်းနေ ဘယ်လို့ မထင်ဘူးလား နော်၊ နင်ကမှ ဒီလိုပြောရက်ရင် ငါက ဘာညာတာစရာလိုလဲ၊ ဒီမှာနော်... ယောက်ျားလေး ဘက်က မချစ်ရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ သိလား"

"ဘာပြောတယ်"

"ဟုတ်တယ်လေ... နင်ထင်နေသလို နင့်လက်ထဲက ဖြတ်ခုတ်တယ်ပဲ ထားပါတော့၊ သူ မကြိုက်ရင် ဒီလိုဖြစ်စရာ အကြောင်းလား၊ နင့်ကို ငါ တော်တော်နားလည်ပေးထားခဲ့ ာပါ၊ တကယ်တော့ နင်ဟာ နင့်အတွက်ပဲ နင်ကြည့်တယ်၊ င် မမျှော်လင့်ဘူးလို့ ဘယ်လောက်ပြောပြော တကယ်တမ်း င် မျှော်လင့်ပြီး ဒီအလုပ်ကို လုပ်ခဲ့တာ၊ ဒါကြောင့် နင် လောက်ပေါက်ကွဲနေတာပေါ့"

"ငါပေါက်ကွဲတာ နင့်ကြောင့်၊ နင် ငါ့ကိုသူနဲ့ ပတ်သက် ာ အကုန်ပြောသင့်တာပေါ့၊ ငါကျတော့ အကုန်ပြောရတယ်၊ င်ကျတော့ လျှို့ဝှက်ထားရတယ်၊ ဒါ တရားသလား"

"ဘာကိုပြောရမှာလဲ၊ ငါခံစားချက်ကိုလား၊ နင် ဘယ် န်းက သူများခံစားရတာကို ကိုယ်ချင်းစာပေးခဲ့ဖူးလို့လဲ၊ င်နာကျင်ရတာ၊ နင်ကြေကွဲရတာ ဒါကိုကျတော့ နင်ပြော တယ်၊ ဒီမှာနော်... ငါက နင့်အရင် နာကျင်ခဲ့ပြီးသားပါ၊ င်ဟာနင် ဘယ်လိုပါရမီ အထုံရေစက်ပါလို့ တရောဒ်တုက်ကာ ရာမှာ ပြောင်မြောက်ပြီး မေတ္တာချက်တွေ သွေးထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မှန်နေပါစေ၊ သူများ စိတ်ဒုက္ခ ရုပ်ဒုက္ခ ရောက်တဲ့အပေါ်မှာ နင်မှန်တယ်လို့ နင် ဆုံးဖြတ်ခဲ့တာချည်းပဲ၊ ဒါပေမယ့် နင်ကိုယ်တိုင် The fool ကတ်ကို ဆွဲမိတော့ နင် သွေးရူးသွေးတန်းဖြစ်သွားတယ်၊ အဲဒါပဲ... တဲရော့ဒ်ရဲ့ အမှန်တရားက ရက်စက်ပါတယ် နော်၊ နင် လက်တွေ့ ခံစားဖူးသွားပြီပေါ့၊ ဒီတော့ နင် မကျေနပ်ရင် ခုချက်ချင်း ငါ့ကို နောက်တစ်ကြိမ် တဲရော့ဒ် ချိုးပေးပါ၊ ဒီတစ်ကြိမ်မှာတော့ ငါ့ရဲ့အမှန်တရားကို ငါလိုချင်တယ်"

"မလုပ်ပေးနိုင်ဘူး"

"ဘာလဲ The fool ထွက်လာမှာစိုးလို့လား၊ နင့်ကံကြမ္မာနဲ့ ငါ့ကံကြမ္မာ မတူပါဘူး၊ နင် ဘာကို ကြောက်နေတာလဲ"

❦ ❤ ❦

The Empress ဆိုသော ကားချပ်သည် ရွှေ့လက်ထဲမှာ လှပစွာ ရှိနေသည်။ နော် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ကံကြမ္မာနှစ်ခု ထပ်တူကျဖို့ဆိုတာ တကယ့်ကို မဖြစ်နိုင်တာ လက်တွေ့ပဲ။

"နင့်အချစ်ရေးမှာ အခက်အခဲတွေ အများကြီး တွေ့ရလိမ့်မယ်၊ ဒါပေမယ့် နောက်ဆုံးမှာတော့ အဆင်ပြေပြေ ပျော်ပျော်ရွှင်ရွှင် အဆုံးသတ်လိမ့်မယ်"





"ဘာဖြစ်လို့ နင်က အဲ့သလို ပြောရတာလဲ"

"နင့်လက်ထဲမှာ ရှိနေတဲ့ကားချပ်က ဘုရင်မကားချပ်လေ၊ စာအုပ်တွေထဲမှာပါတာတော့ အဲဒီကားချပ်ထဲက မိန်းမက ဂရိသမိုင်းထဲက ဘုရင်မယ်နယ်လော့စ်ရဲ့ မိဖုရားဟယ်လင်ကို ကိုယ်စားပြုတာတဲ့"

"ဒါဆို Helen of Troy ပေါ့"

"ဟုတ်တယ်၊ အဲဒီ ဟယ်လင်ကြောင့် ထရိုင်စစ်ပွဲ ဆယ်နှစ်ကြာအောင် ဖြစ်ခဲ့တယ်"

"ငါ ရုပ်ရှင်ကြည့်ဖူးတယ်၊ ထရိုင်ရဲ့ အိမ်ရှေ့မင်းသား ပဲရစ်နောက်ကို ိးရာလိုက်သွားတဲ့ မိဖုရားပဲ၊ နောက်ဆုံး သူ့ကြောင့် ်င်မြို့ကြီး ပျက်စီးသွားတယ်"

"ဟုတ်တယ်၊ ဘုရင်မယ်နယ်လော့စ်က သူ့ကို သတ်မယ် လုပ်ပေမယ့် တကယ်တမ်း မိဖုရားခေါင်ရာထူးပြန်ရသွားတယ်၊ ဒီတော့ နင်နဲ့ငါ ကြားက ပုဂ္ဂိုလ်ရေး ပြဿနာတွေ ဘေးဖယ်ထားလိုက်ပြီး ငါ့အမြင်ပြောရရင် နင့်အချစ်ရေးက နင့်အတွက် ခက်ခဲမယ်၊ နင် စိတ်ဆင်းရဲရမယ်၊ တခြားလူတွေလည်း ထိခိုက်မယ်၊ ဒါပေမယ့် နောက်ဆုံး အဆင်ပြေရမယ်"

ဒါဆိုရင်တော့ ရွှေ့နဲ့ သက်ငြိမ်တို့ ခရီးဟာ ဘယ်လိုမှ ချောမွေ့ ဖြောင့်ဖြူးမှာမဟုတ်။ ခုလည်း နော်က ဂနိုလန့် ဖြစ်နေဆဲမို့ ရွှေ့သည် တဲရော့ဒ်ကားချပ်လေးကို ရော့လက်ထဲ

www.burmeseclassic.com



ပြန်ထည့်ပေးရင်း ဘာလို့များ ရွှေမှာမှ စိတ်ရှုပ်စရာတွေ တန်းစီလာတာလဲဟု တွေးမိရသည်။

"နင် စိတ်ညစ်သွားတာလား ရွှေ"

"ဟင်... စိတ်မညစ်ပါဘူး"

"ခုချိန်ထိ နင် ဘာလို့ ငါ့ကို ဝန်မခံသေးတာလဲ"

"ဘာကို အတင်းဝန်ခံခိုင်းနေတာလဲ"

"နင် သက်ငြိမ်ကို သဘောကျတယ်မို့လား"

"ကဲ... ငါ သဘောကျတယ်လို့ ဖြေရင် နင် ဘာ ပြောမလဲ"

"သူ့ကို နင် မကြိုက်ရဘူး ရွှေ"

"ဘာဖြစ်လို့လဲ၊ သူက နင်ပိုင်တဲ့ ပစ္စည်းမှမဟုတ်တာ နင်နဲ့သူက ရည်းစားလည်း မဟုတ်ဘူး၊ လက်ထပ်ထားတာလည်း မဟုတ်ဘူး။ ခါနဲ့များ ငါ့ကို ဘာလို့ စိတ်ပင်ချင်တာလဲ"

စိတ်တိုတိုနှင့် အမှန်တွေချည်း ရွှေ ပြောချလိုက်သည်။ မတတ်နိုင်တော့ဘူး။ ထိန်းချုပ်ရတာ သိပ်ပင်ပန်းလာပြီလေ။ ရွှေကတော့ သူငယ်ချင်းဆိုပြီး ညှာတာစွာ တွေးပေးခဲ့သည်။ နော်ဘက်ကမှ ရွှေ့ကို သူငယ်ချင်းအဖြစ်ထက် ယောကျ်ားလုဘက် တစ်ယောက်လိုသာ မြင်နေတော့ မခက်လား။

"ရွှေ ငါ့ဆီက နင် ဘာပဲတောင်းတောင်း ငါပေးနိုင်တယ်၊ သက်ငြိမ်ကိုတော့ နင် အပြေမပေးရဘူး။ နင် ငါ့ကို ချစ်တယ်မို့လား၊ ငါ့ကို လက်ဆောင်ပေးတယ်လို့ သဘောထား ပေးလို့ မရဘူးလား"





"သက်ငြိမ်က ငါပိုင်တဲ့ သက်မဲ့ပစ္စည်း မဟုတ်ဘူး၊ နော် နင်မှားနေပြီ"

"အေး... ဟုတ်တယ်၊ ငါမှားတာ၊ သူ့ကိုမှ ချစ်တယ် ဆိုကတည်းက မှားတာ ငါသိတယ်၊ ဒါပေမယ့် သူ့ကို ဒီတိုင်းကြီး မဆုံးရှုံးချင်ဘူး၊ သူ့ဘေးမှာ မိန်းမတစ်ယောက် ရှိလာမှာကိုလည်း ငါ မနေစ်မြို့ဘူး။ နင် သက်ငြိမ်ကို မချစ်ဘူးဆိုရင် ငါ ကျေနပ်ပြီ"

နော့်မှာ ပင်ကိုအသိစိတ်တောင်ရှိရဲ့လားဟု ရွှေ သံသယ ဝင်ချင်လာသည်။ နော်သည် အတ္တကြီးမားစွာဖြင့် ရွှေ့ကိုရော သက်ငြိမ်ကိုပါ သူ့ကြိုးဝိုင်းရာ ကစေချင်နေပုံရသည်။ သက်ငြိမ်က နော့်လို သဘာ၀ပကို လုံးဝသဘောမကျနိုင်တာ ရွှေ အခုတော့ အကဲခတ်မိပြီ။ နော်သည် အပြင်ပန်းက ကြည့်တော့ ၁ ဖျော့ဖျော့နွဲ့နွဲ့ပုံကလေးနှင့် တကယ်တမ်းမှာတော့ ဓားထက် သော မိန်းမမျိုးပင်တကား။

နော့်ရဲ့မျက်နှာကို ရွှေ အမြဲတမ်း တစ်ခုပဲ မြင်ခဲ့သည်။ ချစ်စရာကောင်းသော၊ ပြုံးချိုသော ထိုမျက်နှာအောက်မှာ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တတ်သော အတ္တတစ်ခု ရှိနေမှန်း ခုမှ ရွှေ မြင်ရပြီ၊ လူတွေဟာ မျက်နှာဖုံးကိုယ်စီနဲ့ ရှိနေကြတာပဲ။ ထိုမျက်နှာဖုံးကို ခွဲခွာရန်မလိုဘဲ ကျွတ်ကျသောအချိန်လည်း ရောက်လာတတ်တာ မမွတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မနက်ဖြန်မနက် ပြန်မယ် နော်၊ နင့်အတွက် လက်ဆောင်ကို နင့်ဗီရိုထဲ ငါထည့်ခဲ့တယ်"

"ငါ တကယ်လိုချင်တဲ့ လက်ဆောင်ကိုကျတော့ နင် မပေးပါလား"

"နော်... သက်ငြိမ်ကို ငါ မပိုင်ဘူး သူငယ်ချင်း၊ သူ့ စိတ်ကို ဒီလိုလုပ်၊ ဟိုလိုလုပ်ဆိုပြီး ငါ အစိုးမရဘူး၊ ငါက သူနဲ့ အဝေးကြီးမှာနေတာ၊ နင်က သူနဲ့ တစ်ကျောင်းတည်း တက်နေတာ၊ နင့်မှာ ကံတရားကပေးတဲ့ အခွင့်အရေးတွေ အများကြီးရှိတယ်၊ ငါ့ဘက်က လုပ်ပေးနိုင်တာ သူနဲ့ ငါ ချစ်တာင် မထိုင်တော့ဘူး၊ ဒီလောက်ပဲ ငါတတ်နိုင်တယ်"

"နင့်စိတ်ကိုရော ဟင်... သူ့ဘက်ကို ယိုင်နေတဲ့ နင့်စိတ်ကိုရော ပြန်မတည့်မတ်နိုင်ဘူးလား၊ ငါ နင့်စိတ်ကို လိုချင်တယ် ရွှေ အဲဒီစိတ်ကြောင့် နင်နဲ့သူ နီးစပ်သည့်ထက် ပိုနီးစပ်မှာ"





"ငါ မနက်ဖြန် ပြန်တော့မယ် သက်ငြိမ်"

"နင် အခု ဘယ်ကဆက်တာလဲ"

"ငါ အပြင်က ဆက်နေတာ၊ နော်တို့အိမ်က မပြောချင်လို့"

"နေကောင်းသွားပြီလား"

"အိမ်ရောက်ရင် ကောင်းသွားမှာပါ"

"အခု တွေ့ချင်တယ်၊ တွေ့လို့ရမလား ရွှေ"

"ဘာလုပ်ဖို့လဲ သက်ငြိမ်"

"စကားပြောချင်တယ်၊ ခဏပဲဖြစ်ဖြစ် တွေ့လို့ရမလား ရွှေ အရမ်းတွေ့ချင်နေလို့ပါ"

"နင်နဲ့ငါ စတွေ့တဲ့ မှတ်တိုင်ကိုမှတ်မိလား သက်ငြိမ်"

"ဟယ်လ်ပင် မှတ်တိုင်လေ၊ မှတ်မိတာပေါ့"

"ငါ အဲဒီမှာ စောင့်နေမယ်၊ နင် မြန်မြန်လာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးဖုန်းကို ချလိုက်ပြီး ကျသင့်သောငွေကို ထုတ်ပေးကာ ကက,တစ်စီးကို လက်ပြတားလိုက်သည်။ ဟယ်လ်ပင်မှတ်တိုင်ကို ရွှေရောက်ချိန်မှာ သက်ငြိမ် ရောက်မလာသေး။ ညခုနစ်နာရီခန့်မို့ မှတ်တိုင်မှာ လူအနည်းငယ်သာ ရှိတော့သည်။ ရွှေတောင်ကြားနှင့် ဟယ်လ်ပင်မှတ်တိုင်သိပ်မဝေး၍သာ တော်တော့သည်။ ရွှေ ရောက်ပြီး ငါးမိနစ်ကျော်မှာ သက်ငြိမ် ရောက်လာသည်။

စက်ဘီးတစ်စီးပါ ပါလာသည်။ သူ့အိမ်က စံရိပ်ငြိမ်မှာမို့ သိပ်တော့မနီးလှ။ ရွှေထိုင်နေသောခုံနှင့် တစ်ခုံကြားမှာထိုင်ကာ ရွှေဘက်ကို လှည့်ကြည့်လိုက် ကားလမ်းဘက်ကို ကြည့်လိုက်ဖြင့် ဂနာမငြိမ်။

"မနက်ဖြန် ဘာလို့ပြန်မှာလဲ ရွှေ"

"ကျောင်းက ခွင့်သုံးရက်ပဲ ရတယ်"

"ဒါဆို ပြန်မှဖြစ်မှာပေါ့"

"အင်း"

"ညနေစာ ထမင်းစားပြီးပြီလား"

"မစားရသေးဘူး၊ ဆာလည်း မဆာဘူး"

"ကျေးဇူးတင်ပါတယ် ရွှေ"

"ဘာအတွက်လဲ"

"ငါ့ကို လာတွေ့တဲ့ အတွက်လေ"

"သက်ငြိမ်..."





"ဟင်..."

"နင် ငါ့ကို ဘာဖြစ်လို့ ချစ်တာလဲ"

သက်ငြိမ်က တိုးတိုးရယ်သည်။

"ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့ပါ၊ ဒီလိုပဲ လူတွေ တစ်ယောက်နဲ့တစ်ယောက် ချစ်တယ်လို့ ပြောကြတယ်၊ အချစ်ဆုံးသူငယ်ချင်း၊ အချစ်ဆုံး ဆွေစသဖြင့်ပေါ့လေ၊ ဘာအတွက် ချစ်ကြတာလဲလို့ လူတိုင်း စဉ်းစားမိရဲ့လားလို့ ငါတွေးမိတယ်၊ ငါ့အဘွားဆို ငါ့ကို သိပ်ချစ်တယ်လို့ ခဏခဏပြောတယ်၊ သူ့နားကို ခေါ်ထားတယ်၊ ထိုက်သင့်တဲ့ လွတ်လပ်ခွင့်မရဘူး၊ ဒီတော့ အဘွား ငါ့ကို ချစ်တာ သူ့အတွက် အဖော်လိုနေလို့ ချစ်တာနဲ့ မတူဘူးလား၊ ချစ်တယ်ဆိုတာ ကိုယ့်အတွက်လား၊ သူများအတွက်လား စဉ်းစားပေးရမှာပေါ့၊ အဲဒါမှလည်း သဘာဝ ကျမယ်လေ၊ ကိုယ့်အတွက်ဆိုတာပဲ ကြည့်ပြီး ချစ်နေလို့ကတော့ တစ်ဖက်လူအတွက် ဘယ်လိုမှ အဆင်မပြေဘူး"

"အဲဒီလောက်ထိ လေးလေးနက်နက်ကြီးတော့ ငါ တွေးခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် ပြောရမှာ ရှက်တော့ ရှက်တယ်၊ နင်က ငါ့ရဲ့ first love ပဲ ရွှေငါ နင့်မျက်နှာလေးကို ကြည့်ရုံကြည့်ပြီး မန္တလေးကနေ ပြန်လာရတဲ့ဒုက္ခက တော်တော်ကြီး ဆိုးတာကွ၊ အဲသလိုမျိုး ဒုက္ခကို ခံနိုင်ဖို့ တစ်ခါမှလည်း ကြိုမစဉ်းစားမိခဲ့ပါဘူး၊ နင့်ကို စိတ်မညစ်စေချင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကြောင့် နင်စိတ်ဆင်းရဲမှာတော့ ငါ အရမ်းကြောက်တယ်၊ တကယ်ဆို ငါဖွင့်ပြောတာ အချိန်တိုလွန်းပါတယ်၊ ငါလည်း သိတယ်၊ အချစ်က အချိန်နဲ့လည်း မဆိုင်ဘူးဟ၊ နင့်ကို ချစ်သွားတာ ဘာကြောင့်မှန်း အခုထိ ငါကိုယ်တိုင်လည်း မသိသေးဘူး၊ တစ်ခါတလေကျရင် အချစ်ဆိုတာ ဘာကြောင့်မှန်း မသိဘဲနဲ့လည်း ဖြစ်ပေါ်လာတတ်တဲ့အရာလို့ ထင်တယ်"

"ငါ့အဘိုးနဲ့ အဘွားလည်း ဆယ့်ငါးရက်နဲ့ ကြိုက်ခဲ့တာလို့ အဘွားပြောပြဖူးတယ်၊ သူတို့လက်ထပ်တော့ အဘိုး လက်ထဲမှာ ငွေလေးနှစ်ရာပဲ ရှိသတဲ့၊ အဘွားကို အဘိုးက စိတ်ညစ်အောင် သူသေတဲ့အထိ ဟဲ့တစ်ချက်တောင် ခေါ်မသွားခဲ့ဘူး၊ သားသမီးသုံးယောက်နဲ့ အရွယ်ကောင်းတုန်း ငါ့အဘွား မုဆိုးမဖြစ်သွားပေမယ့် လုံးဝနောက်အိမ်ထောင် မပြုခဲ့တာ အဘိုးကို သိပ်ချစ်တာထက် အဘိုးလို သူ့ကို ချစ်နိုင်မှာ မဟုတ်လို့ ဘယ်ယောက်ျားကိုမှ ထပ်မယုံခဲ့တာတဲ့"

"နင့်အဘိုးဆုံးတာ အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်ရှစ်"

"တော်တော်ငယ်သေးတာပဲ"

"ဟုတ်တယ်... အဘိုးက စာမတတ်ဘူး၊ ဘုန်းကြီး ကျောင်း ပညာရေးတော့ တတ်တယ်၊ လယ်လုပ် ကိုင်းလုပ်ပြီး တဖြည်းဖြည်း ချမ်းသာလာတဲ့အချိန်မှာ အဘွားကို သူထားခဲ့ ရတာ၊ သူဆုံးတာ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးတာ





အဘွားက သားသမီးသုံးယောက်လုံးကို ပွဲရုံထောင်ပြီး စာတတ် အောင် သင်တယ်၊ ငါ့အဖေက သားအကြီးလေ၊ ကျန်တဲ့ အဒေါ်နဲ့ ဦးလေးကလည်း အဘွားပွဲရုံကို စိတ်မဝင်စားကြဘူး၊ သူတို့အလုပ်နဲ့သူတို့ ရပ်တည်နိုင်တော့ ချမ်းသာပြီးသားဆိုတော့ ပိုက်ဆံကို စိတ်မဝင်စားကြတော့ဘူး"

"ငါ့အဖေလည်း သိပ်နားလည်ရခက်တဲ့လူမျိုး အထက် တန်းအောင်ပြီး အောက်တန်းစာရေးဘဝကနေ စာပေးစာယူနဲ့ ဘွဲ့ယူ၊ နောက် ညွှန်ကြားရေးမှူးဖြစ်တဲ့အထိ တော်တော်ရုန်း ကန်လာရတာ၊ ညွှန်မှူးလည်းဖြစ်ရော မပြောမဆိုနဲ့ အလုပ်က ထွက်ပစ်လိုက်ကရော၊ ပြီးတော့ ကုန်သည်လုပ်တယ်၊ အမေ့ကို တော့ ဘာအလုပ်မှ မခိုင်းဘူး၊ အိမ်အလုပ်ပဲ လုပ်တဲ့၊ အပြင်အလုပ် လုပ်ရရင် နှစ်ဆပင်ပန်းမှာစိုးလို့ဆိုပြီး သူတစ် ယောက်တည်း ပိုက်ဆံရှာတယ်၊ ဒါကြောင့် ငါတို့အိမ်က ပိုက်ဆံတော့ မချမ်းသာဘူး၊ ဒါပေမယ့် လုပ်ချင်တာလုပ်ခဲ့တဲ့ အဖေက စာရိတ္တကိုတော့ အင်မတန် တန်ဖိုးထားတယ်"

"ဒီခေတ်မှာ ရှားတယ်ဟ"

"ဟုတ်တယ်၊ အဖေ ဘာလို့ ကုန်သည်ပဲလုပ်သလဲ ဆိုတာ အသက်ရမှ နားလည်လာတယ်"

"နင့်အဖေနဲ့ နင့်အမေရော ဘယ်လို လက်ထပ်ခဲ့တာ လဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အမေ့ကို အဖေက နိုးပြေးတာတဲ့၊ အမေက သိပ်လှတော့ အမေ့အိမ်က အရာရှိတစ်ယောက်နဲ့ ပေးစားဖို့ ပြင်ဆင်နေတုန်း အဖေက အလစ်သုတ်ခဲ့တာ၊ အဖေက အဲဒီတုန်းက စာရေးဘဝဆိုတော့ တော်တော်ကျပ်တည်းခဲ့တာဆိုပဲ၊ ငါ့အစ်မကိုမွေးပြီးမှ အဆင်ပြေတာ"

"နင့်မှာ အစ်မရှိတော့ အစ်ကိုရော မရှိဘူးလား"

"ငါ့အစ်မက အခုမှ Ph.D ဆက်တက်နေတာ၊ အပိုကြီး အငယ်ကောင်က ခုမှ ခုနစ်တန်း တက်နေတာ"

"နင်တို့မိသားစုလေးက ပျော်စရာလေးနေမှာပဲ"

"သာမန်မိသားစုပေါ့၊ ရန်ဖြစ်လိုက်ကြ၊ ချစ်လိုက်ကြနဲ့ နင့်မိသားစုရော နင့်အဖေဆီ နင် သွားမတွေ့ဘူးလား"

"ငါက စိမ်းသလိုဖြစ်နေပြီဟ၊ အဘွားနဲ့ပဲ နေရတာများတော့ အဖေ အမေကို သိပ်မတွယ်တာတော့ဘူး၊ ငါ့မှာ ညီမလေးတွေ သုံးယောက် ရှိတယ်"

"ဟုတ်လား... ငယ်ငယ်လေးတွေ နေမှာပေါ့"

"ဟုတ်တယ်၊ တစ်ယောက်က ခုနစ်တန်း၊ အကြီးက ငါးတန်း"

"နင့်အဘွားက နင့်ကိုပဲ ကွက်ချစ်နေတာ သိပ်တော့ မကောင်းဘူးဟ"

"ငါ့ကို အဘိုးဝင်စားတယ်လို့ အဘွားက ယုံနေတာ"





"ဟုတ်လား"

"ငါလည်း ဘယ်သိပါ့မလဲ၊ မှတ်မိစရာလားဟာ"

"အေးဟ...တချို့အဘွားကြီးတွေက အဲသလို အစွဲကြီးကြတာပဲ၊ ဒါနဲ့ နင် မနက်က တစ်မနက်လုံး မျက်နှာမကောင်းဘူး၊ နော်နဲ့ ရန်များဖြစ်ထားသလား"

"စိတ်ချင်း မတိုက်ဆိုင်တာပါ"

"ငါနဲ့ ထူးချွန်လိုပေါ့"

"သက်ငြိမ်"

"ဟင်..."

"တကယ်လို့များ နင်နဲ့ထူးချွန်လည်း မိန်းကလေးတစ်ယောက်ကို အတူတူ သဘောကျမိရင် ရန်ဖြစ်မှာလား"

"ရန်တော့ မဖြစ်လောက်ဘူး၊ စိတ်ထဲတော့ ဘယ်ကျေလည်မလဲ"

"ပြီးတော့ရော..."

"ပြီးတော့ ကောင်မလေး ကြိုက်လိုက်တဲ့လူကို ဦးစားပေးရမှာပေါ့"

"နင်တို့နှစ်ယောက် ရန်သူတွေ ဖြစ်မသွားနိုင်ဘူးလား"

"မဖြစ်လောက်ဘူး၊ ငါတော့ အဖြစ်မခံဘူး၊ စာတစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ မိတ်ဆွေတစ်ယောက်နဲ့ တစ်ဘဝလုံး ခရီးသွားရတဲ့ သူဟာ ကံအကောင်းဆုံးပဲတဲ့၊ ထူးချွန်က ညီအစ်ကိုလို နေလာတာ၊ ချိန်ခွင်ထဲ ထည့်ကြည့်သလိုပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က သူစိမ်း။ တစ်ဖက်က သူငယ်ချင်း။ သာတဲ့ဘက်ကို လိုက်ရမှာပေါ့"

ရွှေ့စိတ်ထဲမှာ ဝမ်းနည်းသွားတာ မပြောပါနှင့်တော့။ ဒွေးမယ်နော်ရဲ့ ချိန်ခွင်က သူစိမ်းဆီကို စောင်းသွားပြီကိုး။

ရွှေတို့ ငယ်ငယ်ကတည်းက တစ်ဦးနဲ့တစ်ဦး ချစ်ခင်စွာ နေလာခဲ့သည်များ ပျောက်ပျက်လွှယ်၊ မေ့လွှယ် ဖြစ်ကုန်ပြီကိုး။

"အဲဒါက သဘောပြောတာပါ၊ လက်တွေ့မှာ ဘူချစ်နေတာ နော်ပဲ၊ ငါသဘောကျနေတာ နှင်ပဲ၊ ဘယ်လိုမှ ဆုံမှတ် မတူဘူး။ ငါက နော့်ကို ဘယ်တော့မှ ကြိုက်မှာမဟုတ်ဘူး။ နှင့်ကိုမရလို့ တခြားတစ်ယောက် ပြောင်းချင်ပြောင်းသွားမယ်၊ အဲဒီတစ်ယောက်က ဒွေးမယ်နော် မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"အမိက,က type ပဲ၊ အမျိုးအစားချင်း မတူဘူး"

"ညနေက ငါ သူ့ကို ပေဒင် ဟောပေးသေးတယ်"

"တဲရော့ဒ်နဲ့လား"

"ဟုတ်တယ်"

"အဖြေက မကောင်းဘူးမို့လား"

"ဘာလို့ အဲသလို ပြောတာလဲ"

"သူပြောတဲ့အထဲမှာ ကောင်းတာ ဘယ်နှစ်ခါများ ရှိလို့လဲ၊ နှင်က စိတ်အစွဲအလမ်း ထားနေတာလား၊ ပစ်ထား





လိုက်စမ်းပါ၊ ဒီမှာ ရွှေရဲ့...လူတစ်ယောက်ရဲ့နဖူးမှာ အဲဒီလူ သေမယ့်နေ့နဲ့ အချိန်ကိုသာ ရေးထားခဲ့ရင် အဲဒီလူ ဘဝမှာ အသက်ရှင်နေပေမယ့် ပျော်ရွှင်မှု ဆိုတာ ဘာမှရှိတော့မှာ မဟုတ်ဘူး၊ သိလား... ဘာလို့လဲဆိုတော့ လူ့ဘဝဆိုတာ မသိခြင်းတွေနဲ့ ဖွဲ့စည်းထားလို့ပဲ၊ ကိုယ်နဲ့စိတ်နှစ်ပါးကိုတောင် တချို့လူတွေ သေတဲ့အထိ မသိလို့ တရားမရဘူး၊ ဒါပေမယ့် လူတွေဟာ ပျော်နေကြတာပဲ၊ အဲဒါမသိလို့၊ ကြိုမသိသင့်တဲ့ အရာတွေကို ကြိုသိအောင်လုပ်ခဲ့ရင် အဲဒီအတွက် ဘာမှ အကျိုးရှိမှာမဟုတ်ဘူး။ စိတ်ပင်ပန်းမယ်၊ စိတ်ညစ်ရမယ်၊ အနိဋ္ဌာရုံတစ်ခုကို အာရုံထဲ ထည့်ထားတဲ့နောက် ဘာမှ အဆင်ပြေမှာ မဟုတ်တော့ဘူး။ အဲဒီသဘောပဲ"

"ဟုတ်တယ်၊ ငါလည်း အဲသလိုပဲထင်တယ်၊ ဒါပေမယ့် နော့်လက်နဲ့ကိုင်လိုက်တဲ့ ကားချပ်တွေအကုန်လုံးက ဘာလို့ မှန်နေတာလဲ မသိဘူး၊ အဲဒါ ဆန်းတယ်ဟ၊ သူပြောတာတွေ တာ မှန်နေတတ်တယ်"

"ကဲပါ... မှန်နေရင်လည်း အဲဒီမကောင်းတာတွေ ဖြစ်မလာအောင် ယတြာရှိရမှာပေါ့၊ ဗုဒ္ဓယတြာဆိုတာ အလကား ထားတာမဟုတ်ဘူး၊ လူတွေ ဒုက္ခရောက်တဲ့အခါ ကယ်တင်ဖို့ ပေါ်လာတာ၊ နှင့်ကို ဘာဟောလိုက်ပြန်ပြီလဲ"

"ဘာမှ မဟောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိမ်တတ်ဘဲနဲ့ လိမ်နေပြန်ပြီ၊ နင့်မျက်လုံးတွေက ဘယ်တော့မှ ပိပိရိရိ လိမ်တတ်မယ့် မျက်လုံးတွေမဟုတ်ဘူး။ ကဲ... ဖြေစမ်းပါ၊ နင့်ကို ဘာပြောလိုက်လဲ"

"နင် သူ့ကို ဘာပြဿနာမှ သွားမရှာရဘူးနော်"

"မရှာဘူး... ပြောမှာသာ ပြော"

"ငါ့ရဲ့ အချစ်ရေးကို မေးတာ"

"ဟား ဟ... နင်က ဗေဒင်မေးပြီးမှ အဖြေပေးတာလား"

"ဆုံးအောင် နားမထောင်ဘဲ ပြောပြန်ပြီ" /

"ဆောရီး...ဆောရီး"

"အဖြေက The Empress တဲ့၊ အဆင်မပြေတာတွေ တွေ့ကြုံပြီးမှ ကောင်းမယ်တဲ့"

"ကောင်းမယ်ဆို ပြီးတာပဲပေါ့"

"ဒါပေမယ့် တခြားလူတွေကို စိတ်ထိခိုက်အောင် လုပ်သလို ဖြစ်နေမယ်တဲ့၊ ဖြစ်နိုင်တယ်လို့ နင်မထင်ဘူးလား။ ငါတို့နှစ်ယောက်လုံးမှာ လက်ထပ်ရမယ်လို့ ကြိုအသိပေးထားတာတွေ ရှိနေတယ်လေ၊ ပြီးတော့ နင်နဲ့ ငါ့ကြားမှာ ငါ မပြောပြချင်တဲ့ ကိစ္စတစ်ခုကလည်း ရှိသေးတယ်"

"ရွှေ... လက်ဆောင်တွေပို့တာ နင်ပဲ ဆိုရင်လည်း ကိစ္စမရှိပါဘူးလို့ ငါပြောပြီးပြီပဲ၊ အဲဒီကိစ္စဆိုရင် တို့နှစ်ယောက်ကြားမှာ မျက်နှာပူစရာ ဘာမှမရှိဘူး"

"နင်ကပါ ငါလို့ ထင်နေလို့လား၊ ဒုက္ခပါပဲနော်"





"မဟုတ်ဘူးလား၊ မဟုတ်ရင်လည်း ပြဿနာမရှိဘူး၊ မနက်ဖြန် ပြန်တော့မှာဆိုတော့ အဖြေလေး ဘာလေး မသနားခဲ့ချင်ဘူးလား"

"နင်ကလည်း ကလေးမုန့်တောင်းစားတာ ကျနေတာပဲ"

"ဟုတ်တယ်လေ... ငါလည်း အချစ်သူတောင်းစားပဲ နော်... ရွှေ..."

"ဘာတုန်း..."

"အဖြေလေး သနားခဲ့ပါလို့"

ရွှေ့ကိုလုပ်ပြနေသော သူ့အမူအရာကိုကြည့်ပြီး ရွှေ ရယ်ချင်သွားရပါသည်။ ဒီကောင်လေးဟာလေ ပုံစံကသာ ဂျစ်ကန်ကန် မိုက်တူးတူးနှင့် အနီးကပ် ပေါင်းကြည့်တော့ အင်မတန် ချွဲလွန်းသဲလွန်းသလိုပဲ၊ ရွှေက အရည်တဖြည်းဖြည်း ပျော်နေတာပါကွယ်။

"နောက်လဆို ငါ စာမေးပွဲဖြေရတော့မယ်၊ အဲဒီစာမေးပွဲ ပြီးတဲ့အချိန်ထိ နောက်ဆုံးထားပြီး စဉ်းစားပေးပါ ရွှေရယ်"

"တရားသေတော့ တွက်မထားနဲ့ပေါ့ဟယ်"

"သီကြားမင်းဖျက်တောင် ပျက်နိုင်ပါဘူးကွယ်၊ မောင့်စိတ်ထဲက ချစ်တဲ့ ရွှေလေးရယ်"

သူက သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းသလိုဖြင့် ဆိုကာ မတ်တတ်ထရပ်လိုက်သည်။ မှတ်တိုင်မှာ လူမရှိတော့။ ရွှေနဲ့ သူသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ် ခေါင်းမော့ကြည့်ပြီး သူ့လက်နှစ်ဖက်ကို မြှောက်ကာ တစ်စုံတစ်ရာကို ဖမ်းယူသကဲ့သို့ ပုံစံလုပ်လိုက်သည်။ ထို့နောက် ရွှေ့ဘက်ကို သူ့လက်နှစ်ဖက် ဆန့်တန်းကာ...

"ကဲ... ယူတော့..."

"ဘာယူရမှာလဲ"

"ခွန်အားတွေလေ... နင့်ကိုချစ်တဲ့ ငါ့ရဲ့ခွန်အားတွေ၊ ဘယ်လို အဖျက်အဆီးတွေ့တွေ့ နင်သာ ငါ့ဘက်မှာရှိနေရင် ငါ ဘာမှ မကြောက်တော့ဘူး၊ သိလား... ရွှေ နင်လည်း အဲသလိုပဲ ဖြစ်ရမယ်"

ရွှေ့ရဲ့စိတ်ကို နော်က တောင်းဆိုခဲ့ပေမယ့် ရွှေ့စိတ်သည် သက်ငြိမ်ထံမှာ စူးစိုက်နစ်ဝင်ကာ ရွှေသည် ကိုယ့်ရှေ့က ကောင်လေးကို ရင်ခုန်သော ခံစားချက်တစ်မျိုးဖြင့် ပြုံး၍သာ ကြည့်နေမိတော့သည်။

ဒီစိတ်ကိုဖျက်ဖို့ ဘယ်လွယ်ပါ့မလဲ။ လူတစ်ယောက်အပေါ်မှာ လှပစွာ ချစ်ခင်မြတ်နိုးတဲ့စိတ်၊ တိမ်ရောင်စုံရယ်၊ ရေပြင်ရယ်၊ လေညှင်းရယ်၊ လိပ်ပြာရယ် စသဖြင့် နေသားတကျ ရှိမှုအားလုံးကို ဥပေက္ခာပြုလျက် သူ့ဆီမှာသာ နိဝင်ချင်သောစိတ်။





ရွှေသည် မအိပ်ခင်က တစ်ခုခုကို ကြည်နူးစွာ တွေးခဲ့လိမ့်မည်။ အပြင်ကို ခဏဆိုပြီး ထွက်သွားတာ နှစ်နာရီကြာသည်။ ပြန်လာပြီး စကားလည်းမပြောဘဲ အိပ်ရာတန်းဝင်ကာ သိပ်မကြာခင်ဘဲ အိပ်ပျော်သွားသည်။ ရွှေ အိပ်ပျော်နေပုံမှာ နှုတ်ခမ်းကလေးက ပြုံးလျက်၊ မျက်နှာတစ်ခုလုံး ပြုံးလျက်။ ခုလောက်ဆို အိပ်မက်လှလှ တစ်ခုတောင် မက်လောက်ရောပေါ့။ အိပ်မက်ထဲမှာ ရွှေက မင်းသမီးဖြစ်ပြီး မင်းသားကတော့...။

"ဟူး..."

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ နော်မှာ မအိပ်နိုင်ဘဲ ပူလောင်နေရသည်။ အချစ်ဆိုတာ ဘာကြောင့် ပူလောင်နေရတာလဲ။ ဒီလို ပူလောင်ရမယ်မှန်းသိရင် အစကတည်းက မချစ်ခဲ့ပါဘူး။

ရွှေဟာ နော်နဲ့ ယှဉ်ရင် အလှမှာလည်းမသာ၊ ဉာဏ်မှာလည်း မသာ။ သို့ပါလျက် ဘာကြောင့် သက်ငြိမ်က ရွှေ့ကိုမှ စိတ်ဝင်စားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်နေရာမှာ သက်ငြိမ်ဖြစ်လိုက်ရင် ခုနေခါ အိပ်မက်လှလှမက်ပြီး ပျော်နေရမှာ နော် ဖြစ်လိမ့်မည်။

အို… တွေးရတာ သိပ်စိတ်အနှောင့်အယှက်ဖြစ်တာပဲ။

ရွှေ မရှိရင် နော့်နားမှာ ရွှေသာမရှိခဲ့ရင်…။

ရွှေကို ဘာလို့ လူပြည်က ကွယ်ပျောက်စေချင်နေပါလိမ့်။

ဘုရား… ဘုရား… ဒီအတွေးဟာ သိပ်ရက်စက်တယ်။ ရွှေ့ကို သေစေချင်နေတဲ့ စိတ်ပါလား။ နော့်မှာ ကိုယ့်စိတ်ရိုင်းကိုယ်ပြန်ထိန်းရသည်။ ယောက်ျားလေးဘက်က မချစ်ရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ထိုစကားက သွေးထွက်အောင်မှန်သည်။ ဒါပေမယ့် နော် လက်ခံလို့မရ။

သက်ငြိမ်နားမှာ ရှိရမယ့် မိန်းကလေးဟာ နော်ကလွဲပြီး တခြားလူမဖြစ်စေချင်ပေ။ ထိုအတွေးသည် နော့်ခန္ဓာကိုယ်အတွင်း၌ ပြေးလွှားကာ မီးရှို့နေသဖြင့် နော့်မှာ ပူလောင်နေရသည်။

"နော် မအိပ်သေးဘူးလား"

"ထူးချွန်လား"

"ဟုတ်တယ်…၊ ကျွန်တော် နော့်ကို ပြောစရာရှိလို့ ဆက်လိုက်တာ"

"နောက်မှပြောလို့ မရဘူးလား"

"မရဘူး နော်၊ ကျွန်တော် နော့်နောက်ကို တကောက်ကောက် လျှောက်လိုက်နေတာ နော် သိမှာပါ၊ အဲဒါ ဘာကြောင့်ထင်လဲ"

"သွားရမယ့် လမ်းချင်းတူလို့ နေမှာပေါ့"





"ဟုတ်တယ် နော်၊ ကျွန်တော်နဲ့ နော် တစ်ခရီးတည်း လျှောက်ချင်ပြီ"

"အနိ…"

"ဘာခရီးပဲဖြစ်ဖြစ်ပါ၊ ဂန္တာရီခရီးပဲဖြစ်ဖြစ်၊ ဟန်းနီးမွန်းခရီးပဲဖြစ်ဖြစ်"

"တစ်မျိုးပါလား… နော် ခရီးမထွက်ပါဘူး"

"နော် ဘာကို လှည့်ပတ်နေတာလဲဗျာ"

"ဘာမှ မလှည့်ပတ်ပါဘူး"

"ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ဘူး"

"မသိတော့ရင်လည်း နော် ဖုန်းချလိုက်တော့မယ်၊ ဒါပဲနော်"

ဒါကြောင့် ရှေးလူကြီးများ စကားပုံ ထားခဲ့ကြတာ ဖြစ်မည်။ ရတာမလို လိုတာမရ၊ လူ့အလို နတ်မလိုက်နိုင်၊ နတ်အလို လူမလိုက်နိုင်။ နော် ဘာဆက်လုပ်သင့်သလဲ၊ နော့်ဘက်က စွန့်လွှတ်ပေးလိုက်ရတော့မလား။

အဲဒီလိုတွေးမိတာနဲ့ ရင်ဘတ်က အောင့်လာသည်။ နော် မလွှတ်ချင်ဘူး၊ နော် သူ့ကို ချစ်နေတယ်၊ သူ တခြားသူကို မချစ်ရအောင် နော် ဘာဆက်လုပ်ရမလဲ။ အများအကာ အိပ်မောကျချိန်မှာ နော်သည် ကိုယ့်လက်ထဲ ပိုင်ပိုင်နိုင်နိုင် ဘယ်တုန်းကမှ မရှိခဲ့သော အချစ်ကို စမ်းတဝါးဝါး လိုက်လံ စမ်းသပ်နေသကဲ့သို့ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်ကြီးရည်းစားဆီက အဖြေပေးခါနီးတော့ အခြေအနေက ဘယ်လိုလဲ၊ ပြောပါဦး၊ ကျွန်တော့်ကောင်မလေးက တုံဏှိဘာဝေလေးဗျာ"

ယောက်ျားလေးတို့ထုံးစံ အတွေ့အကြုံရှိသူကို ဆရာတင်မြို့မို့ ရည်းစားသုံးယောက် ထားဖူးသော ကိုမြတ်ကြီးက သက်ငြိမ်တို့အတွက် ဆရာ့ဘိုးအေ ဆရာကြီး လက်ဖက်ရည်ဖိုး ဒကာခံပြီး သိချင်တာကို ရှင်းအောင် မေးရသည်။

"မင်းကောင်မလေးက မင်းပြောပုံဆို မဆိုးပါဘူး နည်းနည်းအချိန်ဆွဲနေတာ၊ ဒီလိုပဲကွာ၊ မိန်းကလေးဆိုတော့ မူတာပေါ့ကွာ၊ ထူးချွန် ကောင်မလေးကတော့ ထူးချွန်တဲ့ အရှုးလုပ်နေတာ၊ သိလျက်နဲ့ မသိမာန်ဆောင်နေတာ၊ ဒါနဲ့ သက်ငြိမ် မင်း တရားခံမိပြီလား"

"ဘယ်သူ့ကို မေးတာလဲ"

"လက်ဆောင်တွေ ပို့နေတဲ့ တစ်ယောက်"





"ထပ်မပို့တော့ဘူးဗျ၊ သိလည်း မသိချင်ပါဘူးဗျာ၊ တော်ကြာ ကျွန်တော်တို့ ထင်သလို ရွှေလပြည့် မဟုတ်ဘဲ တခြားတစ်ယောက်ဖြစ်နေရင် ကျွန်တော်ရော အဲဒီတစ်ယောက်ရော မျက်နှာပူရမယ်"

ထူးချွန်က စကားဝိုင်းထဲ ဝင်မလာဘဲ ဒွေးမယ်နော် ထွက်လာမည့် လမ်းဘက်ကိုသာ တမျှော်မျှော်နှင့် လည်ပင်းရှည်ထွက်နေပြီ။ ကာတွန်းရုပ် ပေါက်နေပြီ။

"ကျွန်တော့်သူငယ်ချင်းကို အဲဒီကောင်မလေး အရူးလုပ်နေတာဆို ကျွန်တော့်ကိုရော ရွှေလပြည့်က အရူးမလုပ်နိုင်ဘူးလား၊ သူတို့ကြားမှာ ဘာပြဿနာရှိလည်း မသိဘူး၊ သိပ်မကြည်ကြသလိုပဲ"

"ဒွေးမယ်နော် ဒီနေ့ ကျောင်းမတက်ဘူးလား မသိဘူး၊ ခုချိန်ထိ ထွက်ကိုမလာသေးဘူး၊ နေများမကောင်းသလားပဲ"

"နေမကောင်းတာ ရွှေလပြည့်ကွ၊ တစ်နေ့က ပြန်သွားတာ တော်တော်မျက်နှာမကောင်းဘူး၊ ဒွေးမယ်နော်နဲ့ ဘာဖြစ်သလဲကို မသိဘူး၊ မေးလို့လည်း မရဘူး"

"မင်းတို့နှစ်ယောက်ကြည့်ရတာ စိတ်ဒုက္ခများလိုက်တာကွာ၊ ရည်းစားတစ်ယောက်ရဖို့ ခံလိုက်ရတဲ့ဒုက္ခ၊ ခါတိုင်းဆို လက်ဖက်ရည်ဆိုင် ထိုင်ရင်း တဝါးဝါးနဲ့ ရယ်နေတာ၊ အခုကျမှ တိတ်ဆိတ် ခြောက်ကပ်နေတာပဲ၊ ဒါနဲ့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်တွေ စာမေးပွဲကြေး သွင်းပြီးပြီလား။ မသွင်းရင် ခုံနံပါတ် ထုတ်မပေးဘူးနော်"

"ဘယ်နေ့ နောက်ဆုံးလဲ"

"ငါလည်းမသိဘူး။ ဒီရက်ပိုင်း ထင်တာပဲ"

လက်ဖက်ရည်ဆိုင်ကနေ အိမ်ပြန်ပြီး ပိုက်ဆံသွားမြန်တောင်းရသည်။ စာမေးပွဲပြေပြီးရင် မန္တလေးကို သွားရမည်။ ပျော်စရာ ရည်းစားနဲ့ သွားတွေ့မည်။

❧ ❤ ❧





နော့်အတွက် စာမေးပွဲကြေး သွင်းပြီးသောအခါ ဘာရယ်မဟုတ်။ သက်ငြိမ်ရော သွင်းပြီးရဲ့လားဟု စာရေးမကို ရှာနိုင်းလိုက်သည်။ မသွင်းရသေးဟု ဆိုသဖြင့် ပိုက်ဆံထုတ်ပြီး အစားသွင်းပေးလိုက်သည်။ ငွေသွင်းချလံကိုခေါက်၍ ပိုက်ဆံအိတ်ထဲ ထည့်ကာ ရုံးခန်းထဲက ပြန်အထွက် သက်ငြိမ်နှင့်တိုးသည်။

"ဪ... ပိုက်ဆံ လာသွင်းတာလား နော်"

"ဟုတ်...ဟုတ်ကဲ့... သွားမယ်နော်"

ထူးချွန်က ဟိုတစ်ခါဝေဉ်းက သွင်းပြီးသားမို့ သက်ငြိမ်ပဲကျန်ခဲ့သည်။ စာရေးမကို ခုံနံပါတ် ပြောပြီး ငွေသွင်းရန်ပြင်စဉ်...

"ခုလေးတင်ပဲ သွင်းပေးသွားပြီ"

ခုလေးတင်ဆို ခုလေးတင် အခန်းထဲက ထွက်သွားတာ ဒွေးမယ်နော်ပေါ့။ သက်ငြိမ် ခေါင်းနှစ်ခါ ကြိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နော်က ဘာကြောင့် ငွေသွင်းပေးရပါသလဲ။ နားမလည်နိုင်။ နော်နောက်ကို အမြန်ပြေးလိုက်ကြည့်ပေမယ့် ဒီနားတစ်ဝိုက်တင် ပျောက်သွားသည်။

ဒီတိုင်းဆို တစ်ခုခုတော့ တစ်ခုခုပဲ။

နော်က သက်ငြိမ် လိုက်လာမှန်းသိ၍ လုစ်ခနဲ အပင်တစ်ပင်နောက်ကို ဝင်ပုန်းနေတာ ဖြစ်သည်။

အို... နော်မှန်းသိလို့ မဖြစ်ပါဘူး။

တဒိန်းဒိန်း ခုန်နေသောရင်ကို လက်ဖြင့်ဖိကာ နော်သည် ဘာကို ကြောက်မှန်းမသိ ကြောက်၍သာ နေသည်။ ဒီနေ့မှပဲ သူကလည်း ငွေလာသွင်းရတယ်လို့။ ငါးရက်တောင် ကျန်သေးတာပဲဥစ္စာ ဟုလည်း အပြစ်တင်မိသည်။

❧ ❤ ❧





"ဘာ... မင်းပြောတာ တကယ်လား"

"ဟုတ်တယ်... ငါလည်း အမြန်လိုက်တာပဲ"

"ဘာလုပ်ဖို့လဲ"

"မေးမလို့ပေါ့... ချက်ချင်းကို ပျောက်သွားတာကွ"

"မင်းက ဘာကို မေးမှာလဲ"

"ငွေသွင်းပေးတာ ဘာအတွက်လဲလို့ မေးမှာပေါ့"

"သူ ရှက်သွားမှာပေါ့ကွ"

"ဘာကိစ္စ ရှက်ရမှာလဲ၊ အရင်တစ်ခါ လစာသွင်းပေးတာလည်း သူပဲ ဖြစ်မယ်၊ အံ့သြစရာပဲ... သူက ဘာကိစ္စ ငွေတွေ သွင်းပေးနေတာလဲ"

အတန်းထဲသို့ ဒွေးမယ်နော်ပြန်လာမလားဟု နှစ်ယောက်သား စောင့်သော်လည်း လုံးဝပြန်မပေါ်လာတော့။

ထူးချွန်မျက်နှာက တဖြည်းဖြည်း ထိန်းမရအောင် ပျက်ယွင်းလာသည်။ သက်ငြိမ်လည်း သူငယ်ချင်း မျက်နှာကို အကဲခတ်မိပြီး စကားမဆိုဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းမှာ အိမ်ပြန်ရောက်ပြီးတာနှင့် ဖွေးမယ်နော် အိမ်ဆီ အကျီလဲပြီး တစ်ခေါက်ထပ်သွားသည်။ ဖွေးမယ်နော် မရှိဟု အိမ်ဖော်အဒေါ်ကြီးက သက်ငြိမ်ကို ပြောလွှတ်လိုက် သော်လည်း မယုံကြည်။

အိမ်က ဖုန်းဖြင့် ပြန်ဆက်တော့ ဖွေးမယ်နော်နှင့် တိုက်ရိုက်တိုးသည်။

နော် အရမ်းခေါင်းကိုက်နေလို့ပါဟု ဆိုကာ ဖုန်းကို ပြန်ချသွားသည်။ ဒီလောက်ဆို သက်ငြိမ်တို့က နားလည် လိုက်ပြီ။



"ဘယ်လိုလုပ်ရမလဲ၊ ငါ့ကို သူ မေးတော့မှာ၊ ငါလိမ်ပြော သည်း သူနဲ့ ပက်ပင်းတိုးခဲ့ပြီပဲ၊ ယုံမှာမဟုတ်ဘူး၊ ဒုက္ခတော့ ရောက်ပြီ ထင်ပါရဲ့"

နော့်မှာ သွေးပျက်ချောက်ချားနေကာ စာတောင်မကျက် နိုင်။ စာမေးပွဲကို ဘယ်လိုဖြေလိုက်မှန်းတောင် မသိ။ ဖြေပြီး နောက်ဆုံးနေ့မှာတော့ ကျောင်းကပြန်အလာ ခြံဝမှာ သက်ငြိမ် တော်ဘီးနှင့် ရပ်စောင့်နေတာကို ကြုံလိုက်ရသည်။

"ကျွန်တော့်ကို ဘာလို့ရှောင်နေတာလဲ နော်"

"မရှောင်ပါဘူး စာမေးပွဲနီးလို့ စာက အရေးကြီးတယ် လေ၊ ဒါနဲ့ သက်ငြိမ် ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်နဲ့ ရွှေလပြည့် လုံးဝ အဆက်အသွယ် ရှောဘူး နော်"

"အဲဒါ ဘာဖြစ်လို့လဲ၊ သူလည်း စာမေးပွဲရှိတယ်လေ"

"မဟုတ်ဘူး... သူ ကျွန်တော့်ကို ချစ်တင်မှာလည်း စကားပြန်မပြောဘူး၊ ဖုန်းဆက်လည်း မကိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ နော်ကို အပြစ်လာတင်နေတာလား"

"ကျွန်တော့်ဆီ ဘာရည်ရွယ်ချက်နဲ့ လက်ဆောင်တွေ ပို့ခဲ့တာလဲ ဖွေးမယ်နော်၊ ဘာအကြံအစည်နဲ့ ကျောင်းလခတွေရော သွင်းပေးခဲ့တာလဲ"

သူမို့ မေးရက်ပလေ။ ဘာအကြံအစည်နဲ့လဲတဲ့၊ ရက်စက်တဲ့ မေးခွန်းပဲ။ လူမသိအောင် လုပ်ထားတဲ့ကိစ္စတွေ ဖြန်းခနဲပေါ်နိုက်မှာ တတ်စွမ်းသလောက် နော် ရှောင်ခဲ့ပြီးပြီ၊ ခုမှတော့ ရှောင်၍မဖြစ်တော့။ သူက အဖမ်းတော်ဘဲ့ည်။

"ဘာကို ကြံစည်ရမှာလဲ သက်ငြိမ်"

"မင်းကို ထူးချွန် ဘယ်လောက်ဒုက္ခခံပြီး လိုက်နေတယ်ဆိုတာ ငါလည်း သိတယ်၊ မင်းလည်း သိတယ်၊ ဒါနဲ့တောင် ဒီလိုစိတ်ကူးမျိုးနဲ့ မင်း ဘာကြောင့် လုပ်ရက်တာလဲ"

"လူတစ်ယောက်မှာ သူကြိုက်တာလုပ်ဖို့ လွတ်လပ်ခွင့်ရှိတယ် သက်ငြိမ်၊ ဘယ်သူကမှ ဘယ်သူ့ကို လွှမ်းမိုးချုပ်ကိုင်ပြီး အမိန့်ပေးလို့မရဘူး။ နော်လည်း နော့်စိတ်ကူးနဲ့ နော် ကြိုးစားတာပဲ"

"ဒါတွေ ရွှေလပြည့် သိတယ်မို့လား"

"..........."

"ဖြေစမ်းပါ... ရွှေလပြည့် အားလုံးသိတယ်မို့လား"

"သိတယ်"



"မင်းတို့နှစ်ယောက် ဝိုင်းပြီး အရူးလုပ်ကြတာပေါ့လေ၊ မင်းပစ္စည်းတွေ မင်းပြန်ယူပါ နော်၊ ဒါတွေနဲ့ ငါ့ဘဝကြီး ဘာမှ မပြောင်းလဲသွားပါဘူး။ ယောကျ်ားတစ်ယောက်ကို အရူးလို့ သဘောထားတဲ့ မင်းတို့ နှစ်ယောက်လုံးနဲ့လည်း မပတ်သက်ချင်တော့ဘူး"

"နော် ရှင်းပြပါရစေဦး သက်ငြိမ်၊ ဒါတွေအားလုံး နော့် စိတ်ကူးပါ၊ ရွှေနဲ့ မဆိုင်ပါဘူး"

"ဒါဆို မင်း ဘာစိတ်ကူးနဲ့ လုပ်တာလဲ ဟင်..."

"နော်... နော်... သက်ငြိမ်ကို သဘောကျလို့ပါ"

သက်ငြိမ် မျက်နှာက ဒေါသရောင်ကနေ အမည်မသိ အရောင်တစ်မျိုး ထပ်လွှမ်းသွားသည်။ အသံလည်း ချက်ချင်း ပြောင်းသွားသည်။

"ရယ်စရာတွေ လာပြောနေပြန်ပြီ"

နော့်မှာ ဘာကိုဆက်ပြောရမှန်းမသိဘဲ စောစောကလို တကယ်ပြောလိုက်လျှင် ဒေါသ တကယ်ပဲ ပြေသွားမလားလို့ စိတ်ကူးယဉ်ကောင်းတုန်း သူ့အသံက မာကျောစွာ ထပ်မေးသည်။

"မင်းကို မေးနေတယ်လေ၊ ဘာစိတ်ကူးနဲ့ လုပ်တာလဲလို့"

"ပိုက်ဆံပေါလို့"

"ဘာ..."

www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံမှာ နော်ခန္ဓာကိုယ် လွင့်ထွက်သွားတော့မလားပင် မသိအောင် ပြင်းထန်လွန်းသည်။ သူ့မျက်လုံးများက နီရဲတောက်ပြောင်နေပြီး နော့်ကို စားတော့ ဝါးတော့မလို ကြည့်နေပြန်သည်။ ဒေါသကို သူ အတော်ကြီး ထိန်းထားပုံရသည်။ ဒီမှာတင် နော်တစ်ခုသိလိုက်တာ သူဟာ သူချစ်တဲ့ လူအပေါ်မှာဆို အစွယ်ချိုးထားတဲ့ မြွေတစ်ကောင်လို ဆက်ဆံမှာ ဖြစ်ပေမယ့် သူ မလိုမုန်းထားသူ အပေါ်မှာတော့ မြွေဟောက်တစ်ကောင်လိုပဲ မည်းမည်းမြင်ရာ ပေါက်မယ့်လူမျိုး ဖြစ်သည်ဆိုတာပဲ။

"ပိုက်ဆံပေါလို့ ဟုတ်လား။ မင်းမှာ ပိုက်ဆံသိပ်ပေါနေရင် သူတောင်းစားကို လှူလိုက်ပါလား။ ဟင်...မင်းအဲသလိုလုပ်လို့ မင်းအတွက် ဘာများ အမြတ်ထွက်လို့လဲ၊ ပြောပါဦး... မင်းကွာ မိန်းကလေးမို့လို့..."

နော်သည် ငိုချလိုက်ချင်စိတ်ကို မနည်းထိန်းသိမ်းထားရသည်။ ဒီထက်ပိုပြီး နော့်အပေါ်ကို ရက်ရက်စက်စက်တွေ မပြောပါနဲ့တော့ဟု စိတ်ထဲက တားနေမိပြန်သည်။ နော်ဟာ ဘယ်လိုလုပ်ပြီး အမုန်ကို ဝန်ခံနိုင်မှာတဲ့လဲ။ နော့်မှာ အမှန်တရားနှင့်အတူ လျှို့ဝှက်ထားရတော့မည် ဆိုတာကို တစ်ပါတည်း နားလည်ခဲ့ပြီးသား ဖြစ်သည်။

လူတစ်ယောက်ကို နော် ချစ်ခဲ့တာဟာ အဲဒီလူ စိတ်ဆင်းရဲ နာကျင်စေဖို့ မဟုတ်ပါဘူး။ အဲသလိုပဲ နော်လည်း





အဲဒီလူ အတွက်နဲ့ စိတ်မဆင်းရဲ မနာကျင်ချင်ပါဘူး။ သက်ပြင်းကြီးမောကျက်ဘီးဒေါက်ကို ခြေဖြင့် ဖြောင်းခနဲ တစ်ချက် ကန်လိုက်စဉ် နော့် အသိစိတ်တွေအားလုံး ဟင်းလင်းပြင်ဖြစ်သွားပြီး သူ စက်ဘီးဖြင့် ထွက်သွားသောအခါ နော် ရပ်နေရာမှ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

❤



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှ နော်ဒိုသံကို နားထောင်ရတာ ရွှေလပြည့်မှာ စိတ်ဆင်းရဲရသည်။ ဘယ်လိုပဲ ရွှေတို့ဆက်ဆံရေးမှာ ကသိကအောင့်တွေ ဖြစ်ခဲ့ပါစေ၊ လက်တွေ့မှာတော့ ဒီသူငယ်ချင်းနှစ်ယောက်သည်သာ အရင်းနှီးဆုံး၊ တစ်ယောက်စိတ်ဒုက္ခကို တစ်ယောက် နားလည်ကြဆုံး။

"ငိုမနေပါနဲ့တော့ဟာ၊ နင်ငိုတာ ကြားရတာ ငါစိတ်ညစ်လွန်းလို့"

"ရွှေ စိတ်ညစ်သောကရောက်ရတဲ့ အလုပ်က တော်တော်ဆိုးတာပဲနော်၊ ငါတစ်ခါမှ စိတ်မညစ်ဖူးခဲ့ဘူး၊ သိလား"

"ငါ သိပါတယ်၊ ဒါပေမယ့် ငါတို့အသက်တွေ ကြီးလာပြီနော်၊ အသက်ကြီးလေ စိတ်ပူပန်စရာတွေ ပိုများလာလေပဲ၊ အဲဒါကို နင် လက်ခံရမယ် နော်၊ လက်မခံလို့ မရဘူး။ အခုဖြစ်တဲ့ကိစ္စက တို့ဘွဲ့ရပြီးတဲ့ အချိန်လောက်ကျရင် ရယ်စရာကြီး ဖြစ်သွားမှာပါ၊ ခဏပဲ၊ ခံစားရလို့ စိတ်ညစ်တယ်ဆိုတာ ခဏပါပဲ"





"ဒါဆို နင်ရော၊ အခုခံစားနေရမှာပဲပေါ့ ရွှေ၊ နင့်ကို သူ ချစ်တယ်မို့လား"

"ငါ သူနဲ့ အဆက်အသွယ် ဖြတ်ထားတယ်"

"သူပြောတယ်၊ အဲဒါတွေအားလုံး ငါ့ကြောင့်လို့ သူထင်နေတယ်၊ တကယ်လည်း ငါ့ကြောင့်ပါပဲ၊ ငါသာမရှိရင် နင်တို့နှစ်ယောက် ခုချိန်မှာ ပျော်နေရမှာ၊ ငါတောင်းပန်ပါတယ် ရွှေ၊ တကယ်တောင်းပန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ငါကဘောလူမို၊ နင်ပြောတာ တကယ်မှန်ပါတယ်၊ ယောကျ်ားလေး တစ်ယောက် မချစ်ရင် ဘာမှလုပ်လို့မရဘူး ဆိုတာလေ၊ ဟုတ်တယ်နော်၊ သူချစ်တာ နင်ပဲ၊ ငါမှ မဟုတ်တာ၊ ငါ အခုမှ တစ်ဖက်သတ်အချစ်ဆိုတာကို နားလည်တော့တယ်"

"နော် ငါတို့တစ်သက်လုံး ဒီအကြောင်းကို ထပ်မပြောရင် ကောင်းမယ်၊ နင်လည်း ဘယ်တော့မှ စကားအစပြန်မဖော်နဲ့၊ ငါလည်း ပြန်မဖော်ဘူး။ ဒါဆိုပြီးပြီပဲ၊ ငါတို့ကြားမှာ ဘာပြဿနာမှ ထပ်ဖြစ်စရာ မလိုတော့ဘူး"

နော်ဆီက ဖုန်းချသွားပြီးသောအခါ ရွှေ့ရင်ဘတ်ထဲမှ နာလျက်ရှိသည်။ ရွှေဟာ ဘယ်နည်းနဲ့မှ ဒီဇာတ်လမ်းကို ဆက်လို့မဖြစ်ဘူး ဆိုတာကို သိနေတော့ ရွှေနဲ့ သက်ငြိမ်ဟာ မဆုံနိုင်တော့ဘူးဘဲ။

ရွှေ သူ့ကို ဘယ်လောက်ပဲချစ်ချစ် ရွှေ့သူငယ်ချင်း တစ်ယောက်ရဲ့ မျက်ရည်တွေနဲ့တော့ ရင်းယူမှာ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကြာရင် သက်ငြိမ်လည်း ရွှေ့ကို မေ့သွားမည်။ ရွှေလည်း အဲဒီအခါ သူ့ကို မေ့သွားနိုင်မှာပါ။

❧ ❤ ❧

ထူးချွန်က သက်ပြင်းတစ်ချက် လေးလေးကန်ကန် ချပြီး သက်ငြိမ်ရှေ့သို့ လက်ဖက်ရည်ခွက်ကို တိုးပေးသည်။ ဆိုင်ကသီချင်းသံသည် အနည်းငယ်ဆူညံလှသည်။ သူငယ်ချင်း နှစ်ယောက်သား ခုချိန်ထိ စကားမပြောဖြစ်သေး။

ဘယ်က စပြောရကောင်းမလဲဟု နှစ်ယောက်လုံး စဉ်းစားနေကြတုန်း ဖြစ်သည်။

"မင်း ဒီနှစ်သကြံန် ဘာလုပ်မလဲ သက်ငြိမ်"

မေးမယ့်မေးတော့လည်း လက်ရှိပြဿနာနှင့် ဘာမှ မဆိုင်သော မေးခွန်း။

"ငါ ဘုန်းကြီးဝတ်ဖြစ်မယ် ထင်တယ်"

နှစ်ယောက်သား တိတ်ဆိတ်သွားပြန်သည်။

သက်ငြိမ်က ညနေမှ စားခဲ့သော ဟင်းကို ခုနေ ပြန်စဉ်းစားတောင် မမှတ်မိနိုင်လောက်အောင် ခေါင်းရှုပ် နေခဲ့ ဖြစ်သည်။

"မင်းနဲ့ ရွှေလပြည့် အဆက်အသွယ် ရပြီလား"



"မရဘူး ဖုန်းခေါ်တော့လည်း သူ့အဘွားနဲ့ပဲ တိုးတယ်၊ တမင် မဆက်သွယ်ချင်လို့ နေမှာပါကွာ"

"မင်းဇာတ်လမ်းက တန်းလန်းကြီးရှိသေးတယ်၊ ဒီတိုင်း ထားတော့မလို့လား"

"ဇာတ်လမ်းအတော်များများက တစ်ဝက်တစ်ပျက်နဲ့ပဲ ပြီးကုန်ကြတာ မဟုတ်ဘူးလား၊ ဝင်ရှုပ်တဲ့လူကလည်း ရှိသေးတယ်"

ပြောပြီးမှ ထူးချွန်ကို အားနာစွာ စကားရပ်လိုက်ရသည်။

"မင်းကို နှစ်ယောက်ပေါင်း အရှုးလုပ်တယ်လို့ ထင်နေ တာလား"

"ရှင်းနေတာပဲ"

"ငါက ဘေးလူအမြင်နဲ့ ကြည့်တာ၊ မင်းကို နော်က အရင် သဘောကျခဲ့တာ သက်ငြိမ်၊ ငါ အဲဒါကို အစောပိုင်း ကတည်းက ရိပ်မိတယ်"

"မဖြစ်နိုင်တာတွေ"

"သက်ငြိမ်... မင်းနဲ့ငါကြားမှာ ပြောရခက်တဲ့ကိစ္စ ဆိုလို့ တစ်ခုတောင် ရှိခဲ့ဖူးသလား၊ ဒီတော့ ငါပြောတာကို မင်းမငြင်းနဲ့၊ ဒီကိစ္စအတွက် ငါလည်း စိတ်မကောင်းဘူး၊ မင်းကို သူ အမှန်အတိုင်းပြောရင် သူ့အတွက် သိပ်ရှက်စရာ ကောင်းသွားမှာပေါ့၊ အဲဒါကို ငါ နားလည်ပေးလို့ ရတယ်၊ ဒီတော့ မင်းကို စော်ကားရာရောက်တဲ့ စကားမျိုးပြောပြီး သူ့ကိုယ်သူ ကာကွယ်တာပေါ့၊ ဒါပေမယ့် သူ အခုချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာမှာမဟုတ်ဘူး။ မိန်းကလေးတွေဘဝက သနားစရာကောင်းပါတယ်ကွာ၊ ခံစားချက်ကို ရှေ့တန်းတင်ဖို့အတွက် သူတို့မှာ စည်းတွေဘောင်တွေမှ အများကြီးပဲ၊ ဘယ်လောက်ခေတ်ကြီးပြောင်းလဲပါပြီ ပြောပါစေ သူတို့မှာ အချုပ်အခြယ်တွေ၊ ဘာသာရေး အဆုံးအမတွေ ရှိနေဦးမှာပဲ”

“မင်း သူ့ကို တော်တော်နားလည်ပေးနိုင်တာပဲ”

“ငါက ချစ်တာကိုး”

ထူးချွန်ကို ဒီလောက် သဘောထား ပြည့်မှယ်လို့ကို မထင်ထားခဲ့။ ကျောင်းမိတ်ရက်မို့သာ တော်တော့သည်။

ကျောင်းဖွင့်နေတုန်းဆို ဒွေးမယ်နော်နှင့်က တစ်ကွေ့မဟုတ် တစ်ကွေ့ တွေ့မှာပဲ။ တွေ့တဲ့အခါ မျက်နှာကို ဘယ်လိုထားရမလဲ။

“သက်ငြိမ်… မင်းအိမ်မှာ ငါ ဒီည လိုက်အိပ်ရင်ကောင်းမလား မသိဘူး”

“အိပ်လေ၊ ငါလည်း တစ်ယောက်တည်း နေရတာ ဒီရက်ပိုင်း ကြောင်နေတယ်၊ ကောင်မလေးကိစ္စကလည်း အခြေမပြေတော့ ပိုဆိုးတယ်၊ သူ ငါ့ကို ဘာလို့ အဆက်အသွယ် ဖြတ်ထားလဲ မသိဘူး။ လိုက်သွားရင် ကောင်းမလားပဲ”

“သွားချင်လို့လား”

“သွားပြီး မတွေ့ရရင် ပိုဆိုးမှာ”

“မင်းအပေါ်မှာ သူ ဘယ်လိုသဘောထားလဲ”



“သံယောဇဉ်တော့ရှိတယ်၊ မသိဘူးကွာ၊ မိန်းကလေးတွေက ခန့်မှန်းရခက်တယ်”

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ကအပြန် လမ်းမှာ စကားထပ်မပြောဖြစ်ကြ။ ထူးချွန်ညစ်နေတာက ပိုဆိုးသည်။ မျှော်တလင့်လင့်ဖြင့် မျှော်နည်းမျိုးစုံသုံးကာ ဒွေးမယ်နော်ကို လိုက်ခဲ့ပေမယ့် ဖြူနီးခနဲ ထိုမိန်းကလေး ရင်ထဲမှာ ရှိနေတာ အခြားတစ်ယောက် ဆိုသောအခါ ဘာမှ ဆက်လုပ်လို့ မရတော့။

❦

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်က ကောင်လေးတစ်ယောက်က ချဏာခဏ ဖုန်းဆက်နေတယ် ရွှေ သမီး သူငယ်ချင်းလား"

"ဟုတ်ကဲ့"

"သူငယ်ချင်းပဲလား"

"ရှင်..."

"အဘွားမေးတာ သူငယ်ချင်းရိုးရိုးလားလို့ မေးတာ"

"ဟုတ်ကဲ့"

အဘွားက ယုံဟန်မပြ။ မျက်မှန်ကို ပင့်၍ ရွှေကို စူးစူးရဲရဲ ကြည့်သည်။

"သူငယ်ချင်းဆို သမီး ဘာလို့ စကားပြန်မပြောတာလဲ"

"ဟို..."

"ဒီနှစ်သင်္ကြန် ရန်ကုန်သွားစရာရှိတယ် ရွှေ"

"အဘွား တရားမဝင်ဘူးလား"



"သင်္ကြန်ပြီးမှပဲ ဝင်မလားလို့ သင်္ကြန်တွင်းဆို လူလည်းများတော့ တရားကျောင်းမှာ အေးအေးဆေးဆေးမရှိဘူး"

"အဘွား ရန်ကုန်ကို ဘာသွားလုပ်မှာလဲ"

"အဘွားမိတ်ဆွေတစ်ယောက်နဲ့ သွားတွေ့မှာ၊ သမီးပါ လိုက်ခဲ့ရမယ်"

ရန်ကုန်မြေကို ခြေမချချင်ပေမယ့် အကြောင်းပြချက်က အဘွားသိ၍မကောင်း။ မိုင်လေးရာခရီးဟာ ရွှေအတွက်တော့ မိုင်ပေါင်း ထောင်ချီနေသလိုပဲ။ သူနဲ့က တစ်သက်စာ ဝေးရတော့မှာပါပဲ"

နေ့လယ်ဘက်ဆို သတိရမိစိတ်က သိပ်မသိသာလှ။ ညဘက် ချုပ်တင်ထိုင်နေကျအချိန်ဆိုလျှင် လူက စိတ်နဲ့ကိုယ် ကပ်တော့။ အဲဒါမျိုးကို လွမ်းတယ်လို့ခေါ်မလားဘဲနော်"

"ခွန်အားတွေလေ... နင့်ကိုချစ်တဲ့ ငါ့ရဲ့ခွန်အားတွေ ဘယ်လိုအဖျက်အဆီးတွေ့တွေ့ နင်သာ ငါ့ဘက်မှာရှိနေရင် ဒီ ဘာမှမကြောက်တော့ဘူး၊ သိလား ရွှေ..."

မန္တလေး မပြန်ခင်ညက နောက်ဆုံး နှုတ်ဆက်သည့် အနေနှင့် သူ့ကို တွေ့ခဲ့တာကို ရွှေ နှုတ်က ပြောမထွက်ခဲ့။ သူ့ကို ရွှေ အရူးလုပ်ခဲ့တာမဟုတ်ဘူး။

သူနဲ့ရွှေဟာ အတူရှိနေလို့ မဖြစ်သင့်ဘူးလေ။ သူ့နား မှာ ရွှေရှိနေရင် နော် စိတ်ဆင်းရဲရမည်။ ဘယ်လောက်ကြီးပဲ

www.burmeseclassic.com

www.burmeseclassic.com



သဘောထား ပြည့်ဝပါစေ။ နော်သည် သက်ငြိမ်ဘေးမှာ သူ မဟုတ်သော သူစိမ်းမိန်းမတစ်ယောက်ရှိနေသည်ကို ပြုံး၍ ကြည့်နေနိုင်မှာမဟုတ်ဟု ဝန်ခံထားခဲ့သည်။ ပြီးတော့ ထူးချွန်ကိုယ်တစ်ဖက်သတ် ချစ်ခင် စွဲလမ်းနေသော မိန်းကလေး တစ်ယောက်၏ ရင်ထဲမှာ ရောက်နေသူက သူငယ်ချင်းဖြစ်နေခဲ့တာကို သိသွားတာမို့ ရွှေအနေဖြင့် သက်ငြိမ်နှင့် ဝေးနေလိုက်တာ အားလုံးအတွက် မျက်နှာပူရလည်း သက်သာ ခံစားရတာလည်း အချိန်ကြာလျှင် သွေးအေးသွားပေါ်လိမ့်မည်။

❦ ❤ ❦





"မင်း မန္တလေးသွားချင်ရင် ငါ အဖော်လိုက်ခဲ့ပေးမယ် သက်ငြိမ်၊ မင်း ဒီတိုင်းကြီး ခံစားနေရတာထက် လူတွေ့ မေးလိုက်တာက ပိုကောင်းလိမ့်မယ်၊ သူကတော့ မင်းကို ရှောင်မှာပဲ၊ မတွေ့ချင်လို့ဆိုတာထက် မတွေ့သင့်ဘူးလို့ သူ ဆုံးဖြတ်ထားတဲ့ပုံပဲ၊ ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်မှာ သံယောဇဉ်က ရှိနေတာပဲ"

"ဒီနှစ်သင်္ကြန် သူ ရန်ကုန်ဆင်းလာမယ်လို့ ပြောသွားဖူးတယ်၊ ငါ သင်္ကြန်ပြီးတဲ့အထိ စောင့်လိုက်ရင် ကောင်းမလား မသိဘူး"

"မလာရင်ကော"

"ငါ လိုက်သွားမယ်"

"လာမယ်လို့ မင်းထင်နေလား"

"ငါ သေချာမပြောနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲပြီးလျှင် အဖြေပေးမယ်ဟု ဆိုကာ ခုချိန်ထိ အသံကိုတောင် မကြားရသေးသောအဖြစ်မို့ မန္တလေးလိုက်သွားရမှာ တော်တော်စဉ်းစားနေရသည်။ ဒီလောက် ပစ်ပစ်ခါခါကြီး အဆက်အသွယ် ဖြတ်ထားပုံထောက်ရင်တော့ ခွေးမယ်နော် လက်ချက်တွေ အများကြီးပါနေမှာ။ ဒီတိုင်းနေရင် တဖြည်းဖြည်း ပိုပြတ်တောက်သွားမယ့်တူတူ လိုက်သွားလျှင်တော့ တစ်ခုခုထူးခြားမလားဘဲ။

"ငါ လိုက်သွားမယ်ကွ"





ခြံတံခါးသော့သည် သက်ငြိမ်တို့ကို တိတ်ဆိတ်စွာ ဆီးကြိုလျက်ရှိသည်။ ရင်ဝမှာ ဆို့သွားသော်လည်း ဟိုနားသည်နားသွားတာ ဖြစ်နိုင်သည်ဟု တွေးကာ ထူးချွန်နှင့်နှစ်ယောက်သား ခြံရှေ့အုတ်ခုံမှာ ထိုင်ရင်း အိပ်ပျက်သည့်အဟာကြောင့် ငိုက်လိုက် ပြန်နိုးလာလိုက်ဖြင့် တစ်နေ့ကုန်သွားသည်။

"သက်ငြိမ်... ဒီတိုင်းဆို တစ်ညလုံး ဒီမှာပဲ အိပ်နေရဦးမယ်၊ အိမ်ဘေးခြံတွေ မေးကြည့်ဦးမှပဲ"

အိမ်ဘေးကပ်လျက်ခြံအနက် တစ်ခြံက မသိဘူးဟု ဆိုသည်။

နောက်တစ်ခြံက 'ရန်ကုန်သွားကြတယ်'ဟု အဖြေပေးသည်။

"ကဲ... မင်း ဘယ်လိုလုပ်မလဲ၊ ရန်ကုန်ပဲ ပြန်မလား ဒီမှာစောင့်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်... ဒါပေမယ့် ငါတို့ရောက်ခဲ့တာကို တစ်ခုခု အမှတ်အသားထားခဲ့မှ ဖြစ်မယ်"

"မင်းတို့နှစ်ယောက်ကလည်း လွဲမှ လွဲတတ်တယ်၊ ငါတို့နဲ့သူ လမ်းမှာ ဆုံချင်ဆုံခဲ့မှာကွ၊ ရထားချင်း ဘေးချင်း ကပ်နေမှာ၊ ငါတို့က မသိလို့သာ"

"သူ ရန်ကုန်ကို ဘာသွားလုပ်တာလဲ၊ သကြ်န်ရောက်ဖို့ လိုသေးတာပဲ"

"ကြည့်ရတာ သူ့အဘွားပါ ပါတယ်ဆိုတော့..."

သက်ငြိမ် ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ ယောက်ျား ပေးစားဖို့...။

❦ ❤ ❦





ကိုယ့်မိသားစုအိမ် ပြန်ရောက်လာတယ် ဆိုပေမယ့် အတူမနေတာ ကြာပြီမို့ စိမ်းသက်သက်တော့ ဖြစ်လှသည်။ ညီမလေးများကလည်း ငယ်နေတော့ သူတို့ဟာသူတို့ နေကြသည်။ ရွှေမှာသာ အဘွားနှင့် မိဘနှစ်ပါး တိုင်ပင်နေတာကို မျက်နှာသေနှင့် ထိုင်နားထောင်နေရသည်။

"ကလေးက မငယ်လွန်းဘူးလား အမေ"

"အို... ငါက ခုချက်ချင်းယူခိုင်းတာလည်း မဟုတ်ဘူး၊ သူတို့ကို တွေ့ပေးဦးမှာ၊ တွေ့ပြီး သဘောကျမှပဲ ဆက်စီစဉ် ရမှာ၊ ငါမသေခင် ငါ့မြေးကို စိတ်ချရတဲ့ မိသားစုမျိုးနဲ့ပဲ ပတ်သက်စေချင်တယ်"

"အမေကာ မသေနိုင်သေးပါဘူးဗျာ၊ ကျွန်တော့်သမီးက ကလေးပဲ ရှိသေးတာ"

"ဘာကလေးလဲ၊ နောက်သုံးနှစ်ဆို ဘွဲ့ရမယ်၊ ဒါ ကလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး အမေ၊ ဒီခေတ်မှာ ကလေးတွေကို အတင်းအကျပ် လုပ်လို့မရတော့ဘူး၊ ပြီးတော့ ဒါ တစ်သက်တာကိစ္စ၊ မှားသွားရင် တစ်ဘဝလုံးထိခိုက်မယ်၊ အမေချစ်တာကို ကျွန်တော်သိတယ်၊ ဒါပေမယ့် ကျွန်တော့်သမီးလေးကို အိမ်ထောင်ပြုပေးမှဖြစ်မယ်ဆိုတာမျိုး ကျွန်တော် လက်မခံနိုင်ဘူး၊ သူ့တစ်သက် တစ်ယောက်တည်းနေမယ်ဆိုလည်း နေပါစေ၊ အချုပ်အနှောင် ကင်းတယ်၊ ဒါမှမဟုတ် သူကြိုက်တဲ့လူဆိုမှ သင့်မသင့်ကြည့်ပြီး စီမံပေးရမှာ၊ ကလေးကို လွတ်လပ်ခွင့် ပေးလိုက်ပါ အမေရယ်"

"ငါက လွတ်လပ်ခွင့်မပေးလို့ ကြိုးနဲ့ချည်ထားလို့လား၊ အခုလည်း ကောင်လေးနဲ့ပေးတွေ့မယ်၊ ဒီလောက်ပဲ ငါတွေးထားတာ၊ ငါ အတင်းအကျပ် အိမ်ထောင် ပြုခိုင်းနေတာ မဟုတ်ဘူး"

"ဒါနဲ့ သမီးမှာရော ဘာပြောစရာရှိသေးလဲ"

"ရှင်...အဖေ..."

"သမီးကရော အဘွားပြောသလိုပဲ လုပ်မှာလား"

"ဟို... သမီး မတွေ့ချင်ဘူး"

"အဲဒါပဲ အမေ၊ ကလေးဆန္ဒကိုမမေးဘဲ ထင်ရာလုပ်လို့ မဖြစ်ဘူး၊ တော်ကြာ အမေပဲ အရှက်ကွဲရမယ်၊ စိတ်ညစ်ရမယ်"





"မရဘူး... တွေ့တော့ တွေ့ရမယ်၊ တွေ့ကြည့်ပြီးမှ ကျန်တာဆက်ပြော၊ အဲသလိုမှမဟုတ်ရင် နင်တို့ ဒီ့အလောင်းပဲ နက်ဖြန်တွေ့ရမယ်"

"အမေက ခြိမ်းခြောက်တာလား"

"ဟုတ်တယ်၊ ငါက ဘွားအေပါ၊ သူ့ စိတ်ညစ်အောင် ငါ လုပ်ပါ့မလား"

❧ ❤ ❧

ခရီးရောက်မဆိုက် ကြားလိုက်ရသော စကားကြောင့် သက်ငြိမ် ထိုင်ငိုချင်သွားသည်။ ကိုယ့်ကိစ္စနဲ့ကိုယ် လုံးပတ်ချာလည် ရိုက်နေသည့်အထဲမှာ အဖေက တစ်ဒုက္ခ။

"ကျွန်တော် သွားမတွေ့နိုင်ဘူး အဖေ"

"ဘာကွ"

"ဟုတ်တယ်၊ ကျွန်တော်တို့နှစ်ယောက် တစ်ခါမှလည်း မမြင်ဖူးဘူး၊ သိလည်းမသိဘူး၊ ဒီလိုလူနှစ်ယောက်က ဘယ်လိုလုပ် ယူလို့ဖြစ်မှာလဲ"

"မင်း သူ့ကို မမြင်ဖူးတာ ငါသိသားပဲ၊ အဲဒီအတွက် မပူနဲ့၊ ရော့... ဓာတ်ပုံ"

သက်ငြိမ်ရှေ့ကို ချပေးသော ဓာတ်ပုံကို မကြည့်သေးဘဲ ခေါင်းကိုသာ ကုတ်မိတော့သည်။ ကြားဖူးတာတော့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေး ကံနိမ့်လျှင် မိန်းမရတတ်တယ် ဆိုလားပဲ။ အခုတော့ ကံနိမ့်တာ တကယ်ကြုံရပြီ။

"မင်းကို သွားတွေ့ရုံ တွေ့နိုင်းတာ၊ အလကား ပလီစိခြောက်ချက်နဲ့ကောင်၊ တွေ့ရုံလေးတွေ့ပြီး စကားပြော ရုံပဲဥစ္စာ၊ မင်းအသား ပဲ့ပါသွားတာမှမဟုတ်ဘဲ၊ မင်းမသွားရင် တစ်ဖက်ကို ငါ မျက်နှာပျက်ရမယ်"

"ကျွန်တော် မသွားဘူး"

"ငါ မင်းလာတွေ့လိမ့်မယ်လို့ ပြောထားပြီးပြီ၊ မှသွားလို့ မရဘူး"

"မသွားချင်ဘူးဆိုဗျာ"

"မသွားရင် မင်း တစ်လစာ မုန့်ဖိုးဖြတ်မယ်"

အဖေ့ရာဇသံက ပြင်းလှချည်လား။ တစ်လစာမုန့်ဖိုး ကိုပေးတာတောင် သက်ငြိမ်မှာ မလောက်င။ ထူးချွန်ဆီက ချေးရတာတစ်မျိုး၊ ကိုမြတ်ကြီးနှင့် ကျော်ဇောဆီက ငှားရတာ တစ်ဖုံဖြင့် လည်လည်ပတ်ပတ်မရှိလှ။

"ကိုငြိမ်ကလည်းဗျာ၊ မျက်နှာသွားကြည့်ပြီး ပြန်လာ လည်း ရတာပဲဥစ္စာ၊ ဒီလောက် အဖြစ်သည်းမနေစမ်းပါနဲ့၊ ဓာတ်ပုံ ကြည့်ပြီးပြီလား၊ ချစ်စရာလေး"

ညီလုပ်တဲ့သူက အနားလာပြီး သူ့ကို ပြောင်လှောင် နိုင်သေးသည်။ ဓာတ်ပုံကိုကြည့်ဖို့ ပထမ လှမ်းယူလိုက်သေး





သည်။ လက်ထဲရောက်ပြီးမှ မကြည့်ချင်၍ ပြန်မှောက်ထား လိုက်သည်။

ဓာတ်ပုံထဲမှာ လှတယ်ဆို လှအောင်ပြင်ထားပြီး ဓာတ်ပုံ ဆရာကောင်းကောင်းနှင့် ရိုက်ထားတာပဲဖြစ်ရမည်။

"ကျွန်တော်က အလတ်ပဲဥစ္စာ၊ ကျွန်တော့်ထက်ကြီးတဲ့ အစ်မကျတော့ ဒီတိုင်း နေနိုင်းပြီးတော့ အဖေက မျက်နှာ လိုက်တယ်"

"သမီးမိန်းကလေးက အိမ်နေပြီး ဘာဒုက္ခမှမပေးဘူး၊ ယောကျာ်းလေးကသာ အိမ်ထဲနေပြီး ပြဿနာပေါင်းစုံ ခေါ် လာတာ၊ မင်းကို ဘယ်သူမှ ချက်ချင်းမပေးစားဘူး၊ သွား တွေ့ကြည့်ရုံလေးပဲ နိုင်းတာ၊ သွားကြည့်၊ စကားပြောကြည့်၊ ဒါပဲနိုင်းတာ"

"ကျွန်တော် တစ်ယောက်တည်းလား"

"မင်း တစ်ယောက်တည်း မသွားရဲရင် ညီလေး ခေါ်သွားနေချ..."



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး နေ့လယ် လာတွေ့မယ်ဆိုတာ ကြားကတည်းက ရွှေလပြည့်မှာ ထွက်ပြေးစရာ နေရာမရှိသော အိမ်ထဲမှာ စိတ်ပျက်လက်ပျက်ဖြင့်သာ ငိုင်နေမိတော့သည်။

သူကလည်း ကိုယ့်ကို ဝယ်မည့် နွားတစ်ကောင်လို လာစစ်ဆေးကြည့်ရှုတာမျိုး မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ လာကြည့်မယ် ဆိုကတည်းက ကိုယ့်ဘက်က တော်တော်ကြီး အောက်နေပြီ။ သူလာရင် ဘယ်လိုပြောရမလဲ။ ဟုတ်ကဲ့၊ ကျွန်မက ဗိုင်းကောင်းကျောက်ဖိလေးပါ၊ ရည်းစားဆိုလည်း ရင်ဖိုတောင်မသန်းဖူးတဲ့ အပျိုစင်လေးပါ။ အဲသလိုမျိုး မပြောပေမယ့် ပြောသည့်ပုံစံမျိုးဖြစ်အောင် သူ့ရှေ့မှာ နေပြရမလား။ ဒါမှမဟုတ် ငါ့အဘွားကြောင့် တွေ့တာ၊ နင့်ကို ကြိုက်လွန်းလို့တော့ မမှတ်နဲ့လို့ ပြောရမလား”

သူကရော ဘယ်လိုလူမျိုးလဲ။ မိဘသဘောကျတာလေးကိုပဲ ယူမယ်ဆိုပြီး မျက်လုံးစုံမှိတ်နေတဲ့ လူလား။





ဒါမှမဟုတ် ရုပ်ဆိုးပြီး ကြည့်ရဲရာမရှိအောင် ရုပ်အဆင်းချို့တဲ့လှတာမို့ သဘောထားမှာ ပိုဖြူပြီး စိတ်ဓာတ် ပြည့်ဝပါတယ် ဆိုတာမျိုးလား။

ရုပ်ဆိုးလို့ကတော့ လုံးဝပဲ။ ဘယ့်နှယ် တစ်သက်လုံး ရုပ်ဆိုးဆိုးကြီးနဲ့ အတူတူနေရမှာ။

ရုပ်မဆိုးဘဲ ရုပ်လှပြီး စိတ်ဓာတ်က မကောင်းရင်ကော။ နိုင်ထက်စီးနင်း မျက်လုံးများဖြင့် ရက်စက်တတ်သောစိတ်မျိုး ရှိနေရင်တော့ မဖြစ်ချေဘူး။

သူဟာ ဘယ်လိုလူမျိုးလဲဆိုတာ ရွှေလပြည့်အတွက် ခဏပဲ အရေးကြီးတာပါလေ။ ဘာပဲဖြစ်ဖြစ် လုံးဝမယူနိုင်ဘူး ဆိုတာမျိုးပဲ အဘွားကို ပြောဖြစ်မှာ သေချာသည်။

သက်ငြိမ်ကို ခဏလေးသတိရခိုက်မှာတော့ ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်ရသည်။ သူရော အခု ဘာတွေလုပ်နေမလဲ။

“ညှော်သည်လာပြီ”

အဘွားအသံ ကြားတာနှင့် ဟိုလူပဲ ဖြစ်မည်ဆိုတာ တန်းသိသည်။ ဆိုဖာပေါ်ကနေ မထသေးဘဲ မဂ္ဂဇင်းတစ်အုပ်ကို ဆွဲယူလျက် စိတ်ပါဝင်စားစွာ ဖတ်ချင်ဟန် ဆောင်နေလိုက်သည်။

“လာ...သား။ ဪ... ညီလေးလည်း ပါလာတာကိုး”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



လူကိုမမြင်သေးဘဲ ဟုတ်ကဲ့အသံကြားရုံဖြင့် ရွှေလပြည့်သည် ထိုလူလည်း ဒီကို မလာချင့်လာချင်ဖြင့် လာရသည်ဟု သိလိုက်သည်။

"ထိုင်... သား၊ ဒါ အဘွားမြေးပဲ"

သက်ငြိမ်မှာ လူငယ်ချင်း နှစ်ယောက် တွေ့နိုင်အောင်ဘွားအေက စောင့်ပေးသော မိနစ်ကလေးဟာ သူ့ကို ခုထိမော့မကြည့်သေးဘဲ စာကိုသာ မဲသဲဖတ်နေတာကို အမြင်ကတ်သွားရသည်။ ဖတ်နေသောစာအုပ်အဖုံးကို ကြည့်မိတော့ ပြောင်းပြန်ကြီး။ မျက်နှာကို မော့ဖို့အရေးတောင် မမော့ချင်မော့ချင်ဖြင့် မော့...

"ဟာ..."

"သက်ငြိမ်... နင် ဘာလာလုပ်... အဲ... နင်က ဟိုလူလား"

"နင်ကရော... နင်ကလည်း..."

နှစ်ယောက်သား စကား ထစ်အ,စွာဖြင့်။ သို့သော် အကုန်လုံးကို ခဏအတွင်း နားလည်လိုက်သလို ရှိသည်။

"သမီးနဲ့သားက သိပြီးသားလား"

"ဟုတ်ကဲ့"

နှစ်ယောက် ပြိုင်တူ ဟုတ်ကဲ့မိပြန်ပြီ။

"ဒါဆို စကားပြောနှင့်ကြဦး၊ အဘွား သားတို့စားဖို့ လက်ဖက်သုပ် သွားယူလိုက်ဦးမယ်"

❦ ❤ ❦





"နင့်ကို ငါဆက်သွယ်တာ ဘာလို့ တစ်ခုမှ ပြန်အဆက်အသွယ် မလုပ်တာလဲ"

"မလိုဘူးလို့ ထင်လို့"

"ဒါဖြင့် ဒီကိစ္စကို နင်က ကြိုသိပြီးသားပေါ့"

"နင်မှန်းမသိပါဘူး။ နင့်ကိုမတွေ့ချင်တာ ငါ့အကြောင်းနဲ့ ငါပါ၊ ဒါနဲ့ နင်အခု ဘာလာလုပ်တာလဲ"

"ဘာလာလုပ်တာလဲဆိုတော့ ဒီကိုမလာရင် ငါ့အဖေက ငါ့မုန့်ဖိုး တစ်လစာဖြတ်မယ်ဆိုလို့၊ နင်မှန်း လုံးဝကိုမသိတာ၊ ထူးဆန်းတယ်နော်"

"အင်း..."

သက်ငြိမ်မှာ ဘာဆက်ပြောရမှန်းမသိ။ ရွှေလပြည့်မျက်နှာကို မြင်လိုက်တာနှင့် ရယ်ချင်သလိုလို ခံစားချက်ကြီးကလည်း ပေါ်လာသေးသည်။ သူလည်း ကိုယ်မှန်းမသိခင်ကတော့ ဘယ်လောက်များ စိတ်ပိန်လိုက်မလဲလို့၊ စာအုပ်တောင် ပြောင်းပြန်ကိုင်ပြီး ဖတ်ရတဲ့အထိ စိတ်မဝင်စားတာသာ ကြည့်တော့။ မတွေ့ခင်ကတော့ စိတ်ထဲ ကျပ်တည်းနေသလောက် သူလေးမှန်း သိတာနဲ့ အဖေ့ကို ကျေးဇူးတင်၊ အင်း... ကျေးဇူးတင်လို့ မကောင်းပါဘူးလေ။ အခြေအနေက သွားကြည့်ရုံအဆင့်ပဲ ရှိသေးတာ။

"ဒါနဲ့ ဒွေးမယ်နော်နဲ့ရော တွေ့သေးလား"

"ဖုန်းတော့ ပြောဖြစ်တယ်၊ ဘာလို့မေးတာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒီလိုပါပဲ၊ ရွှေ ငါ့ဆီ လက်ဆောင်တွေပို့တာ"

"ငါ သိပြီးပြီ"

"ဟုတ်လား"

"နော် သူ ငါ့ကို အကုန်ပြောပြပါတယ်"

"နှင့်သူငယ်ချင်းက စိတ်ကူးယဉ်တယ်နော် ရွှေ"

"နှင့်ကို ကြီးကြီးကျယ်ကျယ် ဘာမှမထိနိုက်ဘူးမို့လား။ ဒါဆိုရင် ပြီးတာပဲ၊ ငါ့ရှေ့မှာ ငါ့သူငယ်ချင်း သိက္ခာကို မချပါနဲ့ သက်ငြိမ်၊ နှင်က စိတ်ကူးယဉ်တယ်လို့ ပြောရအောင် နှင်မှ မခံစားဖူးဘဲကိုး၊ တိတ်တဆိတ်လုပ်ရတဲ့ ဒုက္ခရယ်၊ ကြည်နူးမှုရယ်၊ အဲဒီနှစ်ခုထဲနဲ့တင် သူ့ဒုက္ခတွေ လုံလောက်နေပြီ၊ ဘာမှပြန်မရလည်း ကျေနပ်တတ်နေတဲ့လူတစ်ယောက်ကို မပေးဘူး၊ မပေးနိုင်ဘူးလို့ ငြင်းတာမျိုးက လူဆန်သလား။ လျှော်တာမျိုးက လူဆန်သလား"

"ရွှေ ငါပြောတာ အဲဒီသဘောနဲ့မဟုတ်..."

"နှင် မသိချင်ဟန် ဆောင်ပေးလိုက်လို့ ရပါတယ် သက်ငြိမ်၊ နှင့်အတွက် မထိနိုက်ပါဘူး"

"နှင်က သူငယ်ချင်းကောင်း တစ်ယောက်ပဲ၊ ကိုယ့်သူငယ်ချင်းကို ကာကွယ်ချင်စိတ်ရှိတာ ငါ လက်ခံပါတယ်၊ ဒါပေမယ့် ငါ သူ့ကို တောင်းပန်ဖို့ မလိုဘူး"

"နှင့်ကို ဘယ်သူက တောင်းပန်ခိုင်းလို့လဲ၊ အခုဆို နှင်သိလား၊ တို့နှစ်ယောက်ကြားမှာ နှင်က တံတိုင်းတစ်ခုလိုပဲ



အခြေအနေတွေက အရင်လိုပြန်ဖြစ်အောင် မနည်းကြိုးစားနေရတယ်"

"ဒါဆို နှင်က ဘယ်လိုဖြစ်စေချင်တာလဲ"

"နော့်ရင်ထဲမှာ ငါ့ကို ခလုတ်ကန်သင်းတစ်ခုလို့ မမြင်စေချင်ဘူး သက်ငြိမ်၊ တစ်သက်လုံး သူနဲ့ သူငယ်ချင်းဖြစ်ချင်တယ်၊ လူတစ်ယောက်ကြောင့် စိတ်ဝမ်းကွဲရတာမျိုး မလိုချင်ဘူး၊ သူ့မှာ သူများကို နစ်နာစေချင်တဲ့စိတ်မျိုး မရှိလောက်ဘူးလို့ ငါ ယုံချင်ပါပြီ၊ အရင်တုန်းက သူ့အပေါ်မှာ အမြင်စောင်းခဲ့တာတွေလည်း ငါ့ရင်ထဲမှာ မရှိတော့ဘူး၊ ငါတို့ လက်တွေ့ကျကျပဲ ရင်ဆိုင်ကြရအောင် သက်ငြိမ်၊ နှင့်ကို လက်ထပ်သင့်တဲ့ လူတစ်ယောက်လို့ ငါမထင်သေးဘူး၊ အဘွားက တွေ့ရုံလေးတင်ဆိုလို့ ငါတို့နှစ်ယောက် အခြေအနေက လူကြီးတွေကြောင့် မပြောင်းလဲနိုင်တာ နှင်သိထားသင့်တယ်"

"နှင့်ကိုကြည့်ရတာ သနားစရာကောင်းလိုက်တာ ရွှေကောင်းပြီ... နှင်ပြောသလိုပဲ လက်တွေ့ကျကျပေါ့၊ ငါလည်း နှင့်ကို တွေ့ချင်တာ ဒွေးမယ်နော်ကိစ္စကို ရှင်းချင်တာပါ၊ ငါ့ကို အရှုံးလုပ်တာပဲဖြစ်ဖြစ် မဖြစ်ဖြစ် ငါ နှင့်စိတ်တိုင်းကျ နေပေးပါ့မယ်၊ မသိချင်ဟန် ဆောင်ပေးပါ့မယ်၊ ဒါပေမယ့် နှင် ခေါင်းညိတ်တဲ့အခါ နှင့်နား ငါ အပြေးရောက်လာခဲ့မှာ၊ လူတစ်ယောက်ရင်ထဲကို အမိန့်တွေ ထည့်ပေးလို့ရဘူး ဆိုတာတော့ နှင် မှတ်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



သက်ငြိမ်ကို ဘယ်လောက်ကြီးပဲ ရှောင်ရှားပါစေ ကံကြမ္မာကိုတော့ ရှောင်လို့ရတာ မဟုတ်။ ရွှေစိတ်ထင် ဒီတစ်သက် သူနဲ့ဘယ်တော့မှ ပြန်မတွေ့ကြဘူးထင်နေတာ၊ အံ့သြစရာ။ သူက အိမ်ထိကို ရောက်လာခဲ့ပြီ။

"ရွှေ့ကို နားလည်ပေးလို့ ကျေးဇူးတင်ပါတယ် သက်ငြိမ်"

"ရပါတယ်... ငါ မန္တလေးရောက်ခဲ့သေးတယ်၊ နင်တို့ ရန်ကုန်ဆင်းသွားတဲ့နေ့က ငါ ရောက်သွားတာ၊ နင်တို့ အုတ်နံရံပေါ်မှာ ငါ နေ့စွဲနဲ့ စာနည်းနည်း ရေးခဲ့သေးတယ်၊ နင်ပြန်ရင် ရှာကြည့်လိုက်လေ"

"ရန်ကုန်နဲ့မန္တလေးကို နင် စိတ်ထင်တိုင်းသွားတာ မပင်ပန်းဘူးလား၊ ရန်ကုန်နဲ့ဒလ မဟုတ်ဘူး"

"ငါသိပါတယ်၊ ဒါပေမယ့် တွေ့ချင်နေတာ ဘယ်လို လုပ်ရမလဲဟာင်၊ ရွှေ ငါ အရမ်းတွေ့ချင်နေတာကွာ၊ ငါ ဒီတိုင်းနေလို့မရတော့တာ၊ နင် သင်္ကြန်ဆင်းလာမယ်ဆိုတာ လည်း သေချာတာမဟုတ်ဘူး၊ ဒီတော့ လိုက်တွေ့တာက အကောင်းဆုံးပဲ"

"မတွေ့ရတော့ နင် ပင်ပန်းတာပေါ့"

"အခု တွေ့ရပြီပဲ၊ ဘာပဲဖြစ်ဖြစ် ငါ ကျေနပ်ပါတယ်"

"ဒါနဲ့ ထူးချွန်ရော..."





"ထူးချွန်လည်း မန္တလေး လိုက်လာသေးတယ်၊ နင် ရန်ကုန်မှာ ဘယ်လောက်ကြာဦးမှာလဲ"

"ငါ့အဘွားသဘောပဲ"

"ဒါဆို နင့်အဘွားက အခုသေဆို နင်သေမှာလား"

"စကားကို ကတ်မပြောနဲ့၊ ငါက အဘွား လက် အောက်မှာ နေရတာ၊ လူကြီးသူမ ဆိုတာ အရေးတော့ ထားရတာပဲ"

"တော်သေးတာပေါ့၊ ငါ့နေရာမှာ အသားမည်းမည်း၊ သွားခေါ်ခေါ်၊ အသက်ကြီးကြီးဆို နင်တော့ ဒုက္ခပဲ"

"အို... ငါ့ကံက အဲဒီလောက် မဆိုးပါဘူး"

"လူကြီးတွေကတော့ တို့နှစ်ယောက်ကို အဆင်ပြေ နေပြီ ထင်မှာ"

"အချိန်တစ်ခုတော့ စောင့်ရမှာပေါ့"

သက်ငြိမ်သည် အစောပိုင်းက ရယ်ချင်စိတ်တွေ ပျောက် လွင့်လျက်။ အဲဒီအချိန်ဆိုတာ ဘယ်လောက်ကြာမယ်မှန်း တွက်ဆကာ ရင်လေးလာသည်။ ဒွေးမယ်နော်နဲ့ အဓိက သက်ဆိုင်နေတာမို့ ဒွေးမယ်နော် ချစ်သူရပြီးချိန်လည်း ဖြစ်နိုင် သည်။ ထူးချွန်နဲ့ကတော့ မမျှော်လင့်နိုင်။ ဒီလောက် ဒုက္ခခံ လိုက်နေတာသိလည်း တစ်ချက်ကလေး မငဲ့ညှာတဲ့နောက် တော့ ဒီတစ်သက် မထင်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ့ကိုတော့ ပိုလေးစားရသည်။ မိန်းကလေးသူငယ်ချင်းကိုတောင် ဒီလောက်ထိ အလေးထား တွယ်တာတတ်မှတော့ ရွှေသည် ချစ်သူအပေါ်တွင်လည်း ဖြောင့်မတ်မှန်ကန်မယ့် မိန်းကလေးမျိုး ဖြစ်သည်။

❧ ❤ ❧

"နင့်ကို မပြောဘဲနေရင် ငါ မတရားရာ ကျရာမိမယ်၊ ဒါကြောင့် ပြောပြတာ၊ ငါ့အသွား သဘောတူတဲ့ လူက သက်ငြိမ်ပဲ"

"ဒါဆို ငါ့တဲ့ရေဒ်က မှန်သားပဲ၊ ဒီလောက် တိုက်တိုက်ဆိုင်ဆိုင်"

"အဆုံးသတ်က မဆုံးဖြတ်ရသေးဘူးနော်"

"ဘာပဲဖြစ်ဖြစ် နင်ပျော်မှာပဲ ငါ သိတယ်"

"နင် ဘယ်လိုသဘောရလဲဟင်"

"ဒါ ကံကြမ္မာက စီစဉ်ပေးတဲ့ ဖူးစာပဲ ရွှေ ငါ့ကြောင့်ဆိုတာမျိုး တွေးပြီး တစ်ခုခုကို မဆုံးဖြတ်မိပါစေနဲ့ဟာ၊ သက်ငြိမ်ပျော်ရင် ငါလည်း ကျေနပ်နိုင်ပါတယ်၊ ငါ သိပ်အရူးကြီးနေလို့ မဖြစ်ဘူးလေ၊ အခြေအနေ အချိန်အခါတွေက ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ နင်နဲ့သူက သူစိမ်းမှမဟုတ်တာ ငါ့ရဲ့ အချစ်ဆုံးလူတွေလေ၊ ငါ ကျေနပ်ပါတယ်"





ဖုန်းချလိုက်ပြီးသောအခါ နော်သည် ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ် ပစ်လှဲချလိုက်သည်။ အာရုံထဲတွင် The fool ကတ်။ နော့်ရဲ့ အကြံအစည်တွေ ချွတ်ယွင်း တိမ်းစောင်းမယ်ဆိုတာ နော် ကြိုသိခွင့်ရခဲ့ပေမယ့် ကိုယ့်ကိုယ်ကို မသိနိုင်ခဲ့။

အဲဒါဟာ ကံကြမ္မာပဲ၊ နော့်မှာ အရှုံးများကို ခံစားရင်းကြေကွဲနေဆဲမို့ ထူးပြီး မခံစားနိုင်တော့။

မိုးသံဖြောက်ဖြောက်ကို စကြားရသည်။

ပြတင်းမှန်ကို ဖွင့်လိုက်သောအခါ မိုးစက်သံက ပိုကျယ်လာသည်။ သကြီနီမိုးပေါ့... ဟင့်အင်း... မဟုတ်ဘူး။ ဒါ... ရေခဲမိုး။

ရှင်သန်ဆဲ အချစ်တစ်ခုကို ရေခဲ၍ သတ်လိုက်သောမိုး။

မိုး ဘာကြောင့်ရွာသလဲ...။

စာထဲမှာတော့ လေဖိအားနည်း ရပ်ဝန်း ကွာခြားချက်ကြောင့် တိမ်တွေ ငွေ့ရည်ဖွဲ့ပြီး ရွာသွန်းသတဲ့။

မိုးနတ်သားက မိုးဝတ်ရုံကိုခြုံပြီး တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းကို ကူးသန်း ပြေးလွှားလေသောအခါ မိုးရွာကျသတဲ့။

နော့်မျက်နှာကို မိုးစက်တို့ လာထိတွေ့နေကြသဖြင့် အေးလာသည်။

လေပါ အနည်းငယ် ကြမ်းချင်သလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကိုချစ်ရတာ ဒီလောက် ကြေကွဲစရာကောင်းမယ်မှန်းသိရင် မချစ်ခဲ့ပါဘူးကွယ်။

ခုတော့ နော်ဟာ တာဝန်ဝတ္တရားရှိသူတို့ ထုံးစံအတိုင်း ကိုယ့်နှလုံးသားကို သင်္ဂြိုဟ်ခံရတာကို ပြုံး၍အားပေးနေရသူ။

မတတ်သာလွန်းလို့သာ နော် ပြုံးနေရပေမယ့် ရင်ထဲကအနာကိုတော့ ပျောက်ကင်းဖို့ ရတ်တရက် မလွယ်ကူလှ။

မိုးသံသည် အနည်းငယ် ပို၍ကြမ်းတမ်းလာသည်။ ပြတင်းတံခါးနှင့် ဘောင်သည်ပင် ထိခတ်မိ၍ အသံကျယ်ကျယ်ထွက်သွားသေးသည်။

ချစ်ခဲ့မိတာကိုက အမှားပါကွယ်။

နော်ဟာ မချစ်သင့်တဲ့ လူတစ်ယောက်ကိုမှ ချစ်ခဲ့မိတာ။

အဲဒီအတွက် နော် ဒီလောက်တော့ ပူလောင်စွာခံစားရမှာပဲ"

ကံကြမ္မာကို ကြိုတင်နိမိတ်ဖတ်ခွင့် ရပေမယ့် ပြောင်းလဲပြင်ဆင်နိုင်ခွင့် နော့်မှာမရှိ။ ဒီအတွက် နော် ဘယ်အရာကိုမှ အပြစ်မတင်လိုတော့ပါ။

အပြင်ဘက်တွင် မိုးသည် သည်းထန်စွာ ရွာသွန်းလျက်ရှိသည်။

မြလွန်းချို(ဆေးတက္ကသိုလ်)



www.burmeseclassic.com